# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၇)


# ရခိုင်ပြည်နယ်တွင် ယနေ့ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရခိုင်ပြည်နယ်တွင် ယနေ့ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထုတ်ပြန်ကြေညာချက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်**

ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့များအပေါ် အကြမ်းဖက်သမားများ၏ ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချပါသည်။

စိန်ခေါ်မှုအများအပြားကို ရင်ဆိုင်ရာတွင် သတ္တိရှိရှိ ရှပ်ရှပ်ချုံချုံတာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ နိုင်ငံအတွက် အသက်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း တစ်သားတည်း ရပ်တည်လျက်ရှိပြီး ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာထုတ်ပြန်မှုနှင့် အချိန်ကိုက်၍ တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ်ရာ ရှိသည်ကို ယခင်ကတည်းက ကြိုတင်မှန်းဆထားသည့်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလည်း ညွှန်ကြားချက်များ ပေးထားခဲ့ပါသည်။

ယနေ့တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုတို့အတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ယုတ်လျော့သွားစေရန် ဦးတည်ချက်ရှိရှိ စနစ်တကျ စီမံဆောင်ရွက်နေသည့် လုပ်ရပ်များဖြစ်သည်မှာ ထင်ရှားနေပါသည်။ အစွန်းရောက်အကြမ်းဖက်သမားများ၏ ရက်စက်ပြင်းထန်သည့် လုပ်ရပ်များကြောင့်


စာမျက်နှာ ၃ ကော်လံ ၁ ❁




ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်နေမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပစဉ် (သတင်းစဉ်)

# ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်နေမှုကိစ္စရပ်များအပေါ် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ လူကိုယ်တိုင်လာရောက်၍ ယနေ့နံနက်စောစောပိုင်းက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနေမှုအခြေအနေများကို တင်ပြခဲ့သည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)နှင့် ဆက်သွယ်ကာ လိုအပ်သော လုံခြုံရေးတပ်ဖွဲ့များ ထပ်မံဖြည့်တင်းရေးကိစ္စ၊ ရဟတ်ယာဉ် သုံးစွဲရေးကိစ္စတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည်လည်း နိုင်ငံတော်သမ္မတထံ အခြေအနေကို ဆက်သွယ်သတင်းပို့ခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နိုင်ငံတော်သမ္မတအိမ်တော်၌ မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံကာ ရခိုင်ပြည်နယ် လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိရောက်စွာကာကွယ်စောင့်ရှောက်ရန်နှင့် အကြမ်းဖက်သမားများအား ထိရောက်စွာ နှိမ်နင်းရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။


စာမျက်နှာ ၃ ကော်လံ ၃ ❄





မြန်မာ့အလင်း

# ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်ကြပါစို့

လူထုအစိုးရသစ်လက်ထက်၌ စီးပွားရေးကျဆင်းသွားသည်ဟူသော ဝေဖန်ချက်တို့ကို မြင်တွေ့ကြားသိနေရပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထူးစီးပွားရေးအကြံပေးပုဂ္ဂိုလ် **Mr. Sean Turnell** က တိုင်းပြည်၏ပစ္စုပ္ပန်စီးပွားရေး အခြေအနေနှင့် ပတ်သက်၍ ဟောပြောပွဲတစ်ရပ် **(Myanmar's Economy 2017:Taming, Dragons,Finding Tigers)** ကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

**Mr. Sean Turnell** က လူထုအစိုးရသစ်တာဝန်လွှဲပြောင်းရယူချိန်၌ တိုင်းပြည်စီးပွားရေးအခြေအနေသည် ဒေဝါလီခံရသော အနေအထားသို့ ဦးတည်စေသော ခြိမ်းခြောက်မှုများရှိနေသည်ဟု ပြောဆိုခဲ့ခြင်းသည် ပစ္စုပ္ပန် စီးပွားရေးအခြေအနေကိုသုံးသပ်ရာ၌ ထည့်သွင်းသုံးသပ်ရမည့်အချက်တစ်ချက် ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တိုင်းပြည်၏ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၆ ရာခိုင်နှုန်းရှိသည်ဟူသောအချက်နှင့် အဆိုပါအချိန်ကာလ တိုင်းပြည်၏ ဘတ်ဂျက်လိုငွေသည် တိုင်းပြည်ထုတ်ကုန်တန်ဖိုး **(GDP)** ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟူသော အချက်တို့သည် ယှဉ်တွဲသုံးသပ်ရမည့်အချက်များဖြစ်သည်ဟုယူဆပါသည်။ ပို၍အရေးကြီးသည်မှာ အဆိုပါကာလ၌ တိုင်းပြည်၏ ဘတ်ဂျက်လိုငွေတို့ကို ငွေကြေးရိုက်နှိပ်ဖြေရှင်းခဲ့ခြင်းဖြစ်ပါသည်။ လူထုအစိုးရသစ်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ သာမန်အသုံးစရိတ်တို့ကို ဖြတ်တောက်၍ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု မှန်းဆထားသော ဘတ်ဂျက်လိုငွေကို ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းသည် ၇ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ လူထုအစိုးရသစ် အာဏာလွှဲမယူခင်ကာလ၏ အခြေအနေဖြစ်ပါသည်။ လူထုအစိုးရသစ် စတင်တာဝန်ယူသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကျဆင်းသွားသော်လည်း ၆ ဒသမ ၃ဟူသော ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကမ္ဘာ့ဖွံ့ဖြိုးနှုန်း အကောင်းဆုံးငါးနိုင်ငံစာရင်းဝင်သောနှုန်း ဖြစ်ပါသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)** က လက်ရှိဘဏ္ဍာရေးနှစ်၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၇ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟုမှန်းဆထားပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုကိုကြည့်ပါကလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ပထမလေးလတာကာလ၌ပင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်နေပြီဖြစ်၍ ဤဘဏ္ဍာရေးနှစ်၏ရည်မှန်းထားသော အမေရိကန်ဒေါ်လာ ၆ ဘီလီယံရရှိရေးမှာ အခြေအနေကောင်းနေပြီ ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ငွေကြေးဖောင်းပွနှုန်းကို မျှော်မှန်းတွက်ချက်ကြည့်ပါက ၆ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းအကြားမှာသာ ရှိမည်ဖြစ်၍ တိုးတက်မှုရရှိနေသော အခြေအနေကောင်းတစ်ရပ် ဖြစ်ပါသည်။

**Mr.Sean Turnell** က တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းတို့ကို ဟန့်တားချုပ်ကိုင်ထားသည့်နှစ်ပေါင်း ၅၀ ကြာဥပဒေတို့အား ဖယ်ရှားရှင်းလင်းရန်လိုအပ်နေသေးသည်ကို ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ ပိုမိုလွယ်လွယ်ကူကူဝင်ရောက်လာနိုင်ရေးအတွက် ဆောင်ရွက်စရာကိစ္စရပ်တို့ ရှိနေသေးသည်ကို အသိအမှတ်ပြုပြောကြားခဲ့ပါသည်။ ချုပ်၍ တင်ပြရမည်ဆိုပါက လူထုအစိုးရသစ်ရင်ဆိုင်နေရသော ပကတိ အခြေအနေတို့ကို အသိအမှတ်ပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အပြုသဘောကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ညီညီညွတ်ညွတ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်ဖြစ်သည်ကို လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၂၆-၈-၂၀၁၇(စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - **တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇း၀၀ - Breakfast News
၈း၃၅ - **စာပေဗိမာန်နှစ်(၇၀)ပြည့် အမှတ်တရစကားသံ**
Dr- သော်ကောင်း၊ မောင်ခင်မင်(ဓနုဖြူ))
၉း၁၀ - World of Innovations
၁၁း၁၅ - **အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့သော မြန်မာအမျိုးသား ဘောလုံးအသင်း**
၁၄း၁၅ - **(၂၉)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ (အမျိုးသား)**
- **(အကြိုဗိုလ်လုပွဲ)တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ထိုင်းအသင်းနှင့် မြန်မာအသင်း)**

**ညပိုင်း**

၁၆း၃၅ - ရှင်သန်နေသောအပြုံးများ
၁၈း၂၀ - **စာပေဗိမာန် နှစ် (၇၀)ပြည့်အမှတ်တရစကားသံ** (ညွန့်ဟံ(ကြူတော))
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **ငြိမ်းချမ်းရေးဂီတပွဲတော်ထုတ်လွှင့်မှုအစီအစဉ်** (စစ်တွေမြို့)
- **(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအစီအစဉ်**

# မွန်ဒေသထွက်ကုန်ပစ္စည်းများ အစုံအလင်ခင်းကျင်းပြသပေးနိုင်မည့် ဈေးသင်္ဘောတည်ဆောက်မည်




**မော်လမြိုင် ဩဂုတ် ၂၅**

မွန်ဒေသထွက်ကုန်ပစ္စည်းများ၊ ရိုးရာယဉ်ကျေးမှုအကအလှများနှင့် လက်မှုပစ္စည်းများကို တစ်နေရာတည်း၌ စုံစုံလင်လင်ခင်းကျင်းပြသထားပြီး အကြိုက်တွေ့ဝယ်ယူမည်ဆိုပါက ထုတ်လုပ်ရာပင်ရင်းအထိပါ လမ်းညွှန်ပေးနိုင်မည့် မွန်ယဉ်ကျေးမှု အငွေ့အသက်များစုဝေးတည်ရှိရာနေရာတစ်ခုအဖြစ် မော်လမြိုင်ကမ်းနားလမ်းတွင် ဈေးသင်္ဘောတစ်စင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

“မွန်ဒေသထွက် စားသောက်ကုန်၊ ထွက်ကုန်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသပေးထားပါတယ်။ “မိတ်အင်မွန်၊ မွန်ပြည်နယ်မှာထုတ်လုပ်တယ်” ဆိုတဲ့နာမည်နဲ့နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်အောင်ရည်ရွယ်ပါတယ်။ ဈေးသင်္ဘောဆိုတော့ လူအများစိတ်ဝင်စားမှုပိုရှိမယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတာနဲ့အမျှ ပြည်ပခရီးသွားဧည့်သည်တွေအတွက် မွန်ဒေသရဲ့ ပြယုဂ်တစ်ခုဖြစ်လာနိုင်ဖို့ ဒီသင်္ဘောကနေ လမ်းညွှန်ပေးနိုင်မယ်။ တစ်နေရာတည်းမှာပဲ မွန်ဓလေ့ရိုးရာတွေကို ခံစားရစေနိုင်ပါမယ် ” ဟု ဈေးသင်္ဘောဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပြည်နယ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးဟောက်ကျင်မုန်က ပြောသည်။

ဒေသခံပြည်သူများကို ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကန်ဒေါ်လာ သုံးသန်းကူညီပေးထားရာအဆိုပါအကူအညီမှ ဈေးသင်္ဘောတည်ဆောက်ရေးအတွက် ကန်ဒေါ်လာငါးသိန်းလျာထားပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်မည်ဖြစ်ကာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်အကောင်အထည်ပေါ်လာမည်ဟု သိရသည်။

လူဦးရေ ၈၀ ကျော်ကို တိုက်ရိုက်အလုပ်အကိုင်ရရှိစေမည့် အဆိုပါဈေးသင်္ဘောသည် အလျား ၈၈ပေ၊ အနံ ၃၅ပေ ရှိမည်ဖြစ်ကာ မွန်မြန်မာတေးဂီတအကများကိုလည်း ရှုစားနိုင်သော၊ အထိမ်းအမှတ်ပွဲများကို လက်ခံကျင်းပတင်ဆက်ပေးနိုင်သော နေရာအခင်းအကျင်းများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ဈေးသင်္ဘောတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**မြတ်မွန်ထွေး**
**(မြန်မာ့အလင်း)**

ထင်သာမြင်သာပြုပြင်စရာ

# ပြင်ဦးလွင် ဂန္ဓာမြိုင်ပန်းခြံအတွင်း ဆိုင်ကယ်များစီးနင်းဝင်ရောက်လျက်ရှိနေသဖြင့် အပန်းဖြေသူများအခက်တွေ့

ပြင်ဦးလွင်မြို့ဂန္ဓာမြိုင်ပန်းခြံကို ကန်တော်ကြီးနှင့်ကန်တော်လေးသဘာဝရေထွက်ကန်ကြီးများအနီး ရပ်ကွက်ကြီး ၆ မြို့ပတ်လမ်းဆုံ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံတည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ဂန္ဓာမြိုင်ပန်းခြံသည် မြို့နှင့်မကွာဝေးခြင်း၊ သွားလာရလွယ်ကူခြင်း၊ မည်သူမဆိုလွတ်လပ်စွာ အခမဲ့ဝင်ရောက်အပန်းဖြေနိုင်ခြင်း၊ ကလေးငယ်များဆော့ကစားရန်နေရာနှင့် ကျန်းမာရေးကိရိယာများ ရှိနေခြင်း၊ ညအခါရောင်စုံမီးများ ထွန်းညှိပေးထားခြင်းစသည့် အကြောင်းအချက်တို့ကြောင့် မိသားစုဝင်များသည်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများသည်လည်းကောင်း၊ ကလေးငယ်များသည်လည်းကောင်း နေ့စဉ်လာရောက်အပန်းဖြေလျက်ရှိနေပြီး ပျော်ရွှင်စွာဆော့ကစားလေ့ရှိကြကြောင်း သိရသည်။

သို့သော်လည်း အဆိုပါပန်းခြံအတွင်းအုပ်စုဖွဲ့၍ အရက်သေစာများဝင်ရောက်စားသောက်နေခြင်း၊ အော်ဟစ်ဆူညံနေခြင်းတို့အပြင် ပန်းခြံအတွင်း ဆိုင်ကယ်များဝင်ရောက်စီးနင်းနေခြင်းတို့ကြောင့် ပန်းခြံလာအပန်းဖြေ ဆော့ကစားကြသူများ စိတ်အနှောင့်အယှက်ဖြစ်၍ အခက်တွေ့ကြုံနေရကြောင်း သိရသည်။



**သက်နိုင်(ပြင်ဦးလွင်)**

## မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**သထုံ ဩဂုတ် ၂၅-** သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ပုတိန်ရိုး)ဖော်ဖကျေးရွာ၌ ဩဂုတ် ၂၄ ရက်က မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ဟောပြောလျက်ရှိသည်။ ထိုသို့ ဟောပြောရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက မှုခင်းပညာပေးပြခန်းယာဉ်အတွင်းရှိ လူကုန်ကူးခံရမည့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ်များ၊ ယာဉ်မတော်တဆမှု အမှား/အမှန်သရုပ်ပြကွက်များအစရှိသည့် မှုခင်းအသိပညာပေးအကြောင်းများကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၅-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၅ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ | ·၆၃ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ·၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၃၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအား တွေ့ဆုံ

# မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ - ဗီယက်နမ်နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်နှင့် ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Luan Thuy Duong လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

---



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Panel on Climate Change (IPCC) ဥက္ကဋ္ဌဟောင်းနှင့် Energy Farm International Foundation ဥက္ကဋ္ဌ Dr.R.K. Pachauri အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Panel on Climate Change ဥက္ကဋ္ဌဟောင်းနှင့် Energy Farm International Foundation ဥက္ကဋ္ဌအား တွေ့ဆုံ

# ကျေးလက်ဒေသများ၌ လျှပ်စစ်ဓာတ်အားရရှိရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် International Panel on Climate Change (IPCC) ဥက္ကဋ္ဌဟောင်းနှင့် Energy Farm International Foundation ဥက္ကဋ္ဌ Dr.R.K. Pachauri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဒီရေတောများ ထိန်းသိမ်းရေး၊ ကျေးလက်ဒေသများ၌ လျှပ်စစ်ဓာတ်အားရရှိရေး စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

---

❀ *ရှေ့ဖုံးမှ*

မိမိတို့၏လုပ်ငန်းများ ယိမ်းယိုင်သွားမည်မဟုတ်ပါ။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ အရေးကိစ္စများကို လက်တွေ့ကျပြီး ရေရှည်တည်တံ့သည့်ဖြေရှင်းချက်များဖြင့် ထိထိရောက်ရောက်ဖြေရှင်းသွားမည်ဟု ခိုင်မာသည့် သန္နိဋ္ဌာန်ထားရှိပြီးဖြစ်ပါသည်။ ယမန်နေ့က ထုတ်ပြန်လိုက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အစီရင်ခံစာ၏ အပြုသဘောဆောင်သည့် ချဉ်းကပ်ရပ်တည်မှုကို ကြိုဆိုပါသည်။

ယနေ့ဖြစ်ပွားသည့် တိုက်ခိုက်မှုများအား ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်မှ ပြင်းထန်စွာ ရှုတ်ချကြောင်း ကြေညာချက်ကို ကြိုဆိုကြောင်း ထုတ်ပြန်အပ်ပါသည်။

## မုတ်သုံလေအားကောင်းမည်

**နေပြည်တော်  ဩဂုတ်  ၂၅**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။ **(မိုး/ဇလ)**

---

❄ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် မွန်းလွဲ ၃ နာရီခွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (နေပြည်တော်) ၌ အစည်းအဝေး ခေါ်ယူကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီမှ စတင်၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းများ၊ အခြေစိုက်စခန်းအများအပြားကို တစ်ပြိုင်နက်တည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပုံ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများ၊ ပိတ်ဆို့ ခြင်းခံထားရသော အရပ်သား ပြည်သူများအား ကယ်ထုတ်ရန် လိုအပ်သည့်အခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တုံ့ပြန်ဆောင်ရွက်နေရသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အစိုးရ၏ မြေပြင်အခြေအနေ တင်ပြချက်များ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ဒေသခံ ရပ်သူ/ရွာသားများ၏ လုံခြုံရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးရန် အသေးစိတ်လမ်းညွှန်မှုများ ပြုလုပ်ပေးခဲ့သည်။ ပြည်နယ်အစိုးရထံသို့လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

ယခုအခါတွင် အဆိုပါ ဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားကို လက်ရှိရှိသည့်အင်အားထက် တိုးမြှင့်တာဝန်ချထားရေးတို့ကိုဆောင်ရွက်ပေးထားပြီး တပ်မတော်မှလည်း တပ်ဖွဲ့အင်အားဖြည့်တင်းကာ ဒေသခံပြည်သူတို့၏ လုံခြုံရေးကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးရန် အစီအမံများ ပြုလုပ်ပေးပြီးဟု သိရှိရသည်။

ထို့အပြင် မောင်တောမြို့နယ် ခမောင်းဆိပ်မြို့၊ တောင်ပြိုလက်ဝဲမြို့နှင့် မြင်းလွတ်မြို့တို့၌ ပိတ်မိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ အရာထမ်း တစ်ဦး အသက်ဆုံးရှုံးခဲ့သည်။ အကြမ်းဖက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမား ၇၇ ဦးကို အသေဖမ်းဆီးရမိခဲ့ပြီး နှစ်ဦးကို အရှင်ဖမ်းမိခဲ့သည်ဟု သိရှိရသည်။

ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စောင့်ရှောက်ကာကွယ်ရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ အကြမ်းဖက်သမားများအား ထိရောက်စွာ နှိမ်နင်းရေးကိစ္စတို့ကို နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ကြီးကြပ်ကွပ်ကဲဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ် ဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်ပေးလိုက်သော ခရီးစဉ်အဖြစ် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူ

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်သမ္မတရုံး၊ ဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။

ထို့ပြင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတည်ထောင်ခြင်း ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတည်ထောင်ခြင်း ပူးတွဲကြေညာချက်

**(နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဗီယက်နမ် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ပါသည်။ ယင်းသို့ နွေးထွေးစွာကြိုဆိုခဲ့ခြင်းသည် နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ပြသလျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထို့ပြင် အထွေထွေအတွင်းရေးမှူးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဗီယက်နမ်သံရုံးဝန်ထမ်းများ၊ ဗီယက်နမ်စီးပွားရေးအသိုက်အဝန်းမှ ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

၃။ တွေ့ဆုံဆွေးနွေးပွဲများ၌ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ မြန်မာနိုင်ငံခရီးစဉ်သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မှတ်တိုင်တစ်ရပ်ဖြစ်ပြီး မြန်မာ-ဗီယက်နမ် ဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်ပေးလိုက်သော ခရီးစဉ်တစ်ရပ်အဖြစ် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြပါသည်။

၄။ မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို နှစ်နိုင်ငံခေါင်းဆောင်တို့မှ နှစ်ထောင်းအားရစွာ အသိအမှတ်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံ၏ ပါတီအချင်းချင်းအကြား၊ လွှတ်တော်များအကြား၊ အစိုးရအချင်းချင်းအကြားနှင့် ပြည်သူအချင်းချင်းအကြား ဆက်ဆံရေးအပါအဝင် ကဏ္ဍစုံ၌ ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်သွားကြရန် နှစ်ဖက်ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၅။ နှစ်နိုင်ငံဆက်ဆံရေးသည် အထူးကောင်းမွန်နေခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ ဖြစ်ပေါ်တိုးတက်မှုအနေအထားများအရ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်တည်ထောင်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြပါသည်။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်း၏ ရည်ရွယ်ချက်မှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေ၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို အပြန်အလှန်လေးစားမှုအပေါ်အခြေခံ၍ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု ယန္တရားများအား ပိုမိုမြှင့်တင်ခိုင်မာလာစေရန်၊ လက်မှတ်ရေးထိုးပြီးသော သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အတွက် အခွင့်အလမ်းအသစ်များ ရှာဖွေသွားရန်ဖြစ်ပါသည်။

၆။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းသည် နိုင်ငံရေးဆက်ဆံမှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လူမှုရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အခြားကဏ္ဍများ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု စသည့် မဏ္ဍိုင် (၅)ရပ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပါသည်။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအား အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များက အထက်ဖော်ပြပါ ကဏ္ဍ(၅)ရပ်တွင် ဖြစ်နိုင်ခြေရှိသည့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများကို ရှာဖွေသတ်မှတ်နိုင်ရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ယန္တရားများမှတစ်ဆင့် ပုံမှန်လေ့လာသုံးသပ်ခြင်းများ ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်များ ပေးအပ်ရေးကို သဘောတူညီခဲ့ကြပါသည်။

၇။ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအပေါ်အခြေခံ၍ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ အဆင့်အသီးသီးမှ ပုဂ္ဂိုလ်အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းဖွဲ့စည်း၍ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ပြည်သူများအကြား ဆက်ဆံမှုခိုင်မာလာစေရန် ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံအကြားရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ယန္တရားများမှတစ်ဆင့် ဟိုချီမင်းမြို့နှင့် ရန်ကုန်မြို့အကြား ဆက်ဆံရေးများ မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ဆက်ဆံမှုများကို မြှင့်တင်သွားရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။

၈။ နှစ်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာရန်နှင့် နှစ်နိုင်ငံ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မရှင်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်တို့အပါအဝင် လက်ရှိပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်သွားရန်အပြင် စိုက်ပျိုးရေး၊ သစ်တော၊ ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေးတို့ကိုလည်း ဦးစားပေးဆောင်ရွက်သွားရန် နှစ်ဖက်ကတိပြု ပြောကြားခဲ့ကြပါသည်။ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ပိုမိုထွန်းကားလာစေရန် စီမံဆောင်ရွက်သွားရန် နှစ်ဖက်အသိအမှတ်ပြုခဲ့ကြပါသည်။ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏကို အမေရိကန်ဒေါ်လာ (၁)ဘီလီယံအထိ ဖြစ်နိုင်သမျှ အစောဆုံး တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း နှစ်ဖက်သဘောတူညီခဲ့ပါသည်။

> **မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ အပါအဝင် မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိနေသည့် မဲခေါင်မြစ်၏ အရင်းအမြစ်များကို စဉ်ဆက်မပြတ် အသုံးချစီမံခန့်ခွဲနိုင်ရေးနှင့် အာဆီယံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်း ဆောင်ရွက်နေမှုတို့အပေါ် နှစ်ဖက်မှ ကြိုဆို**

၉။ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်သည် မြန်မာနိုင်ငံရှိ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

၁၀။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေသည်ကို အသိအမှတ်ပြုကြောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးပေးမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားအား စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၁၁။ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်အတွက် ရန်ကုန်မြို့တွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ခွဲ ဖွင့်လှစ်နိုင်ခဲ့ခြင်းကို နှစ်ဖက်မှ ကြိုဆိုခဲ့ပါသည်။ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဏ်ခွဲအနေဖြင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများအတွက် တိုက်ရိုက်ဘဏ်ဝန်ဆောင်မှု လုပ်ကိုင်ခွင့်ရရှိရန် တောင်းဆိုခဲ့ခြင်းအပေါ် မြန်မာဘက်မှ မှတ်သားခဲ့ပါသည်။

၁၂။ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရန် သဘောတူညီခဲ့ကြပါသည်။ တယ်လီကွန် အင်တာနေရှင်နယ် မြန်မာ(မိုင်တယ်လ်)ကုမ္ပဏီလီမိတက်အား fiber optic နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်အသုံးပြုသွားနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လိုင်စင်ပါ အချက်အလက်များနှင့်အညီ ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာဘက်မှ သဘောတူညီခဲ့ပါသည်။

၁၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်ဖက်အကျိုးရှိမည့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံများမျှဝေခြင်း၊ ရှိရင်းစွဲပူးပေါင်းဆောင်ရွက်ရေး ယန္တရားများကို အကျိုးရှိရှိအသုံးပြု၍ နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားကြရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ ထို့ပြင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးမူဝါဒ ဆွေးနွေးမှုယန္တရားနှင့် ပူးတွဲလုပ်ငန်းအဖွဲ့ယန္တရားများ ထူထောင်နိုင်ရေးအတွက် ဖြစ်နိုင်ခြေများကို စဉ်းစားဆောင်ရွက်ရန် အတည်ပြုပြောကြားခဲ့ကြပါသည်။

၁၄။ နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုများကို နှစ်ဖက်အသိအမှတ်ပြုခဲ့ကြပြီး၊ နှစ်နိုင်ငံအကြား ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့်ပြစ်မှုတရားစီရင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တရားဥပဒေမူဘောင်အား တိုးတက်ခိုင်မာစေရန် ညှိနှိုင်းမှုများအပါအဝင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင် ဆောင်ရွက်ကြရန် သဘောတူခဲ့ကြပါသည်။

၁၅။ နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှု အထူးသဖြင့် အာဆီယံ၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တို့တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် အားရကျေနပ်မှုရှိကြောင်း ဖော်ပြခဲ့ကြပြီး၊ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က ဗီယက်နမ်နိုင်ငံမှ ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင် (၂၀၂၀-၂၀၂၁) သက်တမ်းနေရာအတွက် ဝင်ရောက်အရွေးခံရာတွင် မြန်မာနိုင်ငံမှ ထောက်ခံမှုပေးရန် အဆင်သင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

၁၆။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိနေသည့် မဲခေါင်မြစ်၏ အရင်းအမြစ်များကို စဉ်ဆက်မပြတ် အသုံးချစီမံခန့်ခွဲနိုင်ရေးနှင့် အာဆီယံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုတို့အပေါ် နှစ်ဖက်မှ ကြိုဆိုခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က မြန်မာနိုင်ငံသည် မဲခေါင်မြစ် အရင်းအမြစ်များအား ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ စီမံအသုံးချနိုင်ရန် မဲခေါင်မြစ်ကော်မရှင်တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နေခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်မြစ်ကော်မရှင်သို့ ဝင်ရောက်ရေး စဉ်းစားပေးရန် ဗီယက်နမ်နိုင်ငံ၏ အကြံပြုချက်ကို မှတ်သားခဲ့ပါသည်။

၁၇။ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် တည်ငြိမ်မှုမြှင့်တင်ထိန်းသိမ်းနိုင်ရန်၊ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း အပါအဝင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေမူများနှင့်အညီ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်သွားရန်နှင့် ခြိမ်းခြောက်ခြင်းနှင့် အင်အားအသုံးပြုခြင်းတို့ မပြုလုပ်ရန် နှစ်ဖက်မှ ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ တောင်တရုတ်ပင်လယ်အတွင်းနိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံးများဆိုင်ရာ ကြေညာချက်အား အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံများလိုက်နာဆောင်ရွက်ရမည့် ကျင့်ထုံးများအား အတည်ပြုပြီးဖြစ်သည့် မူဘောင်အပေါ်အခြေခံ၍ ဆောလျင်စွာ အပြီးသတ်ရေးဆွဲနိုင်ရေးတို့အတွက် အားပေးထောက်ခံကြောင်း နှစ်ဖက်သဘောတူခဲ့ကြပါသည်။

၁၈။ ခရီးစဉ်အတွင်း အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးပျူငှာစွာ ကြိုဆိုဧည့်ခံခဲ့မှုများအတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် မြန်မာပြည်သူများအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံသို့ ထပ်မံလာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ ယင်းဖိတ်ကြားချက်များအတွက် မြန်မာနိုင်ငံခေါင်းဆောင်များက လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်။**

# တပ်မတော်နှစ်ရပ်အကြား ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel သဇင်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အားကစား၊ ယဉ်ကျေးမှုနှင့် ဆေးဘက်ဆိုင်ရာ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည့် အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးဆိုင်ရာ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ အာဆီယံအသိုက်အဝန်းအတွင်းတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ခံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Lt. Gen. Nguyen Chi Vinh နှင့် အဖွဲ့၊ Viettel Group ၏ ဥက္ကဋ္ဌ Maj. Gen. Nguyen Manh Hung နှင့် အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံသည်။

ဗီယက်နမ် ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်နေသည့် အခြေအနေ၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ လက်ရှိလုပ်ဆောင်နေသည့် လေ့ကျင့်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အားကစား၊ ယဉ်ကျေးမှု၊ ဆေးဘက်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

Vittel Group ၏ ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား MECTel နှင့် Vittel တို့ ပူးပေါင်း၍ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုနှင့် MyTel ဆက်သွယ်ရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေ၊ စီးပွားရေးအမြတ်အစွန်းအတွက်မဟုတ်ဘဲ နိုင်ငံ့ဆက်သွယ်ရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် လုပ်ဆောင်နေမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Melia Yangon Hotel တွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အဖွဲ့အား တွေ့ဆုံပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် တိုးမြှင့်ရင်းနှီးမြှုပ်နှံရေးနှင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး ကိစ္စများကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့် အဖွဲ့အား Melia Yangon Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု မူဝါဒကန့်သတ်မှုကြောင့် လက်ကျန် ကျန်ရှိနေသည့်ပဲများ ဈေးကွက်တည်ငြိမ်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၂၅**

အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုအရေအတွက် ကန့်သတ်သည့် မူဝါဒကြောင့် လက်ကျန်ကျန်ရှိနေသည့် ပဲများ ဈေးကွက်တည်ငြိမ်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ကုန်သည်အသင်းအဖွဲ့များ နည်းလမ်းရှာဖွေဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မကြာမီထွက်ရှိမည့်ပဲများအတွက် စိုက်ပျိုးထုတ်လုပ်သူများ ထိခိုက်နစ်နာမှုများမရှိစေရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် ပြုလုပ်ရာ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ယခုလ ၅ ရက်က ပဲစင်းငုံ တန်ချိန် နှစ်သိန်းနှင့် ယခုလ ၂၁ ရက်က မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် သုံးသိန်း တင်သွင်းရန် အရေအတွက်ကန့်သတ်သည့် အမိန့်ကြေညာစာများဖြင့် သွင်းကုန်မူဝါဒပြောင်းလဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲမှုအပေါ် မြန်မာနိုင်ငံမှ ပဲများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား နေပြည်တော်တွင် တွေ့ဆုံ၍လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးထံသို့ သံတမန်နည်းလမ်းအရလည်းကောင်း အကြောင်းကြားပြီးဖြစ်ပါကြောင်း၊ မကြာမီ လာရောက်မည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အိန္ဒိယနိုင်ငံသို့ ပဲများ တင်ပို့နိုင်ရေးအတွက်၊ ဖြေလျှော့ဆောင်ရွက်ပေးရေးအတွက် ဆွေးနွေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ခန့်မှန်း ပဲစင်းငုံတန်ချိန် တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန် သုံးသိန်းခန့်ကျန်ရှိနေသည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် လာမည့် နိုဝင်ဘာလအလယ်နှင့် ဒီဇင်ဘာလတွင် ထွက်ရှိမည့် ပဲစင်းငုံများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယခုအခက်အခဲဖြစ်ပေါ်နေသည့် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု အရေအတွက် ကန့်သတ်သည့် မူဝါဒကို ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရန် အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သော ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဖွဲ့အနေဖြင့် မြန်မာနိုင်ငံမှ ပဲများ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ပဲရောင်းဝယ်မှုဆိုင်ရာ MoU ကို Government to Government လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မကြာမီစိုက်ပျိုးမည့် မတ်ပဲသီးနှံနေရာတွင် အခြားနိုင်ငံတကာ ဈေးကွက်ရှိသည့် ပဲများ၊ သီးနှံများ ပြောင်းလဲစိုက်ပျိုးရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အစားထိုးပြောင်းလဲစိုက်ပျိုးရာတွင် မျိုး၊ နည်းပညာကိစ္စရပ်များကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲတင်ပို့မှုကို ကန့်သတ်လိုက်သည့်အတွက် အထိုက်အလျောက် ဖြေလျှော့ပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာမီ မြန်မာနိုင်ငံသို့ လာရောက်မည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ဆောင်ရွက်ပေးမည်ဟု သိရှိရပါကြောင်း၊ လက်ရှိဖြစ်နေသည့် ပြဿနာမှာ ဈေးကွက်တစ်ခုတည်းကို မှီခိုခဲ့သည့်အတွက် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များကို ထုတ်လုပ်သည့်အခါ ဈေးကွက်ရရှိရန် လိုအပ်ပါကြောင်း၊ ဈေးကွက်ရရှိရန် မိမိတို့အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ UMFCCI နှင့် စိုက်ပျိုးရေး လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တက်ရောက်ကာ အိန္ဒိယနိုင်ငံ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒပြောင်းလဲမှုနှင့် ပတ်သက်ပြီး ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစည်းအဝေးဖော်ထုတ်ချက် ၁၀ ချက်ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ပထမအကြိမ် စည်းဝေး



**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်ကြမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများအား အတည်ပြုမိန့်များ ထုတ်ပေးနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး ဖွဲ့စည်းမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးသည်။

ယင်းနောက်ကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က အတည်ပြုလျှောက်ထားလွှာများ လက်ခံစိစစ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပေးခြင်းနှင့် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စိစစ်ကြပ်မတ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းအထိ(သို့မဟုတ်) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်ထားလွှာများကို ရန်ကုန်တိုင်းဦးစီးမှူးရုံး၊ အမှတ် (၁) သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်းအမှတ် ၀၁-၆၅၇၉၉၂ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွန့်**

# သက်ငယ်မုဒိမ်းမှုတွေအတွက် နွေးထွေးတဲ့ဝန်းကျင်နဲ့ ကုစားရေးအစီအစဉ်များ ဖန်တီးရေး

**ပစ်တိုင်းထောင်မ**

ရေဝပ်တဲ့ အိမ်လေးမို့ အိမ်ရှေ့မှာသစ်သားတံတားလေး ခင်းထားပြီး အိမ်အဝင်ရဲ့ဘယ်ဘက်မှာဆိုရင်တော့ ငွေပန်းပင်လေးတွေ စိုက်ထားပါတယ်။

အိမ်ပုံစံကို ရှည်မျော့မျော့တည်ဆောက်ထားပြီး အခန်းကတော့ နှစ်ခန်းပဲရှိပါတယ်။

အိမ်ထဲဝင်သွားလိုက်တာနဲ့အသက် ၇၂ နှစ်အရွယ် အဘွားအိုတစ်ယောက်ထိုင်နေပြီး သူ့ရဲ့ဘေးမှာတော့ ဆံပင်တိုတို၊ မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ကော့ကော့လေးနဲ့ဂါဝန် အစိမ်း၊ အင်္ကျီအဖြူရောင်အပေါ်မှာ အဝါရောင် အနွေးထည်ထပ်ဝတ်ထားတဲ့ အသက်ခုနစ်နှစ်အရွယ် ချစ်စရာကလေးငယ်တစ်ယောက်ကို တွေ့ရပါတယ်။

ပုံမှန်ကြည့်ရင်တော့ သာမန်ကလေးတစ်ယောက်ပါ။

ဒါပေမယ့် အဲဒီကလေးဟာ လွန်ခဲ့တဲ့ နှစ်လလောက်က အသက် ၇၃ နှစ်အရွယ် ဦးထွန်းအေးဆိုသူရဲ့ သားမယားပြုကျင့်ခြင်းခံခဲ့ရသူပါ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အဘွားဖြစ်တဲ့ ဒေါ်တင်ညွန့်(အမည်လွှဲ)က အခုလို ပြောပြပါတယ်။

"မြေးကပြောတယ်၊ သူ့ကို အရုပ်ဝယ်ပေးမယ်ဆိုပြီး ပန်းခြံကို ခေါ်သွားတယ်။ (ဝေဘာဂီပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံလို့လည်း လူသိများတယ်) ဟိုရောက်တော့ အဓမ္မပြုကျင့်တယ်" လို့ ပြောပြနေတဲ့အဖွားအိုရဲ့ မျက်ဝန်းမှာတော့ မျက်ရည်တွေထိန်းထားမရအောင် စီးကျလို့နေပါတယ်။

အဘွားဒေါ်တင်ညွန့်ဟာ မြေးသုံးယောက်နဲ့အတူ မြောက်ဥက္ကလာပမြို့နယ်က ရပ်ကွက်တစ်ခုမှာ နေထိုင်ပါတယ်။ ကလေးတွေရဲ့မိဘတွေကတော့ ထိုင်းနိုင်ငံဘက်မှာ အလုပ်သွားလုပ်တယ်လို့ ပြောပါတယ်။ လက်ရှိမှာတော့ တရားရင်ဆိုင်နေပြီး ရုံးချိန်း သုံးခုရှိနေပြီလို့လည်း ပြောပြပါတယ်။

ကလေးကတော့ သားမယားပြုကျင့်ခံရပြီးကတည်းက တရှောင်ရှောင်နဲ့ ကျန်းမာရေးမကောင်းဘူးလို့ ပြောပြပါတယ်။ အမှုမဖြစ်ခင်က ပတ်ဝန်းကျင်နဲ့ ပေါင်းသင်းဆက်ဆံရတာ အဆင်ပြေပေမယ့် အခုလို အမှုဖြစ်ပြီးနောက်ပိုင်းမှာတော့ ပတ်ဝန်းကျင်က သူ့တို့အပေါ် တစ်မျိုးမြင်ကြတယ်လို့ ဆိုပါတယ်။ အဘွားကို ပတ်ဝန်းကျင်က ပြောကြတယ်။ အသက်ကြီးပြီး အချိန်မစီးဘူး။ ပိုက်ဆံလိုချင်လို့ လုပ်တာပေ့ါ။ ဒီအတိုးကြီးလုပ်တာ မဖြစ်နိုင်ဘူးပေ့ါ။ အပေါင်းအသင်းတွေ အိမ်လည်လာတာတို့ ဘာတို့လည်း သိပ်မရှိတော့ဘူး။

ကလေးငယ်လေးတွေ သားမယားပြုကျင့်ခံနေရတာဟာ တစ်နေရာထဲ ဖြစ်နေတာတော့ မဟုတ်ပါဘူး။ အသက် သုံးနှစ်ခွဲသာရှိသေးတဲ့ သမီးလေးကို အသက် ၃၅နှစ်အရွယ်ရှိ မောင်ထူးဆိုသူက သားမယားပြုကျင့်ခဲ့တာကို မွန်သံဝဲဝဲနဲ့ အဒေါ် ဖြစ်သူ ဒေါ်စန္ဒာအေး(နာမည်လွှဲ)က ပြန်ပြောပြခဲ့ပါတယ်။

"သမီးကို ပါးရိုက်တယ်။ သမီးကို အဓမ္မပြုကျင့်တယ်။ သမီးနာလို့သမီး အော်ငိုတယ်" လို့သမီးလေးကပြောပြကြောင်း အဒေါ်က ပြောပြခဲ့တာပါ။

ဒေါ်စန္ဒာအေးတို့ မိသားစုက မွန်ပြည်နယ် ရေးမြို့နယ်က ကျေးရွာတစ်ခုမှာ နေထိုင်ကြပါတယ်။ တူမလေးက သွက်သွက်လက်လက်ရှိပြီး ချစ်စရာကောင်းလို့ ပတ်ဝန်းကျင်က လူတွေကလည်း ချစ်ကြတယ်လို့ ဆိုပါတယ်။ မေလ ၁၅ ရက်နေ့ ညနေ ၅ နာရီလောက်မှာတော့ ကလေးကို ဒဏ်ရာတွေနဲ့အတူ တွေ့လိုက်ရတယ်လို့ ပြောပြပါတယ်။

"ကလေးက ပါးရောင်နေတယ်၊ နားမှာသွေးတွေ စို့နေတယ်။ ပါးစပ်ကွဲခဲ့တယ်"

မောင်ထူးဆိုသူမှာ မစန္ဒာအေးတို့အိမ်ကို အဝင်အထွက်ရှိပြီး ကလေးကိုလည်း အမြဲတမ်း စနောက်နေကျလို့ ပြောပါတယ်။ တူမလေးအနေနဲ့ ပြောပြတာတွေကို အဒေါ်ဖြစ်တဲ့ ဒေါ်စန္ဒာအေးက မယုံသလိုဖြစ်ပြီး ကလေးရဲ့ အဝတ်တွေကို လှန်ကြည့်တော့ ကလေးရဲ့အင်္ဂါမှာ သွေးတွေတွေ့လို့ ရွာလူကြီးထံ တိုင်ကြားခဲ့သော်လည်း ငွေနဲ့သာ ဖြေရှင်းဖို့ပြောပြီး ကလေးကို ဆေးခန်းပြတာတို့ ဆေးရုံပို့တာတို့ မလုပ်ဆောင်ဖို့ ပြောခဲ့တဲ့အတွက် ဆေးခန်းမပြပဲနေခဲ့ရပါတယ်။ ဆယ်ရက်မြောက်နေ့မှာတော့ ကလေးဟာ ဗိုက်ကြီးပူလာပြီး တအားငိုလို့ ဆေးရုံပြခဲ့ပေမယ့် ဆရာဝန်မှ ရဲထောက်ခံချက် မပါတဲ့အတွက် လက်မခံလို့ ဒီအတိုင်းပြန်လာခဲ့ရာ လမ်းမှာ အသိတစ် ယောက်နဲ့တွေ့ပြီး သူ့အကူအညီနဲ့ ရဲစခန်းတိုင်ကြားနိုင်ခဲ့ပြီး ကလေးကို မွန်ပြည်နယ် မော်လမြိုင်မြို့မှာ ဆေးကုခဲ့ရတယ်လို့ ပြောပြပါတယ်။ လက်ရှိမှာတော့ မောင်ထူးဆိုသူကို ရဲများ ဖမ်းဆီးထားပြီ ဖြစ်ပါတယ်။

**ပတ်ဝန်းကျင်အနေနဲ့ကတော့ ကိုယ့်မိသားစုနဲ့ အနီးဆုံး ပတ်ဝန်းကျင်က နားလည်မှုပေးပြီး မဖြစ်ခင် ကြိုတင်ဝိုင်းဝန်းတားဆီးစေချင်တယ်။ ဖြစ်ပြီးချိန်မှာလည်း ကလေးငယ်ကို ကူညီအားပေးသင့်တယ်။ နားလည်ပေးသင့်တယ်။ ခံရသူကလေးနဲ့မိဘကို အပြစ်တင်တဲ့စကားမျိုးမပြောဘဲ ကျူးလွန်သူကိုသာ အပြစ်ပေးအရေးယူဖို့ တွန်းအားပေးသင့်တယ်။ ခံရသူ ကလေးဘက်က မားမားမတ်မတ်ရပ်ပေးဖို့ လိုမယ်လို့ပြောပြ**

အသက်မပြည့်သေးတဲ့သူတွေ မုဒိမ်းပြုကျင့်မှုတွေခံရတဲ့အခါ ပြုကျင့်သူကို ဥပဒေအရ ထောင်ဒဏ်ဘယ်လောက်ရွှေ့ဘယ်မျှ ချမှတ်လိုက်တယ်ဆိုတာတွေ တွေ့ရပေမယ့် ဒီလိုပြုကျင့်ခံခဲ့ရတဲ့ ကလေးတွေရဲ့ နောက်ဆက်တွဲ ပြဿနာတွေကိုတော့ ဖော်ပြတာ မတွေ့ရပါဘူး။

သုံးနှစ်ခွဲ ကလေးလေးကတော့ မုဒိမ်းကျင့်ခံရပြီးနောက်မှာ အပြုအမူ၊ အနေအထိုင်တွေ ပြောင်းလဲသွားခဲ့တယ်လို့ အဒေါ်ဖြစ်သူက ပြောပြပါတယ်။

အခုဆို ကလေးက အရင်တုန်းကလိုမျိုး မဟုတ်တော့ဘူး။ အရင်ကဆို ဗိုက်ဆာရင်လည်း တောင်းစားတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ ခုန်ပေါက်ပြီးဆော့တယ်။ အခုဆို ထမင်းခေါ်ကျွေးလည်း သူမစားဘူး။ စကားပြောရင်လည်း ပြန်မဖြေဘူး။ သူ့ဘာသာသူနေတယ်။ သူ့ဘာသာသူအိပ်တယ်။ မယုံရင်လာကြည့်ပါ။ ဓာတ်ပုံလာရိုက်ပါ။

ဒီလို အသက်မပြည့်ဘဲ အဓမ္မပြုကျင့်ခံရတဲ့ ကလေးငယ်တွေကို ပတ်ဝန်းကျင် အသိုင်းအဝိုင်းကကော ဘယ်လိုသဘောထားကြပါသလဲ။

ရန်ကုန် လှိုင်သာယာမှာ နေထိုင်တဲ့ မစိုးစိုးအေးကတော့ သူ့ကလေးတွေကို အဲဒီလိုကလေးတွေနဲ့ မပေါင်းစေချင်ဘူးလို့ ပြောပါတယ်။

"မုဒိမ်းကျင့်ခံရတဲ့ မိန်းကလေးတွေနဲ့ ကိုယ့်သမီးကို အပေါင်းအသင်း မလုပ်ခိုင်းဘူး။ အဲဒီလို ပြုကျင့်ခံရတဲ့ သူတွေဟာ မိဘအုပ်ထိန်းမှုအောက်က လွတ်နေတယ်လို့ ထင်တယ်။ ဒါကြောင့်မို့လည်း သူများရဲ့ အဓမ္မကျင့်ခြင်း ခံရတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်က မယုကတော့ ကလေးတွေကို သတိပေးထားတယ်လို့ ပြောပါတယ်။

"တချို့ မိန်းကလေးတွေကျတော့ ရုပ်ပျာရုပ်ပျာနဲ့ အနေအထိုင် မတတ်ဘူး။ အဲဒီလို မိန်းကလေးမျိုးတွေ မုဒိမ်းကျင့်ခံရတာဆို ကိုယ့်သားသမီးနဲ့အပေါင်းအသင်းပေးမလုပ်ဘူး။ တချို့ကျတော့ သက်သက်မုဒိမ်းကျင့်ခံရတာ အဲဒါမျိုးဆိုရင်တော့ အပေါင်းအသင်းပေးလုပ်မယ်"

သက်ငယ်မုဒိမ်းကာကွယ်ကူညီပေးနေတဲ့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုလုပ်ငန်းစဉ် (Women Against Violence) တာဝန်ခံ နန်းခမ်းသီထွန်းကတော့ ပတ်ဝန်းကျင်အနေနဲ့ အဲဒီကလေးတွေကို ဖယ်ကျဉ်တာမျိုး မလုပ်သင့်ဘူးလို့ အခုလိုပြောပါတယ်။

"ပတ်ဝန်းကျင်က ပိုအရေးကြီးပါတယ်၊ လုံးဝမပစ်ထားသင့်ပါဘူး။ ပြီးတော့ ခံရသူကလေးကို အပြစ်ထပ်တင်တဲ့ အပြောအဆို အပြုအမူတွေ လုံးဝမလုပ်သင့်ဘူး။ ကိုယ့်သားသမီးလို ကိုယ်ချင်းစာနာစိတ်ထားပြီး အားပေးဖေးမသွားသင့်ပါတယ်"လို့ မုဒိမ်းမှုတွေဖြစ်လာတဲ့အခါ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်း ဆိုင်ရာတွေအနေနဲ့ဆိုးကျိုးတွေ အများကြီးပိုဖြစ်စေတယ်လို့ လည်း သူကပြောပါတယ်။

သူတို့က မသိနားမလည်သေးတဲ့အရွယ်ဖြစ်သလို ခံခဲ့ရတဲ့ပုံစံအနေအထားကလည်း အသက်အရွယ်နဲ့ မလိုက်အောင်ကို ဆိုးဆိုးရွားရွားဖြစ်သွားတာတွေ ကျွန်မတို့ဆီမှာရောက်လာတဲ့ အမှုတွေမှာ ဥပမာ၊ သာဓကနဲ့ ရှိပါတယ်။ သူတို့မှာ လူကြီးတွေလို ပြန်လည်တွန်းလှန်ရုန်းကန်အကူအညီတောင်းတာ၊ ထွက်ပြေးနိုင်တဲ့ အင်အား မလုံလောက်ဘူး။ တချို့ကလေးတွေဆို စကားမပြောတော့တာတွေရှိတယ်။ တချို့ကျတော့ တစ်ချိန်လုံးငိုနေတာမျိုးတွေလည်း ရှိတယ်။ ဒါက အပေါ်ယံအပိုင်း နောက်ပြီး သူတို့ရဲ့ကိုယ်ခန္ဓာတည်ဆောက်ပုံက မဖွံ့ဖြိုးသေးဘူး။ အဲဒီအပေါ်မှာ ဘယ်အတိုင်းအတာအထိ ထိခိုက်သွားမလဲဆိုတာလည်း ရှိသေးတယ်။

ဒါအပြင် သူတို့တွေကို ပြန်လည်ကုစားဖို့အတွက် ဆိုရင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကပဲ ကူညီနေရင် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ခြုံငုံမှုရှိမှာ မဟုတ်သလို လုံလောက်မှုမရှိဘူးလို့လည်း ပြောပြပါတယ်။ ပတ်ဝန်းကျင်က နားလည်မှုပေးဖို့ လိုသလို အစိုးရဖက်ကလည်း ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ နန်းခမ်းသီထွန်းက ပြောပါတယ်။

ပတ်ဝန်းကျင်အနေနဲ့ကတော့ ကိုယ့်မိသားစုနဲ့ အနီးဆုံး ပတ်ဝန်းကျင်က နားလည်မှုပေးပြီး မဖြစ်ခင် ကြိုတင် ဝိုင်းဝန်းတားဆီးစေချင်တယ်။ ဖြစ်ပြီးချိန်မှာလည်း ကလေးငယ်ကို ကူညီ အားပေးသင့်တယ်။ နားလည်ပေးသင့်တယ်။ ခံရသူကလေးနဲ့ မိဘကို အပြစ်တင်တဲ့စကားမျိုးမပြောဘဲ ကျူးလွန်သူကိုသာ အပြစ်ပေးအရေးယူဖို့ တွန်းအားပေးသင့်တယ်။ ခံရသူကလေးဘက်က မားမားမတ်မတ် ရပ်ပေးဖို့လိုမယ်လို့ ပြောပြပါတယ်။

အစိုးရရဲ့ပံ့ပိုးမှုနဲ့ပတ်သက်လို့ အစိုးရကနေ နိုင်ငံတကာစံချိန်နဲ့ညီတဲ့ ပြန်လည်ကုစားရေးအပြင် ခံရသူကလေးငယ်တွေအတွက် သီးသန့်အထူးအစီအစဉ်နဲ့ ပံ့ပိုးမှုတွေ လုပ်ဆောင်ပေးသင့်တယ်လို့ မြင်ပါတယ်။ အဓိက အရေးကြီးတာက သူတို့ရဲ့ ပညာရေးအပိုင်းဖြစ်ပါတယ်။

မုဒိမ်းမှုဖြစ်တိုင်း အပြစ်ကျူးလွန်သူကို အပြစ်ပေး အရေးယူနိုင်ဖို့နဲ့ အကျူးလွန်ခံရတဲ့သူတွေကို ကူညီမှုပေးမယ့် ပတ်ဝန်းကျင်၊ အသိုက်အဝန်း၊ စာနာပေးမယ့်သူတွေ၊ သူတို့လေးတွေရဲ့ ဘဝရှေ့ရေးအတွက်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစစအရာအရာအတွက် အာမခံပြီး လုံခြုံတဲ့နေရာလေးတစ်ခု ဖန်တီးပေးနိုင်ဖို့ လိုအပ်နေပါတယ်။

မုဒိမ်းကျင့်ခံရတဲ့ သုံးနှစ်ခွဲအရွယ် ကလေးငယ်ရဲ့ အခြေအနေကို သူ့အဒေါ်က အခုလိုပြောပြပါတယ်။ ကလေးက အစာမစားတော့ ပိန်ပိန်ပဲကျန်တော့တယ်။ အရင်က ဝက်စ်နေတာ။ အခု ယောကျ်ားလေးတွေ တွေ့ရင်လည်း ထွက်ပြေးတယ်။

မူရင်း-Link;http://hiburma.net/2017/08/-2/

# သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်း၌ ပုံမှန်အတိုင်း ရောင်းဝယ်နေကြဆဲဖြစ်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန် ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းကို ဩဂုတ် ၁၇ ရက်တွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ အခွန်ဌာနက ကြေညာခဲ့သော်လည်း ဩဂုတ် ၂၃ ရက်အထိ ယာဉ် များ ပုံမှန်ဝင်ထွက်ကာ အရောင်းအဝယ်များလည်း ပုံမှန်အတိုင်း ပြုလုပ်နေကြဆဲဖြစ်ကြောင်း သိရသည်။

သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်း အဆောက်အအုံဖြစ်သည့် ယခင်ကုန်စိမ်း ဈေးဟောင်းကြီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အန္တရာယ်ရှိ အဆောက်အအုံအဖြစ် ဩဂုတ် ၁၆ ရက်ထုတ် သတင်းစာများတွင် ကြော်ငြာခဲ့ပြီး နောက် ယင်းနေ့ညနေ ၃ နာရီတွင်ပင် စာများဖြန့်ဝေကာ ဩဂုတ် ၁၇ ရက်တွင် ယာဉ်ရောင်းဝယ်ရေးစခန်းကို ပိတ်သိမ်းမည်ဖြစ်ကြောင်း မေတ္တာရပ်ခံချက်များ ဖြန့်ဝေခဲ့သည်။

ထိုမေတ္တာရပ်ခံချက် ဖြန့်ဝေပြီးနောက်သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေး အသင်းနှင့် ကားအကျိုးဆောင်လူမှုရေးအဖွဲ့တို့ကလည်း ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းအားတွေ့ဆုံကာ ဩဂုတ် ၁၇ ရက်တွင်ပင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးထံသို့ မေတ္တာရပ်ခံစာ သွားရောက်ပေးပို့ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က "စည်ပင်သက်ဆိုင်ရာဌာနတွေကတော့ ကြေညာပြီးပေ့ါ။ ဒါပေမယ့် ဒီအဆောက်အအုံ ကတည်ဆောက်ထားတာ နှစ် ၂၀ လောက်ပဲ ရှိသေးတယ်။ နောက်ပြီး ယနေ့အထိ ယာဉ်ရောင်းဝယ်ရေးတွေ ဆောင်ရွက်နေဆဲဖြစ်တယ်။ ကြိုတင်ကြေညာမှု၊ ကြိုတင်အသိပေးမှုတွေလည်း မလုပ်ခဲ့ကြဘူး။ လတ်တလောကြီး ပြောင်းပေးရမယ်ဆိုတဲ့ကိစ္စကတော့ အဆင်မပြေလောက်ဘူး။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဆီ စာတင်ထားတယ်။ အမှန်တကယ်ဖျက်သိမ်းသင့်တဲ့ အဆောက်အအုံဟုတ်မဟုတ် စစ်ဆေးဖို့လိုတယ်။ တိုင်းအစိုးရအဖွဲ့ကတော့ လာရောက်စစ်ဆေးမယ်လို့လည်း ကြားတယ်။ အခုမြို့တော်ဝန်ကြီးက ဂျပန်ကိုသွားနေတယ်။ ပြန်လာရင် အဖွဲ့တွေနဲ့ တွေ့ပေးဖို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကို ပန်ကြားထားတယ်။ တကယ်လို့ လိုအပ်ရင်ပေ့ါ။ မြို့တော်ဝန်ကလည်း လာပါလို့ဆိုရင် ကိုယ့်မြို့နယ်ကကိစ္စ ဝင်ရောက်ဆွေးနွေးပေးရမှာပေ့ါ"ဟု ပြောသည်။

စစ်ဆေးမည့်ကိစ္စနှင့်ပတ်သက်၍ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားအကျိုးဆောင်တစ်ဦးက တကယ်လည်း စည်ပင်အဖွဲ့ကတင်မဟုတ်ဘူး။ တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ရှိသူတွေ၊ ဖြစ်နိုင်ရင် ပြင်ပအင်ဂျင်နီယာအသင်းအဖွဲ့တွေနဲ့ပါ ပူးပေါင်းစစ်ဆေး သင့်ပါတယ်။ အမှန်တကယ် ကြံ့ခိုင်မှုမရှိဘဲ အန္တရာယ်ရှိလာနိုင်တယ်ဆိုရင် ကျွန်တော်တို့လည်း မနေရဲပါဘူး။ ပြောင်းပေးရမှာပေ့ါ"ဟု ပြောသည်။

သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်း၏ ဩဂုတ် ၂၃ ရက်အထိ အခြေအနေနှင့် ပတ်သက်၍ ယာဉ်အကျိုးဆောင်တစ်ဦးဖြစ်သူ ဦးကျော်နိုင်က "ဖြစ်ပြီးတဲ့နောက်ပိုင်းမှာတော့ ယာဉ်ဝင်ခတွေ လုံးဝမကောက်တော့ပါဘူး။ ညပိုင်းလည်း မီးမပြတ်ပါဘူး။ ယာဉ်သန့်ရှင်းရေးလုပ်ဖို့ရေလည်း ပေးနေတုန်းပါပဲ။ ဒါပေမယ့် ဖြစ်ခဲ့တဲ့အရှိန်ကြောင့် အရောင်းအဝယ်ကတော့ အေးစက်နေပါတယ်"ဟု ပြောသည်။ ယခင်က ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီကား ပွဲစားတန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၂၀၁၀ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပြီးနောက် ကြည့်မြင်တိုင် မြို့နယ်ရှိ သီရိမင်္ဂလာကုန်စိမ်းဈေးကြီးနေရာတွင် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံ / ဘဏ္ဍာ ပြည်ထောင်စုဝန်ကြီး လွှတ်တော်၌ရှင်းလင်းတင်ပြ



နေပြည်တော် ဩဂုတ် ၂၅

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၉ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍** ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခေါ်) ဦးအတွတ်နှင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးကြကာ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်များအတိုင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကဏ္ဍကြီးများဖြစ်ပေါ်ပြောင်းလဲမှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကို နှိုင်းယှဉ်ပါက လယ်ယာကဏ္ဍကြီး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပါဝင်မှုအချိုးနှင့် ဘဏ်များတွင် ပြည်သူတို့၏ စုဆောင်းငွေတို့မှာ တိုးတက်လာပါကြောင်း။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလဲနှုန်းမှာ ၂၀၁၆ ဧပြီလတွင် တစ်ဒေါ်လာလျှင်ငွေကျပ် ၁၁၇၅ ရှိရာမှ ၂၀၁၇ မတ်လတွင် ငွေကျပ် ၁၃၆၂ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ပို့ကုန်အနေဖြင့် ရည်မှန်းချက်၏ ၈၂ ဒသမ ၅ ရာခိုင်နှုန်းတင်ပို့နိုင်ခဲ့ပြီး အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ အထည်၊ သကြား၊ မတ်ပဲ၊ ဆန်၊ ကျောက်စိမ်းနှင့် ပဲတီစိမ်းတို့ပါကြောင်း၊ ၂၀၁၆- ၂၀၁၇ မတ်လ ကုန်တွင် သွင်းကုန်အနေဖြင့် ရည်မှန်းချက်၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အများဆုံး တင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များတို့ ဖြစ်ကြပါကြောင်း။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် မတ်လတွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၈၈၄၃ ဒသမ ၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်၏ ၉၁ ဒသမ ၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆- ၂၀၁၇ဘဏ္ဍာနှစ် မတ်လကုန် တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၆၆၃ ဒသမ ၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၁၇၉ ဒသမ ၉ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၅၁၆ ဒသမ ၇ သန်း ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအမေရိကန် ဒေါ်လာ ၆၉၂၉ ဒသမ ၂ သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၅၅၁ ဒသမ ၈ သန်း လျော့နည်းတင်သွင်းခဲ့ပါကြောင်း။

နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား တပ်ဆင်မှုအနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် တပ်ဆင်ထားသည့် ၅၀၇၅ မဂ္ဂါဝပ်ရှိပြီး ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၆၂ မဂ္ဂါဝပ် တိုးတက်တပ်ဆင်နိုင်ခဲ့ပါကြောင်း၊ ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် တစ်နှစ်လုံးရည်မှန်းချက်၏ ၁၀၈ ဒသမ ၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းများကို အဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် မူလတန်းကျောင်းအရေအတွက် လျော့နည်းခဲ့သော်လည်း အထက်တန်းအဆင့်ကျောင်းများမှာ တိုးတက်ခဲ့ပါကြောင်း၊ မူလတန်းအဆင့်တွင် နေ့စားလပေး ဆရာ၊ ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခဲ့သည့်အတွက် ရည်မှန်းချက် ကျော်လွန်ခန့်ထားနိုင်ခဲ့ပါကြောင်း။

မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားများသည် ယခင်နှစ်ထက် ပိုမိုတိုးတက်ခဲ့ပြီး ရည်မှန်းချက် ပြည့်လုနီးပါး အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝပေးနိုင်ရန် ဆေးရုံများအား ခုတင် အဆင့်တိုးမြှင့်ခြင်းနှင့် တိုက်နယ်ဆေးရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် လိုအပ်သည့် ဆရာဝန်များအား တိုးချဲ့ခန့်ထားခြင်း၊ ဆေးတက္ကသိုလ်များမှ ဘွဲ့ရဆရာဝန်ဦးရေ တိုးတက်မွေးထုတ်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းတို့ကြောင့် ဆရာဝန်ဦးရေမှာ ယခင်နှစ်ကထက် တိုးတက်လာခဲ့ပြီး ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ပါကြောင်း။

ကဏ္ဍအလိုက်စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေများတွင် သတ္တုနှင့်တွင်းထွက်၊ စက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးကဏ္ဍတို့မှ စုစုပေါင်း တိုးတက်မှု နှုန်း ၅ ဒသမ ၉ ရာခိုင်နှုန်းထက် ပိုမိုတိုးတက်မှုရှိခဲ့ပြီး ကျန်ကဏ္ဍများမှာ လျော့နည်းခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် **၂၀၁၆- ၂၀၁၇ ခု ဘဏ္ဍာရေး နှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးအတည်ပြုပြီးသည့် အမှန်စာရင်းများရရှိလာပါက ၎င်းအမှန်စာရင်းများအပေါ် ထပ်မံသုံးသပ်တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် **အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၀/ ၂၀၁၇)ကို** အဖွဲ့ဝင် ဦးမာန်လောမောင်းက လည်းကောင်း၊ **ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေ စာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၁/ ၂၀၁၇)ကို** တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်သန်းက လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ရမည်းသင်းမြို့တွင် မတ် ၆ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၄၀/ ၂၀၁၇)သူရတပ်ခွဲ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက်က အဆိုပါသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး စန်းလွင်တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်စဉ်

ကိုရဲ

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းသင်တန်းများပို့ချ

**ရန်ကုန် ဩဂုတ် ၂၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော့လမိုင်ကျေးရွာ၊ ဒုံဖီကျေးရွာ၊တောင်စွန်းကျေးရွာနှင့် ကျုံညဲကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များအား ပြဋ္ဌာန်းချက်ပါစာအုပ်များနှင့်အညီ စီမံကိန်း ရေရှည်တည်တံ့စေရန်၊ ငွေစာရင်း ရေးသွင်းနည်းနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းများကို ဩဂုတ် ၂၂ ရက်က ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် သင်တန်းပို့ချပေးခဲ့သည်။

**ဗထူး**

## လွှတ်တော်သို့လာရောက်လေ့လာ

**ရန်ကုန် ဩဂုတ် ၂၅**

သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် အကျိုးဆောင်အဖွဲ့များ၊ ကြီးကြပ်သူဆရာမများ စုစုပေါင်း ၄၈ ဦးတို့သည် ဩဂုတ် ၂၄ ရက်က နေပြည်တော်လွှတ်တော်သို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။

အဆိုပါလေ့လာရေးအဖွဲ့အား သန်လျင်အထက(၂) ကျောင်းအကျိုးဆောင် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း(ဇမ္ဗူမေတ္တာကုမ္ပဏီ)မိသားစုကပံ့ပိုးကူညီပေးခဲ့ပြီး လွှတ်တော်ရုံးတာဝန်ရှိသူများက လွှတ်တော်အကြောင်း သိကောင်းစရာများကို လိုက်လံရှင်းလင်းပြသကာ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေမှုအား ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်တို့အား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပြီး လွှတ်တော်အတွင်းကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ဂျမေကာနိုင်ငံ ဘုရင်ခံချုပ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၆**

ဂျမေကာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၂၂ ရက်တွင် ကင်စတန်မြို့၌ ဂျမေကာနိုင်ငံဘုရင်ခံချုပ် ဆာ ပတ်ထရစ် အယ်လင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ၂၀၁၈ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၁၈ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ အမြဲတမ်းဝန်ထမ်းဆရာဝန်များအတွက် ဖွင့်လှစ်မည့် ဆေးပညာပါရဂူသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ ဒီပလိုမာသင်တန်းများနှင့် ပြင်ပဆရာဝန်များအတွက်ဖွင့်လှစ်မည့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာသင်တန်း၊ အခြေခံအရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူထားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်း နှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅-** ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူ မြို့တွင် တစ်ပေခွဲခန့်နှင့် ညောင်ဦးမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းလာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ အောင်လံမြို့တွင် တစ်လက်မခန့်၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း အောင်လံမြို့တွင် သုံးလက်မခန့်နှင့် နောက်သုံးရက်အတွင်း ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

**(သတင်းစဉ်)**

❄ *ကျော့ဖုံးမှ*

မီးတိုက်ချောင်းဝကင်းစခန်းအား နံနက် ၄ နာရီ မိနစ် ၂၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်ရာ မီးတိုက်ချောင်းဝကင်းစခန်းအတွင်းထိဝင်၍ ဓားဖြင့်ဝိုင်းဝန်းခုတ်ခဲ့သဖြင့် ရဲတပ်ကြပ် ရဲမြင့်၊ ရဲဒုတပ်ကြပ်သက်နိုင်ထွန်း ကျဆုံးခဲ့၍ လက်နက်သုံးလက်ပါသွားကာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။

နတ်ချောင်းကင်းစခန်းအား နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အင်အား (စိစစ်ဆဲ)မှ လာရောက်ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဇီးပင်ချောင်းစခန်းအား နံနက် ၄ နာရီခွဲတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အင်အား ၁၅၀ ခန့် လာရောက်ဝိုင်းပြီး ကင်းစခန်းအတွင်းထိဝင်၍ ဓားဖြင့်ဝိုင်းဝန်းခုတ်ခဲ့သဖြင့် ရဲတပ်သား မင်းသူရနိုင် ကျဆုံးခဲ့ကာလက်ကိုင် ဆက်သွယ်ရေးစက်တစ်လုံးနှင့် တစ်လုံးထိုးသေနတ်တစ်လက် ပါသွားခဲ့ကြောင်း သိရသည်။

လောင်းဒုံစခန်းအား နံနက် ၃ နာရီ ၂၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။ မောင်းနီကင်းစခန်းအား နံနက် ၁ နာရီတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သီဟိုဠ်ကင်းစခန်းအား နံနက် ၄ နာရီ ၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် လာရောက်ဝိုင်းဝန်းခဲ့၍ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် အချိန်အနည်းငယ်အတွင်း ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဇင်ပိုင်ညာစခန်းအား နံနက် ၄ နာရီ ၁၀ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ လာရောက်ဝိုင်းခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ နံနက် ၄ နာရီ ၃၅ မိနစ်အချိန်တွင် ပြန်လည်ဆုတ်ခွာ သွားခဲ့သည်။ ကျောက်ပြင်ဆိပ်ကင်းစခန်းအား နံနက် ၇ နာရီ ၃၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အင်အား (စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ပဒင်းခေါင်းတကာ ကင်းစခန်းအား နံနက် ၀၀ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ပညောင်ပင်ကြီးကင်းစခန်းအား နံနက် ၁ နာရီ မိနစ် ၂၀ တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အင်အား (စိစစ်ဆဲ)မှ လာရောက်ဝိုင်းဝန်း၍ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ရွှေရင်အေးစခန်းအား နံနက် ၄ နာရီတွင် လူအုပ်များတက်လာသည်ဟု သတင်းရရှိခဲ့သည်။ သရေကုန်းဘောင် ကင်းစခန်းအား နံနက် ၅ နာရီ ၁၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် ဝင်ရောက်လာသည့် သတင်းအရ လူ၊ လက်နက်များ ရွာအတွင်းသို့ ရွှေ့ပြောင်းခဲ့ရသည်။

ချိန်ခါလီစခန်းအား နံနက် ၄ နာရီတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့သည်။ မြင်းလွတ်စခန်းအား နံနက် ၄ နာရီ ၄၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အင်အား ၁၀၀၀ ခန့်က လာရောက်ဝိုင်းဝန်းတိုက်ခိုက်သဖြင့် ရဲမှူး ဟိန်းထက်ကျော်၊ ရဲတပ်သား ဝင်းထိုက်တို့နှစ်ဦး ကျဆုံးခဲ့ပြီး ဘီအေ ၉၄ တစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက် ပါသွားခဲ့သည်။

အလယ်သံကျော်စခန်းအား နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ)မှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒုလဝကမှူး ဇာမောင်း ကျဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဥဒေါင်း(နတလ) စခန်းအား နံနက် ၅ နာရီ ၁၀ မိနစ် တွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားအင်အား ၁၀၀ မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှာ နံနက် ၆ နာရီတွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ နှာခေါင်းတိုချောင်းဝကင်းစခန်းအား နံနက် ၇ နာရီ ၂၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

သဝန်ချောင်းစခန်းအား နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့်က လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ကိုးတန်ကောက်စခန်းအား နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် တပ်မတော်စစ်ကြောင်းများ ရောက်ရှိလာပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အလောင်းခြောက်လောင်းရရှိခဲ့သည်။

တောင်ဘဇာ ရဲကင်းစခန်းအား နံနက် ၃ နာရီ မိနစ် ၄၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်း ဖက်သမားအင်အား ၁၀ ဦးခန့်က လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အလောင်းငါးလောင်းရရှိခဲ့ပြီး နံနက် ၅ နာရီ ၁၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားသည်။ ဖောင်တော်ပြင်စခန်းအား နံနက် ၄ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား(စိစစ်ဆဲ)မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒုရဲအုပ်အောင်မြင့်ဦးနှင့် ဒုတပ်ကြပ် စိုးဝင်းတို့နှစ်ဦးကျဆုံးခဲ့ရကာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားနှစ်ဦး သေဆုံးခဲ့သည်။

အလားတူ မောင်တောမြို့ပတ်လည်ရှိ ရဲစခန်း ရဲကင်းများအား အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုများတွင် ရပ်ကွက်(၅) ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား အလုံးအရင်းဖြင့် အော်ဟစ်ဝိုင်းလာသဖြင့် တပ်ဖွဲ့ဝင်များက ထပ်မံပစ်ခတ်ခဲ့ရသည်။ ရွာသစ်ကေ ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားငါးဦးက လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မြို့ဝင်တံတား ရဲကင်းစခန်းအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ငါးဦးက သေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ နတလ ရဲကင်းများအား နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက အချိန်ကိုက် လာရောက်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ယာဉ်ထိန်းရဲရုံးနှင့် မူးယစ်ရဲတပ်ဖွဲ့ရုံးများအတွင်းသို့ နံနက် ၃ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ဓာတ်ဆီပုလင်း (လက်လုပ်ဗုံး)ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယာဉ်ထိန်းရဲရုံးရှေ့ မြက်ခင်းမီးလောင်ခဲ့သည်။ ကျောက်ပန္နရွာအနီးရှိ အရှည်ရှစ်ပေ၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ် တံတားဟောင်းအား နံနက် ၈ နာရီ ၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးခဲ့သည်။



အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လက်နက်များ

ထိုသို့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး၊ ဒုလဝကမှူးတစ်ဦး စုစုပေါင်း ကိုးဦး သေဆုံးခဲ့ရပြီး လက်နက်ငယ်ခြောက်လက်၊ လက်ကိုင်ဆက်သွယ်ရေးစက်တစ်လုံးပါ ဆုံးခဲ့ကာ လာရောက်တိုက်ခိုက်ခဲ့သည့် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၆ ဦး သေဆုံးခဲ့သည်။

တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မောင်တောဒေသအတွင်း နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အချိန် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပမည့် အချိန်တို့နှင့် အချိန်ကိုက်အကြမ်းဖက်တိုက်ခိုက်မှုများဖန်တီးကာ တိုက်ကွက်များ ဖော်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်ရသည်။

ထပ်မံရရှိသည့် သတင်းများအား နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ မွန်းလွဲ ၁ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**



စေတီပြင်အထက်တံတားကို အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးခဲ့ပုံ



အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ မိုင်းထောင်ထားခဲ့သည့် မှတ်တမ်းဓာတ်ပုံ

## အင်္ဂပူမြို့နယ်အတွင်းရှိ ဘုရားတစ်ဆူရေထဲမျောပါ၊ လူဦးရေ ၁၁၄၀၈၇ ဦးခန့် ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဩဂုတ် ၂၃ ရက်မှစ၍ ဧရာဝတီမြစ်ရေမြင့်တက်လာသောကြောင့် ပြည်မြို့ နဝင်းရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း ၃၀၀ ကျော် ရေဘေးသင့်နေရပြီး အဆိုပါရေဘေးသင့် ရပ်ကွက်ရှိ အိမ်ထောင်စုများထံ ဩဂုတ် ၂၅ ရက်က ပြည်မြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဝင်းညွန့် ဦးဆောင်သော ကြက်ခြေနီ စေတနာလုပ်အားရှင် ၁၈ ဦးတို့သည် သောက်ရေသန့်ဘူး ၂၀၀၀ ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရှေးဦးပြုစုခြင်း အပါအဝင် လိုအပ်သောကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၂၄ ရက် နံနက်၉ နာရီခွဲမှစ၍ မကွေးတိုင်းဒေသကြီး သရက်ခရိုင်အောင်လံမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာသောကြောင့် အောင်လံမြို့နယ်မှ ရပ်ကွက်ငါးခု၊ ကျေးရွာသုံးရွာရှိ အိမ်ထောင်စုပေါင်း ၄၀၀ ကျော်၊ လူဦးရေ စုစုပေါင်း ၂၀၀၀ ကျော်တို့၏ နေအိမ်များ ရေနစ်မြုပ်ခြင်းခံခဲ့ရသည်။အဆိုပါ ရေဘေးသင့်နေရာများအနက်မှ စမ်းချောင်းရပ်ကွက်နှင့် သရက်တောရပ်ကွက်တို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၂၆၀ ကျော်မှ လူဦးရေ ၁၀၀၀ ကျော်တို့ကို အောင်လံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြို့နယ်တပ်ဖွဲ့မှူး ဦးကျော်နိုင်ဦးဆောင်သော ကြက်ခြေနီ စေတနာလုပ်အားရှင် ၁၂ ဦးတို့သည် ရေဘေးသင့်ပြည်သူများနှင့် ၎င်းတို့၏ အိမ်ထောင်ပရိဘောဂများကို နီးစပ်ရာရေဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဧရာဝတီ မြစ်ရေဝင်ရောက်မှုကြောင့် သရဲဇီးကျေးရွာပါ ခုနစ်ရွာရှိ အိမ်ထောင်စု ၄၁ စုမှ အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း လူဦးရေ ၁၆၅ ဦးတို့သည် ရေလွတ် နေရာများသို့ ပြောင်းရွှေ့ခဲ့ရကြောင်းနှင့် စာသင်ကျောင်း ငါးကျောင်းကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်။ ထို့ပြင် ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် သရက်တောရပ်ကွက်ပါ နှစ်ခုရှိ အိမ်ထောင်စု ၅၆ စု၊ အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၁၂၃ ဦး စုစုပေါင်း လူဦးရေ ၂၃၉ ဦးတို့ ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခဲ့ရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရ၊ တံတားဦး၊ မြင်းခြံ၊ ညောင်ဦးနှင့် သာစည်မြို့နယ်တို့အတွင်း ယမန်နေ့က ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုနှင့် တောင်ကျချောင်းရေကျဆင်းမှုကြောင့် ပြည်ညောင် (ရထား) ကျေးရွာပါ ၁၄ ရွာရှိ အိမ်ထောင်စု ၁၆၁ စု၊ အမျိုးသား ၃၆၇ ဦး၊ အမျိုးသမီး ၄၂၃ ဦး စုစုပေါင်း လူဦး ရေ ၇၉၀ တို့ ပြောင်းရွှေ့ခဲ့ရကြောင်းနှင့် စာသင်ကျောင်း ၁၃ ကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အင်္ဂပူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် နံကပ်ကြီးကျေးရွာရှိ ဉာဏ်တော် ၁၈ တောင် ၊ လုံးပတ် ၅၂ တောင်၊ အရံစေတီလေးဆူ ပါရှိသည့် ဒီပအေးမြစေတီတော်ကြီးသည် ဧရာဝတီမြစ်အတွင်းသို့ ပြိုကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ်သိန်း ၃၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် မြစ်ရေဝင်ရောက်မှုကြောင့် ဓမ္မကျွန်းကျေးရွာပါနှစ်ရွာရှိ စာသင်ကျောင်း နှစ်ကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

ယနေ့အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အချို့ရေဘေးကယ်ဆယ်ရေးစခန်းများနှင့်ဘေးလွတ်ရာ တိမ်းရှောင်နေသူ စုစုပေါင်း အိမ်ထောင်စု ၂၄၉၆၈ စုခန့်မှ လူဦးရေ ၁၁၄၀၈၇ ဦးခန့် ကျန်ရှိနေကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ဇူလိုင် ၁ ရက်မှစ၍ ဩဂုတ် ၂၃ ရက် အထိ ရေဝင်အိမ်ခြေ ၆၉၅၂၆၊ မျောပါ ၉၂၊ ယာယီ ရွှေ့ပြောင်းအိမ်ထောင်စု ၆၄၉၃၀ စုမှ လူဦး ရေ ၂၆၆၀၂၉ဦးခေတ္တရွှေ့ပြောင်းခဲ့ရပြီး အဆိုပါ ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့က စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၄၈၃၉၈၅၆၉ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်ထုတ်ပြန်ချက်နှင့် လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရခြင်းတို့နှင့် ပတ်သက်၍

# အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော်  ဩဂုတ်  ၂၅**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ယနေ့တွင် ကြေညာချက်များ အသီးသီးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်သံရုံး၏ ကြေညာချက်များတွင် ဩဂုတ် ၂၄ ရက်က ထုတ်ပြန်ခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ထုတ်ပြန်ကြေညာချက်ကို အမေရိကန်သံရုံးက ကြိုဆိုပါကြောင်း၊ ကော်မရှင်၏ အကြံပြုချက်များကို ပြည့်ဝသောအတိုင်းအတာအထိ အကောင်အထည်ဖော်မည့်အမြင်ဖြင့် ပြန်လည်သုံးသပ်သွားမည့် အစိုးရ၏ကတိကဝတ်ကို ချီးကျူးပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရှုပ်ထွေးလှသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အစိုးရ၏ ကြိုးစားအားထုတ်မှုများကို ဆက်လက်၍ အားပေးကူညီသွားရန် မိမိတို့မျှော်လင့်လျက်ရှိပါကြောင်းဟု လည်းကောင်း၊ ထို့ပြင် ညကဖြစ်ပွားခဲ့သော လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရခြင်းနှင့်ပတ်သက်၍ ရှုတ်ချပြီး အသက်စွန့်လွှတ်ခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါသည်ဟု မိမိတို့ ပြောကြားလိုပါကြောင်း၊ ယင်းလုပ်ရပ် ကျူးလွန်သူများကို လက်ရဖမ်းဆီးမိရေးနှင့် နောက်ထပ် အကြမ်းဖက်မှုများ မဖြစ်ပွားရေးအတွက် အစိုးရနှင့်လုံခြုံရေးတပ်ဖွဲ့များက အရေးယူဆောင်ရွက်ရန် တာဝန်ရှိသည်ကို မိမိတို့နားလည်အသိအမှတ်ပြုပါကြောင်း၊ အပြစ်မဲ့ အရပ်သားအားလုံးကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိုသို့လက်ရဖမ်းဆီးနိုင်ရေးနှင့် နောက်ထပ်အကြမ်းဖက်မှုမဖြစ်ပွားရေးတို့ကိုဆောင်ရွက်ရန် မိမိတို့ တိုက်တွန်းခြင်းဖြစ်ပါကြောင်း၊ လူမှုအသိုက်အဝန်းအားလုံးအနေနှင့် ၎င်းတို့၏အပြုအမူ အပြောအဆိုများသည် ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှု ပြန်လည်ရရှိနိုင်ရေးအတွက် ဦးတည်စေလိုကြောင်းကိုလည်း တိုက်တွန်းပါကြောင်းဟုလည်းကောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံး၏ ကြေညာချက်တွင် ဗြိတိသျှသံရုံးရန်ကုန်အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာအား ကြိုဆိုပါကြောင်း၊ သံရုံးအနေဖြင့် ကော်မရှင်၏ အကြံပေးချက်များကို ဆောင်ရွက်သွားမည့် အစိုးရ၏ကြေညာချက်ကိုလည်း ကြိုဆိုပါကြောင်း၊ ရခိုင်ပြည်နယ်မှ အခြေအနေသည် အကြမ်းဖက်နည်းဖြင့် တိုးတက်မှုရရှိအောင် ဆောင်ကြဉ်းနိုင်မည်မဟုတ်ပါကြောင်း၊ သံရုံးအနေဖြင့် ယမန်နေ့ညက တိုက်ခိုက်မှုများအား ရှုတ်ချပါကြောင်း၊ အရပ်သားများအား အကာအကွယ်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီရရှိရေး ဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံစွပ် ၄၇ ချောင်း ၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်စဉ်သည် ၎င်းဒေသတွင် အများစု နေထိုင်ရောက်ရှိလျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက် အကြမ်းဖက်ဝါဒတိုးမြှင့်လာစေရန် အချိန်ယူ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်။

၃။ အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သည် လုံခြုံရေးအင်အားထပ်မံဖြည့်တင်း၍ တပ်မတော်နှင့် ပူးပေါင်းပြီး ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိစဉ် ဒေသခံတိုင်းရင်းသားများအား သတ်ဖြတ်မှု၊ ခိုးခြောက်မှု၊ ဝါဒဖြန့်မှုဖြစ်စဉ်များကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အဟန့်အတားဖြစ်စေခဲ့ပါသည်။ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် မေယုတောင်ကြောပေါ်တွင် အကြမ်းဖက်သမားများ၏ ခြေကုပ်စခန်းများကို စစ်ဆေး တွေ့ရှိခဲ့သည်။

၄။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သား ၁ ဦး စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁ ဦးတို့ ကျဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူ အများအပြား ဒဏ်ရာရရှိခဲ့ကာ လက်နက်ခြောက်လက် ဆုံးရှုံးခဲ့ရသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုတ်ချပါသည်။ အကြမ်းဖက်တိုက်ခိုက်မှု မှန်သမျှကို တားဆီးကာကွယ်သွားမည် ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများ၊ ငွေကြေးထောက်ပံ့သူများ၊ စီစဉ် ဆောင်ရွက်သူများ၊ ပူးပေါင်းကြံစည်သူများ၊ အားပေးကူညီသူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ သို့ဖြစ်၍ ယခုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သော အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော Arakan Rohingya Salvation Army (ARSA) တို့ကို အကြမ်းဖက်အုပ်စုဖြစ်သည်ဟု အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ (င) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုအပြင် ၎င်းတို့နေထိုင်သည့်အိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေး

**နေပြည်တော်  ဩဂုတ်  ၂၅**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းရှိ လုံခြုံရေးရဲကင်းနှင့် ရဲစခန်းများကို အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်သည့်အပြင် ဒုက္ခသည်စခန်းများနှင့် ရွာများကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလီ ဘင်္ဂါလီရွာတွင် နေထိုင်ကြသည့် ဘင်္ဂါလီများသည် ၎င်းတို့၏ နေအိမ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မီးရှို့ဖျက်ဆီးခဲ့ပြီး မြစ်နားဘင်္ဂါလီကျေးရွာနှင့် မေယုတောင်ကြောဘက်သို့ တက်သွားခဲ့ကြသည်။



အစွန်းရောက်  ဘင်္ဂါလီအကြမ်းဖက်သမားများ  ကျေးရွာများရှိ  မိမိတို့နေအိမ်များအား  မီးရှို့ဖျက်ဆီးခဲ့စဉ်

အလားတူ ရသေ့တောင်မြို့နယ်အတွင်းရှိ အိမ်ခြေ ၆၀ ရှိသည့် စေတီပြင် ဘင်္ဂါလီကျေးရွာတွင် နေထိုင်ကြသည့် ဘင်္ဂါလီများသည် ၎င်းတို့၏ နေအိမ်များကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ချင်းရွာဘက်သို့ ပြောင်းရွှေ့သွားကြောင်း သိရသည်။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် ယနေ့နံနက် အရုဏ် တက်တွင် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသည့် ရဲကင်းစခန်းများကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ကင်းစခန်းပေါင်း ၃၀ ခု၊ ကျဆုံးတပ်ဖွဲ့ဝင်ပေါင်း ၁၁ဦး (တပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး)၊ ဒုလဝကမှူး တစ်ဦးသေဆုံးပြီး ဒဏ်ရာရ တပ်ဖွဲ့ဝင်ပေါင်း ၁၁ ဦး၊ သုံးဦး စိုးရိမ်ရ၊ လက်နက်ခြောက်လက် ဆုံးရှုံးခဲ့သည်။ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား အလောင်း ၅၉ လောင်းနှင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး အရှင်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတို့ကျဆုံး၊ ဒဏ်ရာရရှိခဲ့သည့်အပြင် ဘူးသီးတောင်မြို့နယ်၊ ဖောင်တော်ပြင်ကင်းစခန်းရှိ ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်း ဦးဇော်မျိုး အောင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။

မောင်တော မောင်နှမရွာ ဗလီရှေ့ကားလမ်းမပေါ်တွင် စစ်ကူသွားသည့် နယ်ခြားစောင့်ရဲတပ်ရင်းမှ ကားသုံးစီးကို မွန်းလွဲ ၂ နာရီခွဲတွင် မိုင်းဆွဲပြီး မွန်းလွဲပိုင်းအချိန်ထိ ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း သိရသည်။ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ထပ်မံရရှိသည့် သတင်းများအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ညနေ ၄ နာရီ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲနှင့် မြင်းလွတ်မြို့တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျေးရွာသူ ကျေးရွာသားများအား လုံခြုံမှုရှိသည့်နေရာများသို့ ပြောင်းရွှေ့ကယ်ထုတ်

**နေပြည်တော် ဩဂုတ် ၂၅**

မောင်တောမြို့နယ် ခမောင်းဆိပ်၊ တောင်ပြိုလက်ဝဲနှင့် မြင်းလွတ်မြို့တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများအား လုံခြုံမှုရှိသည့် နေရာများသို့ ပြောင်းရွှေ့ကယ်ထုတ်ပေးလျက်ရှိပြီး တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ်၊ တောင်ပြိုလက်ဝဲမြို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း ၁၁ ဦး နှင့် မိသားစုဝင် ငါးဦး ၊ နတလဝန်ထမ်း တစ်ဦးနှင့် မိသားစုဝင် ခုနစ်ဦး၊ လမ်းဦးစီး ဝန်ထမ်း နှစ်ဦး တို့အား နယ်ခြားစောင့်ရဲတပ်ရင်း နယ်မြေ (၁) ရဲစခန်းသို့လည်းကောင်း၊ မြင်းလွတ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း ၁၇ ဦးအား မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေး ရုံးသို့လည်းကောင်း၊ ပညာရေးဝန်ထမ်း ၁၂ ဦးအား နယ်ခြားစောင့်ရဲ မောရဝတီစခန်းသို့လည်းကောင်း ခေတ္တပြောင်းရွှေ့ပေးခဲ့ပြီး ခမောင်းဆိပ်မြို့ရှိ ထွေ/အုပ်ဝန်ထမ်း ခြောက်ဦး၊ ပညာရေးဝန်ထမ်း ၁၀ဦးတို့သည် မင်းခမောင်း တိုင်းရင်းသားကျေးရွာသို့သွားရောက် ပူးပေါင်းနေထိုင်လျက်ရှိရာ အဆိုပါ ဝန်ထမ်း ၁၆ ဦးအား လုံခြုံရေးရှိသည့်နေရာသို့ပြောင်းရွှေ့ကယ်ထုတ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်အတွင်းရှိ နံ့သာတောင် ပရဟိတကျောင်းမှ ကလေးများ၊ အမျိုးသမီးများ၊ ရွာသားများ စုစုပေါင်း ၄၀၀ ကျော်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံသည့် တောင်ပြိုအထက်တန်းကျောင်းသို့ ပြောင်းရွှေ့နေရာချထားပြီး ဘူးသီးတောင်မြို့ရှိ သာသနာ့ဗိမာန်ကြီးသို့ အောင်ဗလကျေးရွာမှ ရွာသူ ရွာသား ၁၅၀ ခေတ္တရောက်ရှိ နေထိုင်လျက်ရှိကြောင်း သိရသည်။

တောင်ဘဇာကျေးရွာနှင့် ပီရွက်ကျေးရွာမှ ရွာသူရွာသားများနှင့် ဌာနဆိုင်ရာများအား နယ်မြေခံတပ်ရင်းသို့ ပြောင်းရွှေ့ထားရှိပြီး တပ်မတော်နှင့်



နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် မောင်တောဒေသအတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ဘေးကင်းလုံခြုံသည့် နေရာများသို့ ဆက်လက်ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် နယ်မြေစိုးမိုးနိုင်ရေး ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ည ၇ နာရီ ထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# မြန်မာအလုပ်သမားအများဆုံးရှိသည့် ချင်းမိုင်၊ နခွန်စဝမ်နှင့် ဆောင်ခလာတို့တွင် CI စခန်းသစ်များဖွင့်

**နေပြည်တော်  သြဂုတ် ၂၅**



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၂/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ထိုင်းနိုင်ငံမှ သတ်မှတ်ကာလအတွင်း မြန်မာအလုပ်သမားများကို အထောက်အထားထုတ်ပေးနိုင်ရန် လက်ရှိစခန်းများအနက် မြန်မာအလုပ်သမား အများဆုံးလာရောက်လျှောက်ထားသည့် မဟာချိုင်(၁)၊ မဟာချိုင်(၂)၊ စမုပရာကန်နှင့် ရနောင်း CI စခန်းများ၌ ဝန်ထမ်းနှင့် စက်ပစ္စည်းများဖြည့်တင်းခြင်း၊ Mobile Team ဖြင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်ဆောင်ရွက်ပေးခြင်း၊ မြန်မာအလုပ်သမားအများဆုံးရှိသည့် ချင်းမိုင်၊ နခွန်စဝမ်နှင့် မြန်မာရေလုပ်သားအများဆုံးရှိသည့် ဆောင်ခလာတို့တွင် CI စခန်းအသစ်များ ဖွင့်လှစ်ခြင်းတို့အပြင် CI ထုတ်ပေးရေးစခန်းများတွင် မြန်မာနိုင်ငံမှ တာဝန်ကျဝန်ထမ်းများအပြင် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ကာ ဆေးစစ်ခြင်း၊ နေထိုင်ခွင့်(Visa)ထုတ်ပေးခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(Work Permit) ထုတ်ပေးခြင်းတို့ကို One Stop Service အနေဖြင့် လာမည့် စက်တင်ဘာ ၁ ရက်က စပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထိုင်းနိုင်ငံဘက်မှ စာရင်းပေးသွင်း စိစစ်အတည်ပြုပြီးသော မြန်မာအထောက်အထားမဲ့ အလုပ်သမားများကို စက်တင်ဘာ ၁၅ ရက်တွင် CI ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါအလုပ်သမားများအနေဖြင့် Counter Service Co., Ltd မှ ဝန်ဆောင်မှုပေးသောနေရာများတွင် စက်တင်ဘာ ၆ ရက်မှစ၍ ငွေပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း။

ထို့ပြင် စခန်းအသစ် သုံးခုတွင် စက်တင်ဘာ ၁၅ ရက်မှစ၍ CI ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ Government to Government စနစ်ဖြင့် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်ကို အစိုးရဝန်ထမ်းလေးဦးနှင့် သက်ဆိုင်ရာနယ်ပယ်တွင် ကျွမ်းကျင်သည့် လုပ်ငန်းရှင်တစ်ဦးပါဝင်သည့် လုပ်ငန်းအဖွဲ့ဖြင့် ဆောင်ရွက်ရန် နှစ်နိုင်ငံအစိုးရအကြား သဘောတူညီမှုရရှိခဲ့ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ မြန်မာအလုပ်သမားရေးရာကိစ္စဆောင်ရွက်နေသည့် သံမှူးနှင့် အလုပ်သမား သံအရာရှိတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ အလုပ်သမားများကို အထောက်အထားထုတ်ပေးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများကိုလည်း ယခင်လုပ်ကိုင်ခဲ့သော အလုပ်ရှင်ထံပြန်လည်လုပ်ကိုင်နိုင်ရန် MoU စနစ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း။

ကိုရီးယားသမ္မတနိုင်ငံသို့ ရေလုပ်သားများ စေလွှတ်ရာတွင် Ministry of Oceans and Fisheries နှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ရေလုပ်သားစေလွှတ်မည့်အဖွဲ့အစည်းနှင့် ကိုရီးယားသမ္မတနိုင်ငံဘက်မှ လက်ခံမည့် အဖွဲ့အစည်းတို့ သဘောတူညီချက်လက်မှတ်ရေးထိုးကာ ကိုရီးယားသမ္မတနိုင်ငံ၊ Korean Seafarers' Act နှင့်အညီ အလုပ်ခေါ်စာများကို အလုပ်သမားသံအရာရှိက စိစစ်၍ ကမ်းနီးရေလုပ်သားများ စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လက်မှတ်ရေးထိုးမည့် နည်းပညာအလုပ်သင် သင်တန်းသားလေ့ကျင့်ရေး အစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာကို နှစ်နိုင်ငံအပြီးသတ်ညှိနှိုင်းပြီးပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်များတောင်းခံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မလေးရှားနိုင်ငံ မြန်မာသံရုံးမှ မလေးရှားနိုင်ငံသို့ အလုပ်သမားများတရားဝင် စေလွှတ်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသဖြင့် (၂၆/၂၀၁၇) ကြိမ်မြောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ယာယီရပ်ဆိုင်းခြင်းမပြုမီ Calling Visa ရရှိထားသည့် အလုပ်သမားများကိုသာ မလေးရှားနိုင်ငံသို့ ပြန်လည်စေလွှတ်လျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်ခြင်းဖြင့် အခက်အခဲများ ကြုံတွေ့ပြီး ပြန်လာရသော အလုပ်သမားများ နေ့စဉ်ရှိနေသဖြင့် တရားမဝင်သွားရောက်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းပူးပေါင်း၍ ပွဲစားများ ပပျောက်စေရေး ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှုအခြေအနေများ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ငွေကြေးများအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပို့ပေးနိုင်မည့်အခြေအနေများ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ရန်ပုံငွေအား သီးခြားငွေစာရင်းဖြင့် စနစ်တကျပြန်လည်ပြုစု၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ငွေစာရင်းများ စစ်ဆေးပေးမည့်အစီအစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မောင်တောဒေသအတွင်းရှိ ရဲကင်းစခန်းများအား နီးစပ်ရာကင်းစခန်းများသို့ပူးပေါင်း

**နေပြည်တော်  သြဂုတ် ၂၅**

သြဂုတ် ၂၅ ရက်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း တိုက်ခိုက်ခဲ့ရာ တပ်မတော်သား တစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦး ပေါင်း ၁၂ ဦး ကျဆုံးခဲ့ပြီး လက်နက်ငယ် ၆ လက်၊ လက်ကိုင် ဆက်သွယ်ရေးစက်တစ်လုံး ဆုံးရှုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် အင်အားအလုံးအရင်းဖြင့် ရဲကင်းစခန်းငယ်များအား ထပ်မံဝင်ရောက်တိုက်ခိုက်ခြင်း မပြုလုပ်နိုင်ရန်အတွက် ရဲကင်းစခန်းငယ်များမှ လုံလောက်သောအင်အားဖြင့် ပြန်လည်ခုခံနိုင်ရန်နှင့် ထပ်မံအကြမ်းဖက်ခံရမှု မဖြစ်ပွားစေရန်အတွက် ရဲကင်းစခန်း ၂၃ ခုအား အောက်ဖော်ပြပါ ကင်းစခန်း/ နယ်မြေစခန်းများသို့ သွားရောက်ပူးပေါင်းခဲ့ပါသည်-

၁။ ဦးလှုဖေစခန်း နယ်မြေ (၁၀) မှ ကင်းချောင်းစခန်း နယ်မြေ (၁၀) သို့
၂။ ဆေးရိုးကျစခန်း နယ်မြေ (၁၀) မှ ဖုံညိုလိပ်စခန်း နယ်မြေ (၁၀) သို့
၃။ ၃ မိုင်စခန်း နယ်မြေ (၈) မှ မြင်းလွတ် နယ်မြေ (၈) သို့
၄။ ဂျင်းတောစခန်း နယ်မြေ (၈) မှ ကျောက်ပန္တု(နတလ) နယ်မြေ (၉) သို့
၅။ ဇော်မတက် စခန်း နယ်မြေ (၇) မှ ကိုင်းကြီးစခန်း နယ်မြေ (၇) သို့
၆။ ဘဂုံးနားစခန်း နယ်မြေ (၇) မှ နိုရူလာစခန်း နယ်မြေ (၇) သို့
၇။ ဆာလေ စခန်း နယ်မြေ (၂) မှ အောင်ဇူ စခန်း နယ်မြေ (၂) သို့
၈။ ဇီးပင်ချောင်း စခန်း နယ်မြေ (၄) မှ ဇီးပင်ချောင်းဝ စခန်း နယ်မြေ (၄) သို့
၉။ ဝက်ကျိန်း စခန်း နယ်မြေ (၄) မှ မင်းကြီးစခန်း နယ်မြေ (၄) သို့
၁၀။ ကျောက်ချောင်းချောင်းဝစခန်း နယ်မြေ (၄) မှ ကျွန်းပေါက်ချောင်းဝစခန်း နယ်မြေ (၄) သို့
၁၁။ ထန်းချောင်း စခန်း နယ်မြေ (၄) မှ လိပ်ရစခန်း နယ်မြေ (၄) သို့
၁၂။ သက်ကိုင်ညာစခန်း နယ်မြေ (၂) မှ တမန်းသား စခန်း နယ်မြေ (၂) သို့
၁၃။ ကြီးကျွန်းစခန်း နယ်မြေ (၃) မှ နံ့သာတောင် ချောင်းဝစခန်း နယ်မြေ (၃) သို့
၁၄။ နံ့သာတောင်စခန်း နယ်မြေ (၃) မှ နံ့သာတောင်ရွာ နယ်မြေ (၃) သို့
၁၅။ သာယာကုန်း နယ်မြေ (၃) မှ သင်္ဘောလှစခန်း နယ်မြေ (၃) သို့
၁၆။ လက်ယာချောင်းစခန်း နယ်မြေ (၂) မှ မင်္ဂလာညွန့်စခန်း နယ်မြေ (၂) သို့
၁၇။ ကျောက်ပြင်ဆိပ်စခန်း နယ်မြေ (၆) မှ ပြင်ဖြူ၊ ဇင်ပိုင်ညာ၊ လဘောဇား စခန်းများ နယ်မြေ (၆) သို့
၁၈။ ညောင်ပင်လှစခန်း နယ်မြေ (၁၁) မှ မီညိုထောင့်စခန်း နယ်မြေ (၁၁) သို့
၁၉။ ဥဒေါင်းတံတားစခန်း နယ်မြေ (၈) မှ ဥဒေါင်း(နတလ)စခန်း နယ်မြေ (၈) သို့
၂၀။ သင်္ဘောကွေ့စခန်း နယ်မြေ (၉) မှ အင်းဒင်စခန်း နယ်မြေ (၉) သို့
၂၁။ ချိန်ခါလီစခန်း နယ်မြေ (၈) မှ အလယ်သံကျော်နယ်မြေရုံး နယ်မြေ (၈) သို့
၂၂။ ကွဲရိုင်းစခန်းနယ်မြေ (၁၀) မှ ကျောင်းတောင် စခန်း နယ်မြေ (၁၀) သို့
၂၃။ မောင်နီစခန်း နယ်မြေ (၆) မှ POE စခန်း နယ်မြေ (၆) သို့။

ထိုကဲ့သို့ ရဲကင်းစခန်းများအား နီးစပ်ရာကင်းစခန်းများသို့ ပူးပေါင်းခြင်းသည် အစွန်းရောက်အကြမ်းဖက်သမားများ၏ ဝင်ရောက်တိုက်ခိုက်စီးနင်းခံရမှု ကြောင့် စခန်းများအား ဆုတ်ခွာခဲ့ခြင်း မဟုတ်ဘဲ ထပ်မံ၍ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပေါ်လာပါက ကင်းစခန်းများတွင် လုံလောက်သော အင်အားဖြင့် ပြန်လည် တုံ့ပြန်ခုခံနိုင်ရန်အတွက်နှင့် တိုင်းရင်းသားကျေးရွာများအား လုံလောက်သော လုံခြုံမှုပေးနိုင်ရန်အတွက် ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ည ၉ နာရီခွဲ ထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

## မိုးသည်းထန်စွာရွာသွန်းသဖြင့် မိသားစုသုံးဦး ချောင်းအတွင်းမျောပါသေဆုံး

**သပိတ်ကျင်း  သြဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဇုံးကျေးရွာအုပ်စု ကွင်း(၃၀) ကျေးရွာ ရွှေချောင်းသာကွက်ရပ် ချောင်းဘေးတွင် နေထိုင်သည့် ဒေါ်ခင်ဌေးဝင်း၊ မောင်အောင်ဝင်းခိုင်(ငါးနှစ်)နှင့် ကိုးလအရွယ် မိန်းကလေးတစ်ဦး စုစုပေါင်းမိသားစုသုံးဦးမှာ သြဂုတ် ၂၅ ရက် နံနက် ၆ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကျသံများကြား၍ နေအိမ်ရှေ့သို့ ပြေးထွက်စဉ် ချောင်းရေအတွင်း မျောပါသွားကြောင်း၊ ဒေါ်ခင်ဌေးဝင်း၏ အလောင်းအား ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်နှစ်ဦးမှာ တွေ့ရှိခြင်းမရှိသေးသဖြင့် ကျေးရွာနေသူများနှင့် ဆက်လက်ရှာဖွေနေကြောင်း သိရှိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း )**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော်  သြဂုတ် ၂၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝေန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်၌ ရောက်ရှိနေသည်

အဆိုပါမြစ်ရေသည်နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## တရားခံပြေးအား ရဲကဖမ်းဆီးစဉ် ဓားဖြင့်ခုခံ၍ သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ရ

**ဘားအံ  သြဂုတ် ၂၅**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်က မူးယစ်ဆေးဝါးအမှုနှစ်မှုဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦးမှာ မူးယစ်ဆေးဝါး လာရောက်ရောင်းချလျက်ရှိကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ် ဘားအံမြို့နယ် ကော့တရုတ်ရ ကျေးရွာအုပ်စု ကော့ရမ်းသော်ကျေးရွာ သုသာန်အနီး သွားရောက် ဖမ်းဆီးခဲ့စဉ် တရားခံပြေး ပဝင်းက အဖမ်းမခံဘဲ အသင့်ကိုင်ဆောင်ထားသော အရိုးအသွား နှစ်ပေ၊ လေးလက်မခန့်ရှိ ဓားရှည်ဖြင့် ရဲအုပ်သက်စိုးဦးအား ဝင်ရောက်တိုက်ခိုက်သဖြင့် ရှောင်တိမ်း၍ ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ချက်ခြောက်လှန့်ပစ်ခတ်သော်လည်း ဓားဖြင့် ထပ်မံတိုက်ခိုက်သဖြင့် ရဲအုပ်သက်စိုးဦးက ခါးအောက်ပိုင်းအား ပစ်ခတ်ခဲ့ရာ ဟန်ချက်ပျက် ယိုင်လဲသွားပြီး ဖမ်းဆီးရမိသဖြင့် ၎င်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ (အလေးချိန် ၁၀ ဂရမ်) ဆင်းကတ်ပါ ဟန်းဆက်တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် ပဝင်း (၂၄ နှစ်) ကော့ရမ်းသော်ကျေးရွာ ကော့တရုတ်ရ ကျေးရွာအုပ်စု ဘားအံမြို့နယ်နေသူကို ထုံးအိုင်နယ်မြေရဲစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရင်းနှီးမြှုပ်နှံသူများသို့အသိပေးကြေညာခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့၌ ပြဋ္ဌာန်းပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းသစ်များနှင့်အညီ အဆိုပြုလွှာများ၊ အတည်ပြုလျှောက်ထားလွှာများတင်ပြကြရာတွင် အခက်အခဲမရှိစေရေးအတွက် ကော်မရှင်သို့ အဆိုပြုလွှာနှင့် အတည်ပြုလျှောက်ထားလွှာတင်ပြရန် ပြင်ဆင်လျက်ရှိကြသော လုပ်ငန်းရှင်များအားကော်မရှင်ရုံးအဖွဲ့မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း လက်ခံတွေ့ဆုံကာ လိုအပ်သည်များ ရှင်းလင်းဖြေကြား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

| စဉ် | နေ့ရက်/အချိန် | အကြောင်းအရာ |
|---|---|---|
| (က) | လစဉ်ပထမပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားသောက်ကုန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ခ) | လစဉ်ဒုတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | CMP လုပ်ငန်းများနှင့်စက်မှုကဏ္ဍ (စားသောက်ကုန်နှင့် သစ်လုပ်ငန်းမှအပ)ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဂ) | လစဉ်တတိယပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | အိမ်ရာအဆောက်အအုံ၊ စက်မှုဇုန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ဟိုတယ်ဝန်ဆောင်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
| (ဃ) | လစဉ်စတုတ္ထပတ်၊ အင်္ဂါနေ့ (နံနက် ၉ နာရီမှ ၁၂ နာရီ) | လျှပ်စစ်၊ စွမ်းအင်၊ အခြားဝန်ဆောင်မှုနှင့် သတ္တုကဏ္ဍ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |

အဆိုပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေပါ အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာများ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးခြင်းအစီအစဉ်ကို တက်ရောက်လိုပါက ရင်းနှီးမြှုပ်နှံသူ(သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးကိုယ်တိုင် တက်ရောက်မည့်ပုဂ္ဂိုလ် အမည်၊ ကုမ္ပဏီ၊ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ကိုဖော်ပြလျက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁- ၆၅၈၀၁၃ ၊ ဖက်စ်- ၀၁- ၆၅၈၀၄၃၊ အီးမေးလ် - dica.ip.mm@gmail.com) သို့ ကြိုတင်စာရင်းပေးဆက်သွယ်၍ တက်ရောက်နိုင်ပါကြောင်း အသိပေးအပ် ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**




## လွယ်ဂျယ်မြို့ လီဆူနယ်မြေ တိမ်းရှောင်စခန်း၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ဗန်းမော် ဩဂုတ် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ လီဆူနယ်မြေတိမ်းရှောင်စခန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ထိုသို့ပေးအပ်နိုင်ရန် လွယ်ဂျယ်မြို့ လဝက ဦးစီးမှူး ဦးသော်ဇင်နှင့်အဖွဲ့သည် မြို့ပေါ်ရှိ လီဆူနယ်မြေ တိမ်းရှောင်စခန်း ငါးခုသို့ကွင်းဆင်း၍ အသက်(၁၀နှစ်) ပြည့်နှင့် (၁၈နှစ်) ပြည့်သူများကို ကတ်ပြားအသစ် ဆောင်ရွက်ပေးခြင်း၊ လဲလှယ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ လဝက ဦးစီးမှူး ဦးသော်ဇင်တို့က အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၁ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သထုံ၌ ငါးချဉ်ထုပ်ဝယ်စားရာမှ ၁၅ ဦးခန့် အစာအဆိပ်သင့်

**သထုံ ဩဂုတ် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် ပိန္နဲတောကျေးရွာ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ကျေးရွာများသို့ လှည့်လည်၍ စားသောက်ကုန်များရောင်းချသည့် သုံးဘီးဆိုင်ကယ်ဈေးသည်ထံမှဝယ်ယူသည့် ငါးချဉ်များကိုစားသုံးမိရာမှ ကျေးရွာနေပြည်သူ ၁၅ ဦးခန့် အစာအဆိပ်သင့်မှု ဖြစ်ပွားကြောင်း သိရသည် ။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်းက သုဝဏ္ဏဝတီမြို့ဘက်မှ ဟင်းသီးဟင်းရွက် အသားငါး စားသောက်ကုန်များကို အမြဲလာရောက်ရောင်းချသော သုံးဘီးဆိုင်ကယ်မှ ဝယ်ယူသည့် ငါးချဉ်များကို စားသုံးပြီး မကြာခင် မူးဝေအော့အန်၍ ဝမ်းသွားကြကြောင်း လူနာများအား ကျေးလက်ကျန်းမာရေးဌာန(ပိန္နဲတော)မှ အရေးပေါ် ဆေးဝါးကုသပေးခဲ့ပြီး ယခု သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ တစ်ဦးတည်း ဆက်လက်လာရောက်ကုသကြောင်း ပိန္နဲတောရွာကြီး အထက်ပိုင်းနေ လူနာဖြစ်သူ ဒေါ်ညွန့်သန်းက ပြောသည်။

"အခုက သူတို့လာရောင်းတဲ့ ငါးချဉ်ကိုဝယ်စားမိတဲ့သူတွေချည်းပဲ အားလုံး ၁၅ ဦးလောက်ရှိမယ်။ ဆေးဝါးကုသမှုခံနေရတဲ့အတွက် အန္တရာယ်ရှိတဲ့ အစားအသောက်တွေကို ရောင်းချတဲ့သူတွေအား စိစစ်အရေးယူပေးစေချင်ပါတယ်"ဟု ပိန္နဲတောကျေးရွာသားတစ်ဦးဖြစ်သူ ဦးဖားဒါက ပြောသည်။

အဆိုပါ အခင်းဖြစ်ရာနေရာသို့ သတင်းရရှိသည်နှင့် ခရိုင် ကျန်းမာရေးဌာနဦးစီးမှူး ဒေါက်တာ ဒေါ်သင်းသင်းအိနှင့် ကျန်းမာရေးဝန်ထမ်းများ သွားရောက်စစ်ဆေးနေကြောင်းသိရပြီး စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း သိမ်ဆိပ်တိုက်နယ်ဆေးရုံမှ သိရသည်။

**ခွန်(ဝင်းပ)**

## တောင်ငူဆေးရုံကြီး၌ (H1N1) ရောဂါဖြစ်ပွားသူတစ်ဦး ထပ်မံတွေ့ရှိ

**တောင်ငူ ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူပြည်သူ့ဆေးရုံကြီးတွင် (H1N1) ရောဂါဖြစ်ပွားနေသော လူနာတစ်ဦးအားထပ်မံတွေ့ရှိခဲ့ရပြီး ဆေးကုသမှု ခံယူလျက်ရှိနေကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ် နတ်သံကွင်းတိုက်နယ်ဆေးရုံအပိုင် ရေတွင်းကုန်းလေးကျေးရွာနေ အသက် (၅၅ နှစ်)အရွယ် အမျိုးသားတစ်ဦးသည် နတ်သံကွင်းဆေးရုံမှ ဩဂုတ် ၂၂ ရက်က တောင်ငူပြည်သူ့ဆေးရုံသို့ လွှဲပြောင်းရောက်ရှိလာကာ သံသယတုပ်ကွေးရောဂါ ခံစားနေရသည်ဟု သံသယရှိသဖြင့် စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ဩဂုတ် ၂၄ ရက် ညပိုင်းတွင် NHL မှ ပြန်ကြားချက်အရ (H1N1) ရောဂါဖြစ်ပွားနေကြောင်း အတည်ပြုပြန်ကြားလာသဖြင့် လူနာအားသီးသန့်အဆောင်တွင်ထားရှိကာ ဆေးကုသစောင့်ရှောက်နေကြောင်း သိရသည်။" လူနာကိုသီးသန့်အဆောင်မှာထားပြီး လိုအပ်တဲ့ ဆေးဝါးကူညီစောင့်ရှောက်မှု တွေ လုပ်နေပါတယ်။ လူနာအခြေနေက ကောင်းပါတယ်" ဟု တောင်ငူဆေးရုံအုပ် ဒေါက်တာဇော်လွင်က အတည်ပြုဖြေကြားခဲ့ပါသည်။

နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့်ပြသသူ ၈၄၈ ဦးအထိရှိပြီး ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၃၁၇ ဦးနှင့် သေဆုံးသူ ၃၃ ဦးရှိကြောင်းသိရပြီး ပဲခူးတိုင်းဒေသကြီးအတွင်း၌ ပြသသူ ၉၄ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၄၂ ဦး၊ သေဆုံးသူ ငါးဦးထိရှိကြောင်း ဩဂုတ် ၂၄ ရက် နေ့ထုတ်ပြန်ချက်များအရ သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**




## ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့်နေရာအနီးတစ်ဝိုက်၌ ဒေသခံ ငါးဖမ်းစက်လှေ တစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲ ရှာဖွေရာ လေယာဉ်ဘီးတစ်ခုအပါအဝင် လေယာဉ်အစိတ်အပိုင်းများကို ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှားပါး ခွေးတူဝက်တူတစ်ကောင် ဖမ်းဆီးရမိ

**မိုးညှင်း ဩဂုတ် ၂၅**

မိုးညှင်းမြို့အမှတ်(၁)စည်ပင်သာယာဈေး(မြို့မဈေး) အတွင်း လူခြေတိတ်သည့်ညဥ့်နက်ချိန်တွင် ကျင်လည်ကျက်စားနေသော ရှားပါး ခွေးတူဝက်တူ တိရစ္ဆာန်တစ်ကောင်ကို ဈေးလုံခြုံရေးဝန်ထမ်းများက ဩဂုတ် ၂၃ ရက် နံနက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"နံနက် ၂ နာရီကျော်လောက်မှာ ဈေးဝင်းထဲက ဆိုင်တံခါးကို လက်နဲ့တွန်းနေသံကြားရလို့ သူခိုးထင်ပြီး သွားကြည့်တော့ အကောင်တစ်ကောင်ဖြစ်နေတယ်။ ခွေးတွေတောင် မဆွဲရဲကြဘူး။ အကောင်ကြီးက ဈေးဝင်းထဲမှာပတ်ပြေးနေတော့ မနည်းဖမ်းယူရတယ်"ဟု ထိုညက မြို့မဈေး၌ ညလုံခြုံရေးတာဝန်ကျသူ ကိုဆန်းထွန်းဝင်းက ပြောသည်။

ဖမ်းမိခဲ့သော အဆိုပါ တိရစ္ဆာန်ကို မိုးညှင်းမြို့မဈေးတာဝန်ခံရုံးမှ ထိန်းသိမ်းစောင့်ရှောက်ထားပြီး နေ့လယ်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းတော်ကြီး တောတွင်း တိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက နေ့ချင်းလာရောက်သယ်ဆောင်သွားပြီး အင်းတော်ကြီးနန့်မွန်းဘေးမဲ့တောရုံးသို့ ပို့ဆောင်၍ ဆေးဝါးကုသထားကြောင်း သိရသည်။

"ဒီအကောင်က ကမ္ဘာမှာ ရှားပါးတိရစ္ဆာန်အဖြစ် သတ်မှတ်ထားပါတယ်။ Hog Badger လို့ အမည်ရပါတယ်။ ခွေးတူဝက်တူကြွက်တူခွေးတူ ဝက်တူခွေးတူလို့ ခေါ်ကြတယ်။ ကမ္ဘာပေါ်မှာ အလယ်အာရှနဲ့ အရှေ့တောင်အာရှမှာပဲရှိတယ်။ မြန်မာနိုင်ငံမှာကတော့ ဒေသစုံမှာ ရှိပါတယ်။ တောအမျိုးအစားအမျိုးမျိုးနဲ့ သိပ်မမြင့်တဲ့တောင်တွေမှာ ရှင်သန်နိုင်တယ်။ တီကောင်တွေပဲ စားပါတယ်။ နေတာက မြေကြီးအခေါင်၊ တောင်အခေါင်တွေမှာ နေပါတယ်။ လျှို့ဝှက်နေတတ်တဲ့သဘာဝရှိပြီး အကြောက်အားကြီးပါတယ်။ တွေ့ရခဲပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာတော့ မတွေ့ရှိရပါဘူး"ဟု အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါ တိရစ္ဆာန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တိကျသည့်စာရင်းကောက်ယူထားမှု မရှိသေးသောကြောင့် ရှိမည့်အကောင်အရေအတွက်ကို အတိအကျ မပြောနိုင်သော်လည်း ရှားပါးသည့် တောတွင်းတိရစ္ဆာန်မျိုးဖြစ်ကြောင်း သိရသည်။

**(ဝ၆၇)**

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးစပါးစိုက်ခင်းများအတွက် မျိုးစပါးပြန်လည်ထောက်ပံ့ပေးမည်

**မော်လမြိုင် ဩဂုတ် ၂၅**

မွန်ပြည်နယ်တွင်း ပြီးခဲ့သည့် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရသည့် စပါးစိုက်ခင်းများအတွက် တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"စပါးစိုက်ခင်းပျက်စီးမှုတွေအတွက် ပြန်လည်စိုက်ပျိုးနိုင်ဖို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းပံ့ပိုးပေးပါမယ်။ နောက်ထပ်လိုအပ်နိုင်သေးတဲ့ မြေဆီအတွက် ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ဆက်လက်ထောက်ပံ့ပေးဖို့လည်း ရှိပါတယ်"ဟု ပြည်နယ်ဦးစီးမှူး ဦးကြည်စိုးက ပြောသည်။

ရေကြီးနစ်မြုပ်မှုများကြောင့် ကျိုက်ထို၊ ဘီးလင်းနှင့် ကျိုက်မရော မြို့နယ်များရှိ စပါးစိုက်ခင်းများပျက်စီးမှုရှိခဲ့ရာ ကျိုက်ထိုမြို့၌ အများဆုံးဖြစ်ပြီး စိုက်ဧက ၂၆၆၃ ဧကပျက်စီးခဲ့သည်ဟု သိရသည်။

"မျိုးစပါး ထောက်ပံ့မယ်ဆိုရင်တော့ သိပ်အဆင်မပြေတော့ပါဘူး။ သက်နုစပါးစိုက်မယ်ဆိုလည်း အောင်ရေ ရဖို့ခဲယဉ်းသွားမယ်။ ရေမြုပ်တယ်ဆိုပေမယ့် တချို့နေရာတွေ ပြန်နိုးထတဲ့အပင်တွေရှိတယ်။ ကျွန်တော်တို့ဆို ရေမမြုပ်တဲ့စိုက်ခင်းတွေ ဆီကနေ မျိုးပင်တွေခွဲစိုက်လိုက်ကြပါတယ်။ တော်တော်များများ မျိုးပင်ခွဲစိုက်တာတွေချည်းပါပဲ။ ခုလိုချိန်မှာ မြေဆီထောက်ပံ့ပေးမယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။ မျိုးစပါးပေးမယ်ဆိုရင်တော့ ဘယ်တောင်သူမှ စိုက်ကြတော့မယ် မထင်ပါဘူး"ဟု ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာမှ တောင်သူ ဦးမြင့်လွင်က ပြောသည်။ မွန်ပြည်နယ်တစ်ခုလုံးတွင် စပါးစိုက်ဧက စုစုပေါင်း ခြောက်သိန်း ကိုးသောင်းရှိရာ စိုက်ပြီးဧက ငါးသိန်းကျော်တွင် စုစုပေါင်း ၄၁၉၃ ဧက ရေမြုပ်ပျက်စီးခဲ့သည်ဟု သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးကို အဂတိလိုက်စားမှုဖြင့် အရေးယူ

**နေပြည်တော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးကို ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ငွေကြေး တောင်းခံရယူခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က တရားစွဲအရေးယူခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာနေ နစ်နာသူများက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် စာရေး ဦးတင်ဝင်းတို့အပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းအား အမျိုးသားလွှတ်တော်မှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဌေးသည် ၎င်းဆောင်ရွက်ပိုင်ခွင့်မရှိသည့် မြေလွတ်၊ မြေရိုင်းအရောင်းအဝယ်ပြုမှုကိစ္စတွင် မြေအရောင်းအဝယ်စာချုပ်ပေါ်၌ ထောက်ခံချက်လက်မှတ်ရေးထိုးခဲ့ပြီး မြေရောင်းသူ ရှစ်ဦးနှင့် မြေပွဲစားထံမှ ငွေကြေးများရယူခဲ့ခြင်းသည် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရာထူးအာဏာနှင့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တွင် ယနေ့ တရားစွဲဆို အရေးယူခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

(သတင်းစဉ်)

# မန်စီမြို့နယ်၌ လင်ဇီးမှိုသွားရောက်ရှာဖွေသူတစ်ဦး မိုင်းနင်းမိ၍ ဒဏ်ရာရရှိ

**ဗန်းမော် ဩဂုတ် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာ၌ တောတောင်အတွင်းသို့ လင်ဇီးမှိုသွားရောက်ရှာဖွေစဉ် နင်းမိုင်တစ်လုံးနင်းမိပေါက်ကွဲ၍ လူတစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်က မောင်ထွန်း (၂၃နှစ်) မိုင်းခေါင်ကျေးရွာ မန်စီမြို့နယ်နေသူသည် မိုင်းခေါင်ကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ ဆွတ်ဂျာတောင်(ဒေသအခေါ်-သင်တန်းကုန်း) တောအတွင်းသို့ လင်ဇီးမှိုသွားရောက်ရှာဖွေစဉ် နင်းမိုင်းတစ်လုံးနင်းမိပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိုင်းစထိမှန် စုစုပေါင်း ၁၄ ချက် (မစိုးရိမ်ရ)ဒဏ်ရာများရရှိသဖြင့် မိုင်းခေါင်ကျေးရွာ ကျေးလက်ဆေးပေးခန်းမှ မန်စီမြို့နယ် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသခံယူရန် ရောက်ရှိခဲ့ပြီး မန်စီမြို့နယ် ပြည်သူ့ဆေးရုံမှ ဗန်းမော်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းဆေးကုသမှုခံယူစေခဲ့ရာ ဗန်းမော်ပြည်သူ့ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူလျက်ရှိကြောင်း၊ မိုင်းစထိမှန်လူနာအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သိန်းနိုင်၊ ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အေးသွင်တို့က လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့ကြ ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# မော်ကျွန်းအချုပ်ခန်းမှ အချုပ်သား ၁၀ ဦး ထွက်ပြေးသဖြင့် ရှာဖွေလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့၏ မြို့မရဲစခန်း အချုပ်ခန်းပျဉ်ချပ်ကိုခွာ၍ အချုပ်သား ၁၀ ဦး ဩဂုတ် ၂၅ ရက် နံနက် ၂ နာရီခွဲက ထွက်ပြေးလွတ်မြောက်သွားသောကြောင့် ရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

"မြို့ပေါ်နေရာတွေနဲ့ ကားဆိပ်၊ လှေဆိပ်တွေပါမကျန် စခန်းမှူးနဲ့ နယ်ထိန်းအရာရှိတွေ ပိတ်ဆို့ရှာဖွေနေပါတယ်။ မြို့မစခန်းတစ်ခုနဲ့ နယ်မြေစခန်း သုံးခုရှိတဲ့အတွက် အားလုံးပူးပေါင်းပြီးရှာဖွေနေပါတယ်။ ကျုံမငေးနဲ့ ဝါးခယ်မ အပိုင်ကိုလည်း တရားခံတွေရဲ့ဓာတ်ပုံတွေ ပေးပို့ပြီး အကြောင်းကြားထားတယ်။ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်ကိုလည်း အကြောင်းကြားထားပါတယ်။ တိုင်းဒေသကြီး တပ်ဖွဲ့ကိုလည်း သတင်းပို့ထားတဲ့အတွက် ပြန်လည်ဖမ်းဆီးမိမှာပါ။ ၁၈၈၀ ပြည့်နှစ်က တည်ဆောက်ခဲ့တဲ့ အချုပ်ခန်းအဟောင်းမှာထားတဲ့ အချုပ်သား ၁၀ ဦးထွက်ပြေးတာပါ။ အချုပ်ခန်းကြမ်းပြင်ကိုခွာပြီး ပုဆိုးငါးထည်နဲ့ ၁၀ ပေခွဲအောက်ကိုဆင်းပြီးမှ အိမ်သာဟောင်းနားကနေ ထွက်ပြေးတာပါ" ဟု မော်ကျွန်းမြို့နယ်မှူးက ပြောသည်။

အချုပ်ခန်းမှာ ၂၅ ယောက်ဆံ့ အချုပ်ခန်းဖြစ်ပြီး တရားခံ ၈၀ ကျော်ထားရှိကြောင်း၊ မော်ကျွန်းရဲတပ်ဖွဲ့ဝင်အင်အား ၆၂ ဦးရှိ၍ တရားခံများအား မအုပ်ချုပ်နိုင်သို့ ပို့ဆောင်ကာအချုပ်ခန်းကြမ်းပြင်ကို ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း၊ ထွက်ပြေးသွားသော တရားခံ ၁၀ ဦးတွင်ခိုးမှုဖြင့် ခုနစ်ဦး၊ တစ်လင်တစ်မယားအမှုမှနှစ်ဦးနှင့်ပုဒ်မ(၄၀၃/၄၁၁)ဖြင့် တစ်ဦး လွတ်မြောက်နေခြင်းဖြစ်ကြောင်း သိရသည်။

"လောလောဆယ် မထူးသေးဘူး။ လှေဆိပ်၊ ကားဆိပ်မကျန် ရှာဖွေနေပါတယ်။ အချုပ်သား ၁၀ ယောက်ထွက်ပြေးသွားတာပါ" ဟု မော်ကျွန်းမြို့မစခန်းမှူးက ယနေ့မွန်းလွဲပိုင်းတွင် ပြောသည်။

ထွက်ပြေးသွားသော တရားခံများမှာ ဖြိုးအောင်(ခ)ပြည့်စုံ (၁၆နှစ်)၊ သန်းထွန်း (၃၇နှစ်)၊ ထွန်းထွန်းဝင်း (၂၄နှစ်)၊ စိုးပိုင်(၁၉နှစ်)၊ မျိုးလွင် (ခ) မျိုးမျိုး (၄၃နှစ်)၊ ကြည်စိုး(၂၉)နှစ်၊ ကိုမျိုး(ခ)မျိုးဆန်း(၂၅နှစ်)၊ ဌေးဝင်း (၄၆နှစ်)၊ ရဲသွေးအောင်(ခ)ဌေးလွင် (၃၅နှစ်)နှင့် အောင်ဆန်းဦး(၂၁နှစ်) တို့ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ကျောက်မဲမြို့နယ်တွင် မြေဆီ ၅၉၅ အိတ် တင်ဆောင်လာသော တွဲယာဉ်တိမ်းမှောက်

**ကျောက်မဲ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် နားအိုက်ခန့်ကျေးရွာအုပ်စု ခိုက်တုန်ဟုန်း ကျေးရွာအနီးတွင် ဩဂုတ် ၂၄ရက် နံနက် ၆ နာရီက မြေဆီအိတ်များတင်ဆောင်လာသော ၂၂ ဘီးတွဲယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ နောင်ပိန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်စွာဝင်း ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၈/၁၁-၂) ကြား ရထားလမ်း၊ ကားလမ်းဆုံတွင် နောင်ချိုဘက်မှ ကျောက်မဲဘက်သို့ ယာဉ်မောင်းသန်းထွန်း (၂၉နှစ်) ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်နိုင်ထွန်း (၂၇နှစ်) နမ္မတူမြို့နယ်နေသူ လိုက်ပါလာသော ယာဉ်အမှတ် ၇/----- နီဆန်း ၂၂ ဘီးတွဲယာဉ်သည် မြေဆီ ၅၉၅ အိတ် တင်ဆောင် မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ယာဉ်မောင်းမှာ အိပ်ငိုက်ပြီး လမ်းဘေးရှိ ရထားသံလမ်းပေါ်သို့ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်နောက်လိုက် အောင်နိုင်ထွန်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်း သန်းထွန်းအား နောင်ပိန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သိန်းထွန်းအောင်(ပြန်/ဆက်)**



# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၆၈ စီး၊ သွင်းကုန် ၃၄၄ စီး၊ ရန်ကုန် -မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၉၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၄၅၆သန်းခန့် စုစုပေါင်းတားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၂၄၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၁ ရက်က ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား သတင်းအရ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့ဝင်များက ရပ်တန့်ရှာဖွေစစ်ဆေးရာ ထိုင်ခုံအမှတ် (F-5,6) တွင် လိုက်ပါလာသည့် ခရီးသည်နှစ်ဦးထိုင်သည့် ထိုင်ခုံအပေါ် ပစ္စည်းတင်စင်အတွင်း၌ B တံဆိပ်ပါ ကျောပိုးအိတ်အတွင်းမှ ဆပ်ပြာခွက်များအတွင်း ဖြူ/ဝါရောင် ဘိန်းဖြူမှုန့် ၁၃ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၂ ခွက် စုစုပေါင်းအလေးချိန် ၂၈၆ ဂရမ်နှင့် ပလတ်စတစ်ကပ်ခွာအိတ်တစ်အိတ်လျှင် "88" နှင့် "I" စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားစီပါ အထုပ် ၃၀ စုစုပေါင်း ဆေးပြား ၅၉၄၀ (အလေးချိန် ၅၉၄ ဂရမ်)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၇၂၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


**Y.E.S. Since 1994**
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 14,28 Aug
Mon to Thurs-10:30-12:30am 14 Aug
Mon to Thurs-1:00-3:00pm 14,28 Aug
Mon to Thurs-3:00-5:00pm 14 Aug
Mon to Thurs-5:30-7:00pm 14 Aug
Sat & Sun-9:00-12:00am 26 Aug
Sat & Sun-3:45-6:45pm 26 Aug

**Pre-Intermediate English**
Mon to Thurs-10:30-12:30pm 14 Aug
Mon to Thurs-5:30-7:00pm 14 Aug

**Grammar Foundation Course**
Sat & Sun- 9:00-12:00am 12 Aug
Mon to Thurs-10:00-12:00am 14 Aug
Mon to Thurs-1:00-2:30pm 14 Aug

**Structure & Written Expression**
Sat & Sun - 12:30-3:30pm 5 Aug
Mon to Thurs-1:00-3:00pm 14 Aug
Sat & Sun - 9:00-12:00am 19 Aug
Sat & Sun - 3:30-6:30pm 19 Aug

TOEFL,SAT,IELTS,API,AWC,VEC
No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910



**နေခြည်ဇေယျ**
အောင်ဆန်းစုကြည်မိန့်ခွန်းများ
ထွက်ပါပြီ ဒိုင်ယာရီ ထွက်ပါပြီ
City Mark ဆိုင်များတွင် မေးဝယ်ပါ။
မယ်နဲ့မောင်စာပေ၊ အမှတ် ၁၇၈(၄)လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉ ၄၄၃၀၄၅၈၃၅



**အောင်ပြည့်စုံ**
အိမ်ဖြောင်း၊ အိမ်ရှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/2086 Toyota Corolla Fielder NZE 12 S/W (4x2) ®ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းကြည် ၁၂/မဂတ(နိုင်)၀၀၄၈၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ကျောက္ကာမြောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄၀၄-ခ၊ တောရကွင်း၊ ဦးပိုင်အမှတ် F-228၊ ဧရိယာ ၀ ဒသမ ၈၀ဧကရှိ ဒေါ်မြင့်မြင့်ထွန်းအမည်ဖြင့် အမှုတွဲအမှတ် ၃၅၈/၂၀၁၅-၂၀၁၆ အရ (၃၀-၃-၂၀၁၆)ရက်မှ (၂၉-၃-၂၀၂၆)ရက်အထိ မြေငှားစာချုပ်ရရှိထားသောမြေကို ဒေါ်မြင့်မြင့်ထွန်း ၅/ရဥန(နိုင်)၀၇၀၄၃၄ထံမှ ဒေါ်ဥမ္မာတင် ၁၂/အလန(နိုင်)၀၀၇၂၈၁က မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူ၍ မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ် ၃၂၊ ဗုဒ္ဓဘာသာ၊ ဦးပိုင်အမှတ်၉၉၊ ဧရိယာ ၀ ဒသမ ၀၂၈ဧကရှိ ဦးငွေ အမည်ဖြင့် အမှုတွဲအမှတ် ၂၈၂/၁၉၉၄အရ (၂၄-၃-၁၉၉၅)ရက်မှ (၂၃-၃-၂၀၂၅)ရက်အထိ မြေငှား စာချုပ်ရရှိထားသောမြေကို ဦးငွေ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးရင် ၅/မရန(နိုင်) ၀၃၁၄၉၇ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ချက်ပြုလုပ်၍ သမီးများဖြစ်ကြသော ဒေါ်ပြုံး ၅/မရန(နိုင်)၀၃၁၉၇၀၊ ဒေါ်ဝင်းဝင်း ၅/မရန(နိုင်)၀၃၁၇၆၅၊ ဒေါ်ချို ၅/မရန(နိုင်) ၀၁၆၁၃၀၊ ဒေါ်အမာစိန် ၅/မရန(နိုင်)၀၁၆၁၈၇တို့အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုပေးကမ်းခဲ့သဖြင့် ဒေါ်ပြုံး၊ ဒေါ်ဝင်းဝင်း၊ ဒေါ်ချို၊ ဒေါ်အမာစိန်တို့အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ဦးအောင်ဘိုထွန်း ၁၂/အစန(နိုင်) ၁၈၉၇၅၄၏ အစုရှယ်ယာသက်သေခံလက်မှတ် ID No 10004မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၀၃၇၁၀**

## ပျောက်ဆုံးခြင်း

ဦးခမ္မဝရ (ဘ)ဦးဆမ်နွန်း ၁၃/ကတန(သ)၀၀၀၉၃၁၏ နိုင်ငံကူးလက်မှတ် (MA -၉၂၅၂၉၃) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၅၂၇၈၇**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ချောင်းကြီးကျေးရွာ အထက(ခွဲ)မှ မောင်တိုးဝေအောင် တက္ကသိုလ်ဝင်တန်း (B)၏ ဖခင်အမည်မှာဦးဘို(ခ) ဦးဝင်းဗိုလ် ၉/မတရ(နိုင်)၀၅၈၄၉၅ ဖြစ်ပါကြောင်း။

**ဦးဘို(ခ)ဦးဝင်းဗိုလ်**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 5E-3812 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၆၀၂၉၆ Nulang Revo ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့ ညောဝတီ(ခ)ရပ်ကွက်နေ ဦးဘိုသန်းအောင် ၁၁/ပတန(နိုင်)၀၆၉၇၀၀က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့၊ အင်တိုင်းကျေးရွာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ မထွေးထွေးဦး၏ ဖခင် ဦးမောင်ဇော်နှင့် ဦးဒုံးပုံ ၉/ရမသ(နိုင်)၀၈၄၃၇၂သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။**ဦးမောင်ဇော်(ခ)ဦးဒုံးပုံ**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ် အထက သစ္စေး တက္ကသိုလ်ဝင်တန်းမှ မသူဇာလင်း၏ဖခင် ဦးမောင်ဆန်း၏အမည်မှန်မှာ ဦးမောင်စန်း ၉/ရမသ(နိုင်)၁၁၅၅၄၂ ဖြစ်ပါကြောင်း။

**ဦးမောင်စန်း**

## မိဘ အမည်မှန်

ပျဉ်းမနားမြို့၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယနှစ် ကျောင်းသား စိုင်းနေထက်လင်း၏ မိဘအမည်မှန်မှာ စိုင်းလောင်မှိုင်း ၁၃/ပလန (နိုင်)၀၀၀၁၁၉နှင့် နန်းခင်စမ်းဝေ ၁၃/ပလန(နိုင်) ၀၀၀၁၉၈ဖြစ်ပါကြောင်း။

**စိုင်းလောင်မှိုင်း-နန်းခင်စမ်းဝေ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၃၈၂၂ ကမ်ဘိုဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးတယော် ၁၃/တကန(နိုင်)၁၀၁၇၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**




## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၅-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၆၈ | ၄၆ | ၄၅ | ၁၅၉ |
| ၂ | ဗီယက်နမ် | ၄၃ | ၂၉ | ၃၄ | ၁၀၆ |
| ၃ | စင်ကာပူ | ၃၉ | ၃၃ | ၃၉ | ၁၁၁ |
| ၄ | ထိုင်း | ၃၅ | ၅၀ | ၅၅ | ၁၄၀ |
| ၅ | အင်ဒိုနီးရှား | ၂၂ | ၃၅ | ၄၅ | ၁၀၂ |
| ၆ | ဖိလစ်ပိုင် | ၁၅ | ၂၀ | ၃၆ | ၇၂ |
| ၇ | မြန်မာ | ၆ | ၈ | ၁၂ | ၂၆ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၀ | ၆ | ၇ |
| ၉ | ဘရူနိုင်း | ၀ | ၂ | ၇ | ၉ |
| ၁၀ | လာအို | ၀ | ၁ | ၇ | ၈ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်**

# မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတစ်ခု၊ ငွေတစ်ခု ထပ်မံဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

ဆီးဂိမ်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့နံနက်ပိုင်းက ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ရွှေတံဆိပ်ရခဲ့ပြီး အမျိုးသားအသင်းက ငွေတံဆိပ်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်အနိုင်ရခဲ့ပြီး အမှတ်အများဆုံး ရရှိကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သော်လည်း လာအိုကို နှစ်ပွဲပြတ်၊ အိမ်ရှင်မလေးရှားကို နှစ်ပွဲပြတ်၊ ဗီယက်နမ်ကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရကာ ငွေတံဆိပ်ရခဲ့သည့် အင်ဒိုနီးရှားထက် တစ်မှတ်အသာရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို ၂၁-၁၈ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်ရှုံးနိမ့်ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း ပွဲသိမ်းခါနီးတွင် အမှားများခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယနေ့ပွဲအပြီးထိ ရွှေတစ်ခု၊ ငွေနှစ်ခု ရရှိထားပြီး နှစ်ယောက်တွဲ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

**ဘိလိယက်ပြိုင်ပွဲ**

**ငွေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူး**

ဆီးဂိမ်း ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲကို ယနေ့ ညနေပိုင်းက ကျင်းပရာ မြန်မာဘိလိယက်အဖွဲ့က ငွေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။



ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း

ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နံနက်ပိုင်းတွင် ကျင်းပရာ ချစ်ကိုကို(မြန်မာ)က ပရာပွတ်(ထိုင်း)ကို အနိုင်ရခဲ့သော်လည်း နေသွေးဦး(မြန်မာ)မှာမူ ပီတာဂေးလ်ခရစ်(စင်ကာပူ)ကို ရှုံးနိမ့်ခဲ့သည်။ ချစ်ကိုကိုနှင့် ပီတာဂေးလ်ခရစ်တို့၏ ဗိုလ်လုပွဲကို ညနေပိုင်းတွင် ကျင်းပရာ ပီတာဂေးလ်ခရစ်က လက်ရည်အသာဖြင့် ကစားကာ သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ ပူးတွဲကြေးဆုကို နေသွေးဦးနှင့် ပရာပွတ်တို့က ရရှိခဲ့သည်။

မြန်မာဘိလိယက်အဖွဲ့သည် ယနေ့ပွဲအပြီးထိ ငွေသုံးခု၊ ကြေးနှစ်ခု ရရှိထားသည်။ **သတင်း-ရဲရင့်ရှိန်း ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**




၇၀ ကီလိုတန်းတွင် မြန်မာမှ ရဲထွန်းနောင်ဆုယူအပြီး တွေ့ရစဉ်

# အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲ မြန်မာကစားသမားများ ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၅**

(၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားသမားများက ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည်။

ယင်းပြိုင်ပွဲ၌ ၇၀ ကီလိုတန်းတွင် မြန်မာကာယဗလကစားသမား ရဲထွန်းနောင်က ရွှေ၊ မလေးရှားက ငွေ၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ဆုဖြင့်လည်းကောင်း၊ ၆၅ ကီလိုတန်းတွင် ထွန်းမင်းက ရွှေတစ်ခု၊ Master ပြိုင်ပွဲတွင် ထွန်းထွန်းအောင်က ရွှေတစ်ခုရရှိပြီး ၆၀ ကီလိုတန်းတွင် မလေးရှားက ရွှေ၊ မြန်မာက ထွန်းထွန်းအောင်က ငွေ၊ အင်ဒိုနီးရှားက ကြေးတံဆိပ်ဆု အသီးသီးရရှိခဲ့ကြသည်။

ဩဂုတ် ၂၅ ရက်က ပြုလုပ်သည့် အမျိုးသမီးကာယကြံ့ခိုင်မှု Athetetic Physique ပြိုင်ပွဲတွင် တရုတ်နိုင်ငံက ပထမ၊ ဗီယက်နမ်က ဒုတိယ၊ မြန်မာမှ နှင်းနှင်းအေးက တတိယဖြင့်လည်းကောင်း၊ Model Physique ၁၆၀ စင်တီမီတာအောက်ပြိုင်ပွဲ၌ မွန်ဂိုလီးယားက ပထမ၊ ထိုင်းက ဒုတိယ၊ မြန်မာမှ နန်းလောင်ခမ်းက တတိယ အသီးသီးရရှိကြသည်။

ယင်းမြန်မာအားကစားအဖွဲ့ကို မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမျိုးသားနည်းပြအဖြစ် ဦးအောင်နိုင်၊ အမျိုးသမီးနည်းပြ ဦးမြင့်သိန်း၊ ဒိုင် ဒေါ်ရီရီဝင်းတို့က ကြီးကြပ်ခဲ့ပြီး ဩဂုတ် ၂၆ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-အောင်နိုင်(ကာယဗလအဖွဲ့ချုပ်)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/8825, Honda Fit GE6,H/B(4x2)Rယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းပြည့်မောင် ၁၂/လမန(နိုင်)၁၄၃၅၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**မိဘအမည်မှန်**

မိတ္ထီလာမြို့ အလက(၉)တပ်မြေ ဆဋ္ဌမတန်း(A)မှ မရီမွန်အေး၏ မိဘအမည်မှန်မှာ ဦးနိုင်(ခ)ဦးရီရယ် ၂/ဒမဆ(နိုင်)၀၃၄၉၂၉ နှင့် ဒေါ်နွဲ့နွဲ့မိုး ၉/တသန(နိုင်)၁၆၉၅၄၆ ဖြစ်ပါသည်။

**အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကြူတောရွာမှ ဦးထွန်းထွန်းအောင်၏ သမီး မယမင်းလှိုင် ၈/စလန(နိုင်) ၃၉၂၂၁၇ ၏ အမည်မှန်မှာ မယဉ်မင်းလှိုင် ဖြစ်ပါသည်။ **မယဉ်မင်းလှိုင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းကျေးရွာ အုပ်စု၊နောင်မိုးကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင် မမေခက်ပန်၏ဖခင် ဦးတင်မိုးလွင်(ခ)ဦးနိုင်ဦး ၅/ဟမလ(နိုင်) ၀၀၆၃၆၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်မိုးလွင်(ခ)ဦးနိုင်ဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရွှေတောင်မြို့နယ်၊ အထက(ရွှေတောင်) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်အောင်ကျော်ထက်၏ဖခင် ဦးတင်စိုး(ခ)ဦးမြင့်နိုင် ၇/ရတန(နိုင်)၀၂၀၈၄၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်စိုး(ခ)ဦးမြင့်နိုင်**

**မိဘအမည်မှန်**

ရွှေတောင်မြို့နယ်၊ အထက(ရွှေတောင်) နဝမတန်း(ဂ)မှ မောင်ဇင်လင်းဖြိုး၏ မိဘအမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးကျော်နိုင်ဦး ၇/ရတန(နိုင်) ၀၇၅၉၃၀နှင့် ဒေါ်အေးခိုင်၇/ရတန(နိုင်)၀၈၅၁၀၁ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ဦး-ဒေါ်အေးခိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6H/9462 Isuzu NKR 81E Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဆွေ ၁၂/အစန(နိုင်)၀၄၂၆၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ (အထက) ညောင်ဝိုင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်အောင်ကျော်၏ဖခင် ဦးသန့်ဇင်ဦး ၇/လပတ(နိုင်)၀၉၆၈၃၀နှင့် ဦးမောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ဦး(ခ)ဦးမောင်ဇော်**

**အမည်ပြောင်း**

မင်းဘူး(စကု)မြို့၊ (၄)ရပ်ကွက်နေ ဦးကြည်နိုင် ၈/မဘန(နိုင်)၀၀၂၄၅၏ သား အထက(၁) အဋ္ဌမတန်း(C)မှ မောင်ဝေယံအား မောင်ဝေယံမိုးမြင့်ဟု ပြောင်းလဲ ခေါ်ပါရန်။

**မောင်ဝေယံမိုးမြင့်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၃၆၀၁၁ Taryan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်စိုးဝင်း ၁၄/ကကန(နိုင်)၀၇၈၀၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/5777 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရေဦးမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း (A)မှ မအိရွှေစင်နှင့် ပျဉ်းမနား ရေဆင်း စိုက်ပျိုးရေးသုတေသနမှ ဦးသာမိုးထွန်း(B. Agr. Sc) ၅/ရဉန(နိုင်)၀၈၅၄၆၀ လက်ထောက်သုတေသန(၄)တို့၏ ဖခင်ဦးချစ်လှိုင်နှင့် ဦးချစ်မှိုင်း ၅/ရဉန(နိုင်)၀၄၇၀၉၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၃၆၀၀၀ Zhineng 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟံဝင်း ၁၄/ကကန(နိုင်)၁၁၄၆၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**မွေးသက္ကရာဇ်အမှန်**

ကဝမြို့၊ ခမေလေး(၆) ရပ်ကွက်နေ ဦးဝင်းမိုး၏သား မောင်ဇင်ကိုလတ်၏ မွေးသက္ကရာဇ်အမှန်မှာ၁၀-၆-၁၉၉၈ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**

ကဝမြို့၊ ခမေလေး (၆) ရပ်ကွက်နေ ဦးမြစိုး၏သမီး မသူဇာထွန်း၏ မွေးသက္ကရာဇ် အမှန်မှာ၁၄-၁၁-၂၀၀၄ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၄ယ/၃၆၀၃၄ Taryan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းလတ် ၁၄/ကကန(နိုင်)၁၀၈၁၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ ရွှေပြည်သာဈေး၊ အောက်အပြင်ဈေးရုံ၊ ဆိုင်ခန်းအမှတ် (၉၂) ကို မူလဆိုင်ခန်းရှင် ဦးစိုးစိုးအောင် ၁၄/ပသန(နိုင်)၂၁၃၁၈၆အမည်မှ ဒေါ်သင်းသင်း ၁၄/ပသန(နိုင်)၀၀၃၅၆၀ အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်မှ ကန့်ကွက်လွှာတင်ပြလာပါက လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆိုင်ခန်းအား အမည်ပြောင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/5414 Toyota Hilux VIGO KUN 60 P/U(၄×၄) R (open Cab) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ချို ၁၂/ဥကမ(နိုင်)၀၅၈၅၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**"ဆေးခန်းအမည်အမှတ်အသားကို တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါက်တာနေဇော်ထက် (၈/သရန(နိုင်)၀၇၁၀၈၈)သည် အောက်ပါ ဆေးခန်းအမည်အမှတ်အသားကို မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင် ပိုင်ရှင်အဖြစ် မှတ်ပုံတင်အမှတ်-၇ (၂၃-၈-၂၀၁၇) ရက်စွဲဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

**မင်း**

**အထွေထွေရောဂါကုဆေးခန်း**

အထက်ပါ မင်းအထွေထွေရောဂါကုဆေးခန်းအမည် အမှတ်အသားအား အောက်အဖြူခံတွင် အစိမ်းရောင် (စာလုံးအကြီး)ဖြင့် "မင်း"ဟူ၍လည်းကောင်း၊ အစိမ်းရောင် (စာလုံးအသေးဖြင့်) "အထွေထွေရောဂါကုဆေးခန်း"ဟူ၍လည်းကောင်း ဆေးခန်းအမည်အမှတ်အသားပြုလုပ်ပြီး သရက်မြို့၊ အကောက်တဲရပ်ကွက်၊ မင်းတုန်းလမ်းတွင် အထွေထွေရောဂါကုဆေးခန်းဖွင့်လှစ်၍ အထွေထွေရောဂါဖြစ်ပွားလျက်ရှိကြသည့်လူနာများကို ကျွန်ုပ်၏မိတ်ဆွေမှ အယုတ်အလတ်အမြတ်မရွေး စိတ်စေတနာကောင်းများစွာဖြင့် ဆေးကုသပေးလျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်မိတ်ဆွေ၏အမည်နှင့် ၎င်း၏မင်းအထွေထွေရောဂါကု ဆေးခန်းတို့၏ အမည်ကောင်း၊ ဂုဏ်သတင်းကျော်စောမှုတို့အပေါ် ထိခိုက်နစ်နာပျက်ဆီးဆုံးရှုံးအောင်ရည်ရွယ်လျက် အများပြည်သူအမြင်၌ ထင်ယောင်ထင်မှားဖြစ်စေရန် လူတစ်ချို့နှင့် အဖွဲ့အစည်းတစ်ချို့မှ မကောင်းသတင်းပြောဆိုပြုလုပ်လျက်ရှိနေကြောင်း ကြားသိနေရပါသည်။ ထိုသို့ ပြုလုပ်လျက်ရှိကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် မိမိတို့၏ပြုလုပ်မှုများကို အမြန်ဆုံးရပ်တန့်ကြပါရန်နှင့် ထိုကဲ့သို့ ပြောဆိုပြုလုပ်မှုများကို ဆက်လက်မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ ဆက်လက်ပြောဆိုပြုလုပ်နေကြောင်း တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေနှင့်အညီ မည်သည့်တရားရုံးတွင်မဆို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ထိရောက်စွာ တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန္တာ
LL.B., D.B.L., D.M.L., D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)
တိုက်(၁)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၅၃၁၂၊ ၀၉၅၁၁၇၈၇၅၊ ၀၉၂၅၀၀၂၆၄၇၇

# ယခင်ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ကို ဖမ်းဆီးရန်တရားရုံးက အမိန့်ထုတ်ပြန်




**ဗန်ကောက် ဩဂုတ် ၂၅**

ဆန်စပါးအမှုကိစ္စနှင့် ပတ်သက်ပြီး တရားစွဲခံထားရသော ယခင် ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်တရာကို အမိန့်ကြေညာချက်ထုတ်ပြန်မည့်ရက်၌တရားရုံးလာရန် ပျက်ကွက်မှုဖြင့် ဖမ်းဆီးရန် အမိန့်တစ်ရပ်ကို ဩဂုတ် ၂၅ ရက်က ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယခင် ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်တရာ၏ ရှေ့နေက ရင်လပ်သည် ကျန်းမာရေးအခြေအနေမကောင်းသောကြောင့် တရားရုံးသို့ မလာရောက်နိုင်ကြောင်း လျှောက်လဲချက်ပေးပြီးနောက် တရားရုံးချုပ်က ရင်လပ်၏ ကြားနာလျှောက်လဲခြင်းကို စက်တင်ဘာ ၂၇ ရက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

သို့သော်လည်း တရားရုံးချုပ်က ရင်လပ် ကျန်းမာရေးမကောင်းဖြစ်သည်ဟုဆိုခြင်းကို မယုံကြည်ကြောင်း သိရသည်။ ရင်လပ်တရားရုံးသို့လာရန် ပျက်ကွက်ခြင်းကြောင့် တရားရုံးချုပ်က ၎င်းအားဖမ်းဆီးရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တချို့ ထိုင်းမီဒီယာများက ရင်လပ်ကို ခေါ်ဆောင်သွားသည်ဟု ယူဆရသော ကားတစ်စီးကို တရားရုံးတွင် တွေ့ခဲ့ရကြောင်း၊ ၎င်းကို ထောက်ခံသူများကလည်း တစ်ခဲနက်လိုက်လံအားပေးကြောင်း၊ ထို့ကြောင့် ရင်လပ်သည် တရားရုံးသို့ရောက်ရှိလာသည်ဟု ထင်ရကြောင်း၊ သို့သော်လည်း တကယ်တမ်းတွင်တော့ ရင်လပ်သည် အများသူငါထင်သလို တကယ်တမ်းရောက်ရှိလာခဲ့ခြင်းမရှိကြောင်း ဖော်ပြခဲ့သည်။

တစ်ချိန်တည်းတွင် ရဲများကလည်း ရင်လပ် တိတ်တဆိတ်ထွက်ပြေးသွားပြီဆိုသည့် ကောလာဟလသတင်းကို အတည်မပြုနိုင်သေးသလို ငြင်းဆိုခြင်းလည်းမရှိသေးကြောင်း သိရသည်။ လတ်တလော ထုတ်ပြန်လိုက်သော ဖမ်းဆီးရေးအမိန့်သည် ရဲများအား ရင်လပ်ကို ရှာဖွေထိန်းသိမ်းပြီး တရားရုံးသို့ စက်တင်ဘာ ၂၇ ရက် အရောက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ကျောင်းသားတစ်ဦးက ဆရာမနှင့်အခြားကျောင်းသားများကို ဘေ့စ်ဘောရိုက်တံဖြင့် တိုက်ခိုက်

**ကန်ဘာရာ ဩဂုတ် ၂၅**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဘေ့စ်ဘောရိုက်တံဖြင့် စာသင်ခန်းရှိ ကျောင်းသားများကို တိုက်ခိုက်ခဲ့သော အမျိုးသားတစ်ဦးကို ကန်ဘာရာ ဩစတြေးလျ အမျိုးသားတက္ကသိုလ်၌ ထိန်းသိမ်းခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းတက္ကသိုလ်မှ အသက် ၁၈နှစ်ရှိ ကျောင်းသားတစ်ဦးသည် လက်တွေ့ခန်းတစ်ခုအတွင်းသို့ ဘေ့စ်ဘောရိုက်တုတ်တံကို ယူဆောင်ခဲ့ပြီး အခြားကျောင်းသားများနှင့် ကျောင်းဆရာမတစ်ဦးတို့ကို ရိုက်ခဲ့ကြောင်း သိရသည်။

ထိုအချိန်တွင် စာသင်ခန်းအတွင်း ကျောင်းသား ၁၅ ဦးရှိရာ လေးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အခြားကျောင်းသားများမှာ အဆိုပါ ကျောင်းသားကို ရဲများရောက်လာသည့် အချိန်အထိ ထိန်းသိမ်းထားကြောင်း သိရသည်။

နံနက် ၉ နာရီထိုးပြီး မကြာမီတွင် ကျောင်းသားများနှင့် ဆရာမကို ဘေ့စ်ဘောတုတ်တံဖြင့် ရိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောခဲ့သည်။

စာသင်ချိန်အတွင်းမှာ အဆိုပါ ကျောင်းသားသည် ဘေ့စ်ဘောရိုက်တံကိုင်ပြီး အတန်းရှေ့ရှိ ဆရာမထံ ချဉ်းကပ်သွားခဲ့ကြောင်း၊ အခြားကျောင်းသားများက တားဆီးခဲ့ကြောင်း သိရသည်။

ရဲများက အဆိုပါကျောင်းသားကို ထိန်းသိမ်းခဲ့ကြောင်းသိရပြီး အများပြည်သူလုံခြုံရေးအတွက် အန္တရာယ်ရှိ/မရှိမသိရှိသေးကြောင်း သိရသည်။ ယခုလို အချိန်တွင် နောက်ကွယ်ဖြစ်ရပ်၏ အသေးစိတ်အချက်အလက်များကို ရှာဖွေဖော်ထုတ်ရန် ခက်ခဲကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

**(ဆင်ဟွာ)**

## မြောက်ကိုရီးယားက စစ်ရေးသည်သာ ပထမဟူသည့် မူဝါဒကျင့်သုံး

**ပြုံယမ်း ဩဂုတ် ၂၅**

မြောက်ကိုရီးယားက ၎င်း၏ ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုများကို အဆ ၁၀၀၀ လောက် တိုးတက်အောင် လုပ်ဆောင်ချင်ကြောင်း၊ အထူးသဖြင့် နျူကလီးယားလက်နက်များနှင့်ပတ်သက်ပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်ချင်ကြောင်း စစ်ရေးသည်သာ ပထမဟူသည့် မူဝါဒနှစ်ပတ်လည် ကျင်းပသည့်နေ့ ဩဂုတ် ၂၅ ရက်က ပြောကြားခဲ့သည်။

ကင်ဂျုံအီသည် အဆိုပါမူဝါဒကို ချမှတ်ခဲ့သည့်သူဖြစ်ပြီး ၎င်းသည်လက်ရှိ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း၏ အဖေဖြစ်သူလည်း ဖြစ်သည်။ အာဏာရအလုပ်သမားပါတီ သတင်းစာဖြစ်သော ရိုဒေါင်ဆင်မန်က ၎င်း၏ ခေါင်းကြီးပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖော်ပြခဲ့သည်မှာ မြောက်ကိုရီးယားအနေဖြင့် အမေရိကန်ပြည်ထောင်စုကို ဖျက်ဆီးနိုင်သည့် စစ်ရေးဆိုင်ရာ စွမ်းအင်များရှိနေပြီဟု ဖော်ပြပါရှိသည်။

**(အင်န်အိတ်ချ်ကေ)**

## ကျူးဘား၌ ဖြစ်ပွားနေသည့် ကျန်းမာရေးပြဿနာများကို အမေရိကန်အာဏာပိုင်များဖြေရှင်း

**ဝါရှင်တန် ဩဂုတ် ၂၅**

ပေါက်ကွဲမှုဆိုင်ရာအသံလှိုင်းများကြောင့် ဖြစ်ပွားရသည့် အကြားအာရုံဆုံးရှုံးမှုနှင့် ခေါင်းကိုက်ဝေဒနာခံစားရမှုများအတွက် ကုသမှုများဆောင်ရွက်ပေးရန် ကျူးဘားရှိ အမေရိကန်သံရုံးတွင် အမေရိကန်ပြည်ထောင်စုမှ အာဏာပိုင် ၁၆ ဦးတို့က ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမေရိကန် ပြည်တွင်းဦးစီးဌာနပြောရေးဆိုခွင့်ရှိသူ ဟီသာနော်ရတ်က ကျန်းမာရေးဆိုင်ရာပြဿနာများသည် ပြီးခဲ့သည့်နှစ် နှောင်းပိုင်းမှစတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ထိုသို့ ဖြစ်ပွားအောင်လုပ်ဆောင်ခဲ့သည့် လက်သည်များကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်းကိုလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အသံလှိုင်းဖြင့်တိုက်ခိုက်မှုပုံစံအချို့သည် အာဏာပိုင်အချို့ကို ပစ်မှတ်ထားခြင်းဖြစ်နိုင်ကြောင်းနှင့် ထိုသို့တိုက်ခိုက်ခံရသည့် လက္ခဏာများတွင်ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုများလည်းပါဝင်ကြောင်း အမေရိကန်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ကျူးဘားသည် နိုင်ငံခြားသံတမန်များကိုကာကွယ်ရမည့် တာဝန်ကို လျစ်လျူရှုလျက်ရှိသည်ဟု အမေရိကန်အစိုးရအဖွဲ့ကဝေဖန်ရှုတ်ချခဲ့သည်။ အမေရိကန် နှင့်ကျူးဘားနှစ်နိုင်ငံသည် သံတမန်ရေးအရ ပြန်လည်ရင်းနှီး ဆက်ဆံလာပြီးနောက် ၂၀၁၅ ခုနှစ်တွင် ကျူးဘားနိုင်ငံ ဟာဗားနား၌ အမေရိကန် သံရုံးကို ဖွင့်လှစ်ခဲ့သည်။ ကျန်းမာရေးပြဿနာများပေါ်ပေါက်စေခဲ့သည့် တိုက်ခိုက်မှုများအတွင်း ပါဝင်ပတ်သက်ခဲ့ခြင်းမရှိကြောင်း ကျူးဘားအစိုးရက ငြင်းဆန်ခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားတရားရုံးက ဆမ်ဆောင်းအကြီးအကဲဂျေဝိုင်လီကို လာဘ်စားမှုဖြင့် ထောင်ဒဏ်ငါးနှစ်ချမှတ်

**ဆိုးလ် ဩဂုတ် ၂၅**

တောင်ကိုရီးယားနိုင်ငံ Samsaung Group မှ အကြီးအကဲလည်းဖြစ် သန်းကြွယ်သူဌေးတစ်ဦးလည်း ဖြစ်သည့် ဂျေဝိုင်လီကို လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့မှု၊ အလွဲသုံးစားပြုလုပ်မှုနှင့် လိမ်ညာသက်သေခံမှုတို့ဖြင့် သောကြာနေ့တွင် တောင်ကိုရီးယားတရားရုံးက ထောင်ဒဏ်ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွမ်ဟေးနှင့် ပတ်သက်ဆက်နွှယ်နေသည့်ကိစ္စရပ်များအပါအဝင် အခြားသော လူထုအုံကြွမှုဖြစ်စေသည့် ကိစ္စရပ်များဖြင့် လီအား ခြောက်လကြာအောင် ရုံးထုတ်စစ်ဆေးမှုပြုလုပ်ခဲ့သည်။ အစိုးရရှေ့နေများသည် လီအား ထောင်ဒဏ် ၁၂ နှစ်အထိ ချမှတ်နိုင်ရေးအတွက် ကြိုးစားခဲ့ကြသည်။

ဆိုးလ်ဗဟိုတရားရုံးက လီသည် ကမ္ဘာ့ထိပ်တန်းစမတ်ဖုန်းနှင့် ပတ်သက်၍ အခိုင်အမာထိန်းချုပ်နိုင်ရေး အကူအညီပေးရန် သမ္မတဟောင်းပတ်၏ မိတ်ဆွေနှင့်ပတ်သက်နေသည့် ကိစ္စရပ်တစ်ခုတွင် လာဘ်ငွေအဖြစ် စုစုပေါင်းဒေါ်လာ



**တောင်ကိုရီးယားတရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်ပြီးနောက်တွင် တရားရုံးမှ ထွက်ခွာလာသည့် Samsaung Group အကြီးအကဲ ဂျေဝိုင်လီကို တွေ့ရစဉ်**

ခြောက်သန်းပေးအပ်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ဆမ်ဆောင်း အကျိုးဆောင်ရှေ့နေဆောင်ဝူချိုးက ခုခံချေပသည့် လျှောက်လဲမှုကို ပြုလုပ်သွားမည်ဖြစ်ပြီး ပြစ်ဒဏ်မှ လွတ်ကင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။ အမှုတွင် ပါဝင်ပတ်သက်နေသည့် နောက်ထပ် ဆမ်ဆောင်းအမှုဆောင်အရာရှိ လေးဦးကိုလည်း တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရ သည်။

အမှုဆောင်အရာရှိ နှစ်ဦးကို ထောင်ဒဏ် လေးနှစ်စီချမှတ်ခဲ့ပြီး ကျန်နှစ်ဦးကို ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဖော်ပြထားသည်။ **(ရိုက်တာ)**

# နျူစစ်ပွဲမဖြစ်ပွားရေး ဝိုင်းဝန်းကူညီထိန်းကျောင်းပေး

တင်လင်းအောင်

မြောက်ကိုရီးယားရဲ့ နျူကလီးယား လက်နက်ဆိုင်ရာ အစီအစဉ်နဲ့ပတ်သက်ပြီး အခြေအနေတင်းမာနေတဲ့ကြားက တောင်ကိုရီးယားနဲ့ အမေရိကန်တပ်ဖွဲ့များဟာ ဩဂုတ် ၂၁ရက်က ကွန်ပျူတာ သုံး သဏ္ဌာန်တူစစ်ရေးလေ့ကျင့်ခြင်းတွေ ကို ပြုလုပ်ခဲ့ပါတယ်။

တောင်ကိုရီးယားမှာ အမေရိကန် တပ်ဖွဲ့ဝင် ၂၈၀၀၀လောက်ရှိနေပါတယ်။ ယခုလပြုလုပ်ခဲ့တဲ့ ပူးတွဲစစ်ရေးလေ့ကျင့် မှုတွေမှာ အမေရိကန်တပ်ဖွဲ့ဝင် ၁၇၅၀၀ လောက်ပါဝင်ခဲ့တယ်လို့ ပင်တဂွန်အရ သိရပါတယ်။ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက Ulchi Freedom Guardian လို့ခေါ်တဲ့ အဆိုပါ ပူးတွဲစစ် ရေးလေ့ကျင့်မှုဟာ ကာကွယ်မှုသက်သက် အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်အရေး အခြေ အနေပိုမိုတင်းမာလာအောင် တမင်ရည် ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း ပြောခဲ့သော်လည်း မြောက်ကိုရီးယားက အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဟာ စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ် ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ Ulchi Freedom Guardian လို့ခေါ်တဲ့ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှု ကို နှစ်စဉ်နှစ်တိုင်းပြုလုပ်လေ့ရှိကြောင်း၊ ကိုရီးယား ကျွန်းဆွယ်အရေး စစ်ရေး ဆိုင်ရာတင်းမာမှုများ ဖြစ်ပေါ်ရန် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ် ကြောင်း တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းက ဝန်ကြီးများအစည်းအဝေး မှာ ပြောခဲ့ပါတယ်။

မြောက်ကိုရီးယားအနေနဲ့ နှစ်စဉ် ပြုလုပ်လေ့ရှိတဲ့ တောင်ကိုရီးယားနဲ့ အမေရိကန်တပ်ဖွဲ့တွေရဲ့ ပူးတွဲစစ်ရေး လေ့ကျင့်ခြင်းကို ပုံကြီးချဲ့ပြောဆိုခြင်း တွေမလုပ်သင့်ကြောင်း၊ ယခုလို ပူးတွဲ စစ်ရေးလေ့ကျင့်ခြင်းကို ဆင်ခြေတစ်ခု အနေနဲ့ အသုံးချပြီး ကိုရီးယား ကျွန်းဆွယ်အရေး ပိုမိုဆိုးရွားအောင် မလုပ်ဆောင်သင့်ကြောင်း တောင် ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောခဲ့ ပါတယ်။

> **ငြိမ်းချမ်းရေးစာချုပ် မဟုတ်ဘဲ အပစ်ရပ်စဲရေး သဘော တူညီမှုနဲ့ ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲ အဆုံးသတ်သွားသော် လည်း မြောက်ကိုရီးယား နဲ့ တောင်ကိုရီးယားတို့မှာ စာအုပ်ကြီးအရပြောရ မယ်ဆိုရင် စစ်ပွဲဖြစ်နိုင် သေးသည့် အခြေအနေ တွင်ရှိကြောင်း**



အမေရိကန်နဲ့ တောင်ကိုရီးယားတို့ရဲ့ Ulchi Freedom Guardian လို့ခေါ်တဲ့ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့် မှုဟာ ဩဂုတ် ၃၁ ရက်အထိကြာမြင့်မှာ ဖြစ်ပြီး နျူကလီးယားဒုံးကျည်ပစ်လွှတ် နိုင်တဲ့ မြောက်ကိုရီးယားနဲ့စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေဖြင့် ပြုလုပ်ခြင်း ဖြစ်တယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုကလည်း အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းကို ပုံမှန်လုပ်နေကျအတိုင်း ကာကွယ်မှုသက် သက်အတွက်လုပ်ဆောင်ခြင်းဖြစ်တယ် လို့ ဖော်ပြခဲ့သော်လည်း မြောက် ကိုရီးယားနိုင်ငံပိုင်သတင်းမီဒီယာက ဟန်ဆောင်မျက်နှာဖုံးတစ်ခုဟုဆိုကာ အဆိုပါဖော်ပြမှုကို ပယ်ချခဲ့ပါတယ်။

ဖြစ်ကြောင်းနဲ့ အခြားအရေးယူမှုတွေကို လည်း လုပ်ဆောင်မယ်လို့သိရပါတယ်။

ဒါဘယ်လိုပဲဖြစ်ဖြစ် ကိုရီးယား ကျွန်းဆွယ်မှာ နျူကလီးယား စစ်ပွဲ ဖြစ်ပွားရန် မီးပွားချပေးလိုက်ခြင်းသာဖြစ် ကြောင်း မြောက်ကိုရီးယား သတင်း အေဂျင်စီတစ်ခုက ဖော်ပြခဲ့ပါတယ်။

အမေရိကန်ဟာ တောင်ကိုရီးယားနဲ့ နှစ်စဉ်ပြုလုပ်မြဲဖြစ်တဲ့ ပူးတွဲစစ်ရေး လေ့ကျင့်မှုတွေကို ဆက်လက်လုပ်ဆောင် ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းအတွက် ပြန် လည်ပေးဆပ်မှုတွေ ပြုလုပ်ရမယ်လို့ မြောက်ကိုရီးယားတပ်မတော်မှ မကြာ သေးမီတွင် ပြောကြားခဲ့ပါတယ်။

မှန်မှန်ကန်ကန်ရွေးချယ်မှုပြုလုပ် ရန် မြောက်ကိုရီးယားရဲ့သတိပေးမှုအပေါ် ဆိုပါက အရှုံးမီးဝိုင်းပုံစံကို ရင်ဆိုင်ရမှာ ဖြစ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ် ထရန့်က မြောက်ကိုရီးယားကို မကြာသေး မီက ပြောကြားလိုက်ပါတယ်။

မြောက်ကိုရီးယားဟာ အမေရိကန် ပိုင်ဂူအမ်ကျွန်းကို ဒုံးကျည်နဲ့ ပစ်ခတ်မယ် လို့ ပြောခဲ့သော်လည်း နောက်ပိုင်းမှာ အမေရိကန်ဘက်က ဘယ်လို တုံ့ပြန်မလဲ ဆိုတာကို သိချင်လို့ဆိုကာ အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း သိရပါ တယ်။

မြောက်ကိုရီးယားနဲ့စစ်မက်ဖြစ်ပွား နိုင်တဲ့ အခြေအနေများနဲ့ ပတ်သက်ပြီး ကျယ်ကျယ်လောင်လောင်ကြားနေရ ခြင်းအပေါ် သတိမမူဘဲ ရှေ့တိုးလုပ်ဆောင် မယ်ဆိုပါက ကိုရီးယားကျွန်းဆွယ်အရေး ဒေသတွင်းတင်းမာမှုကို မီးလောင်ရာ လေပင့်ဆိုသလို အခြေအနေပိုမိုဆိုးရွား စေခဲ့ပါတယ်။ အမေရိကန်ဦးဆောင် ပိတ်ဆို့အရေးယူမှုများကလည်း မြောက် ကိုရီးယားရဲ့ အခြေအနေကို ပြောင်းလဲ နိုင်လောက်အောင် မလုပ်ဆောင်နိုင်သေး ကြောင်း တွေ့ရပါတယ်။

မြောက်ကိုရီးယားရဲ့ ကုန်သွယ် ဖက်လည်းဖြစ်၊ မဟာမိတ်လည်းဖြစ်တဲ့ တရုတ်နိုင်ငံကလည်း တောင်ကိုရီးယားနဲ့ အမေရိကန်တို့ရဲ့ အဆိုပါပူးတွဲစစ်ရေး လေ့ကျင့်မှုတွေကို မပြုလုပ်ဖို့ တိုက်တွန်း ခဲ့သလို ရုရှားကလည်း ထိုနည်းလည်း ကောင်းတိုက်တွန်းခဲ့ကြောင်းသိရပါ တယ်။ ထိုသို့တိုက်တွန်းခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုဟာ အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မစွန့်လွှတ်ခဲ့ ကြောင်းသိရပါတယ်။

မြောက်ကိုရီးယား၊ တောင်ကိုရီး ယားနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာ ကိုရီးယားကျွန်းဆွယ်အရေးတင်းမာမှု များကို လျော့နည်းစေဖို့အရေး ပိုမိုအား စိုက်လုပ်ကိုင်ရန်လိုအပ်ပါတယ်လို့ တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူက ပေကျင်းမှာ ပြောကြားခဲ့ပါတယ်။

တောင်ကိုရီးယားနဲ့ အမေရိကန် ပြည်ထောင်စုတို့ဟာ အခုလိုအချိန်မှာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဟာ လတ်တလောဖြစ်ပေါ်နေတဲ့ ကိုရီးယား ကျွန်းဆွယ်အရေး တင်းမာမှုအပေါ်အကျိုး မများစေကြောင်းနဲ့ ကိုရီးယားကျွန်းဆွယ် အရေးတင်းမာမှုများ လျော့နည်းစေရန် အတွက် တွေ့ဆုံဆွေးနွေးမှုများပိုမိုလုပ် ဆောင်ရန်လိုအပ်ပါတယ်လို့ တရုတ်



တကယ့်ကြီးကြီးမားမားတစ်ခုခုဖြစ် ခဲ့လို့ရှိရင် ကြိုတင်ပြင်ဆင်ဖို့လိုကြောင်းနဲ့ မြောက်ကိုရီးယားရန်မှကာကွယ်ဖို့လို ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မီရဲ့သောမက်စ်က ပြောခဲ့ပါတယ်။

မြောက်ကိုရီးယားက အဆိုပါစစ်ရေး လေ့ကျင့်မှုမျိုးဟာ ကျူးကျော်မှုပြုရန် သာဖြစ်တယ်လို့ သဘောထားအမြင်ရှိ တာကြောင့်တစ်ကြောင်း၊ ယခင်က စစ် ရေးလေ့ကျင့်မှုများကို သဘောမကျတာ ကြောင့်တစ်ဖုံ နောက်ထပ်ဒုံးကျည်စမ်း သပ်ပစ်ခတ်မှုများကို ပိုမိုလုပ်ဆောင်မှာ လျစ်လျူရှုခဲ့တဲ့အတွက် အမေရိကန် အနေနဲ့ အပြစ်ပေးခံရမယ်လို့ မြောက် ကိုရီးယားတပ်မတော်က ဆက်လက်ဖော် ပြခဲ့ပါတယ်။ ထို့အတူ စစ်မက်လိုလားတဲ့ နမော်နမဲ့အပြုအမူများနဲ့ ပူးတွဲစစ်ရေး လေ့ကျင့်မှုများကြောင့် ဖြစ်လာမယ့် ကပ် ဘေးဆိုက်ရောက်မှုအကျိုးဆက်များ အတွက် အမေရိကန်နိုင်ငံတွင်သာ တာဝန်ရှိကြောင်း မြောက်ကိုရီးယား ဘက်က ပြောခဲ့ပါတယ်။

အကယ်၍ မြောက်ကိုရီးယားအနေနဲ့ အမေရိကန်ပြည်ထောင်စုကိုသာ ဆက် လက်ခြိမ်းခြောက်မှုများပြုလုပ်နေမယ် မှာ ပိုမိုဆိုးရွားလာနိုင်တဲ့ သဘောရှိ ကြောင်းသိရပါတယ်။ ငြိမ်းချမ်းရေး စာချုပ်မဟုတ်ဘဲ အပစ်ရပ်စဲရေးသဘော တူညီမှုနဲ့ ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲ အဆုံးသတ်သွားသော်လည်း မြောက် ကိုရီးယားနဲ့ တောင်ကိုရီးယားတို့မှာ စာအုပ်ကြီးအရပြောရမယ်ဆိုရင် စစ်ပွဲ ဖြစ်နိုင်သေးသည့် အခြေအနေတွင်ရှိ ကြောင်း သိရပါတယ်။

မြောက်ကိုရီးယားရဲ့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတဲ့ နျူကလီးယား လက်နက်များနဲ့ အမေရိကန်အထိရောက် အောင်ပစ်ခတ်နိုင်တဲ့ ဒုံးကျည်တွေက နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူက ဆက်လက်ပြောကြားခဲ့ပါတယ်။

ဘယ်လိုပဲဆိုဆို နျူကလီးယားစစ်ပွဲ မဖြစ်ပေါ်ရေးအတွက်တော့ မြောက် ကိုရီးယားအနေဖြင့်လည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ဥပဒေသများကို လေးစားလိုက်နာသင့်သလို အမေရိကန် အနေဖြင့်လည်း အပြုသဘောဆောင် ဆွေးနွေးမှုများဖြင့် ချဉ်းကပ်သင့်ကြောင်း၊ ထို့အတူ နိုင်ငံတကာအသိုင်းအဝိုင်း ကလည်း ဝိုင်းဝန်းထိန်းကျောင်းသင့် ကြောင်း ရေးသားတင်ပြလိုက်ရပါ တယ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ရှားပါးဆေးဖက်ဝင် သမင်သတ်ဖြတ်မှုဖြင့် လူနှစ်ဦးထောင်ကျ

ရင်ချမ် ဩဂုတ် ၂၅

ဘေးမဲ့တောမှ ရှားပါး သမင်ကတိုးကောင် သတ်ဖြတ်မှုဖြင့် နန်ကျားဝေကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အနောက်မြောက်ပိုင်း ရှိ အမျိုးသားနှစ်ဦးကို ထောင်ဒဏ်ချမှတ်ခဲ့ ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လန်အမည်ရအမျိုးသားတစ်ဦးကို ဂျင်ယွမ်စီရင်စုပြည်သူ့တရားရုံးက ရှန်ဇီး ပြည်နယ်လင်ယူစီရင်စုရှိ သမင်ကတိုးရှစ် ကောင်သတ်ဖြတ်မှုတွင် ပြစ်မှုထင်ရှား သဖြင့် ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့ ကြောင်း သိရသည်။ တခြားလန်အမည်ရ အမျိုးသားတစ်ဦးမှာလည်း သမင်ကတိုး လေးကောင် သတ်ဖြတ်မှုဖြင့် ထောင်ဒဏ် ခြောက်နှစ်ချမှတ်လိုက်ကြောင်း သိရ သည်။ ၎င်းတို့သတ်ဖြတ်ခဲ့သော သမင် များသည် ဆေးဖက်ဆိုင်ရာတွင် အသုံး ဝင်ရုံသာမက ရှားပါး၍တန်ဖိုးရှိသမင်မျိုး နွယ်များဖြစ်ပြီး ထူးခြားသောအမွှေးနံ့ လည်းရှိကြောင်း သိရသည်။ (ဆင်ဟွာ)

### ဆူဒန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး သေဆုံးကြောင်းအတည်ပြု

မော်စကို ဩဂုတ် ၂၅

ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆူဒန်နိုင်ငံ ဆိုင်ရာ ရုရှားသံအမတ်ကြီး မာဂရက်စ် ရှရင်စကီသေဆုံးမှုကို အတည်ပြုပြော ကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြ သည်။ ဆူဒန်နိုင်ငံမြို့တော် ခါတွမ်မြို့၌ ဆူဒန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မာဂရက်စ်ရှရင်စကီ သေဆုံးခဲ့ကြောင်း ဝမ်းနည်းစွာ ဖော်ပြပါသည်ဟု ရုရှားနိုင်ငံ ခြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေး ဌာနက ပြောကြားခဲ့သည်။

ရုရှားသံအမတ်ကြီး မာဂရက်စ် ရှရင် စကီသည် ၎င်း၏နေအိမ်၌ ဩဂုတ် ၂၃ ရက်က သေဆုံးခဲ့ကြောင်းတွေ့ရှိခဲ့သော် လည်း မည်သည့်အတွက်ကြောင့် သေဆုံး ခဲ့ကြောင်း မသိရသေးပေ။

သံအမတ်ကြီးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိသည်နှင့် တစ်ပြိုင်နက် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည် ဖြစ် ကြောင်း သိရသည်။ ဆူဒန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မာဂရက်စ် ရှရင်စကီ ကို ၁၉၅၄ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၂၀၁၃ ခုနှစ်၌ ဆူဒန်နိုင်ငံဆိုင်ရာ ရုရှားသံ အမတ်ကြီး ခန့်အပ်ခံရကြောင်း သိရ သည်။ (ဆင်ဟွာ)

### တရုတ်နိုင်ငံရှန်ဇီးတွင် ကြီးမားသော ဓာတ်ငွေ့လုပ်ကွက် တစ်ခုကို ရှာဖွေတွေ့ရှိ

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံ ရှန်ဇီးပြည်နယ်မြောက်ပိုင်း တွင် ကြီးမားသော ဓာတ်ငွေ့လုပ်ကွက် တစ်ခုကို ရှာဖွေတွေ့ရှိကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဩဂုတ် ၂၄ ရက်က ဖော်ပြခဲ့သည်။

အသစ်တွေ့ရှိခဲ့သည့် ဓာတ်ငွေ့ လုပ်ကွက်သည် ခန့်မှန်း ၅၄၆ ဒသမ ၆ ဘီလီယံ ကုဗမီတာထုတ်ယူနိုင်ကြောင်း သိရသည်။

ရှန်ဇီးသည် အဓိကဓာတ်ငွေ့ထုတ် လုပ်သည့်နေရာတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ ၏ ဒုတိယအကြီးဆုံး ဓာတ်ငွေ့ထုတ်လုပ် ရာ နေရာတစ်ခုဖြစ်သည်။ (ဆင်ဟွာ)

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(ကက) **မူပိုင်ခွင့်ဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေ အခန်း(၁၈)အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ခခ) **မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသော မိတ္တူများနှင့် ဤဥပဒေပါမူပိုင်ခွင့် အခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက် ပြုလုပ်ထားသော မိတ္တူများကို ဆိုသည်။

(ဂဂ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူး အောက်မနိမ့်သော အရာရှိကို ဆိုသည်။

(ဃဃ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများ တည်ထောင်ခြင်းမပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည်။

(ငင) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် ထုတ်လုပ်မှုများ နှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေအနုပညာဆိုင်ရာ ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

## အခန်း(၄)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီက ချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့်သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်း စီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုခြင်း၊ ယင်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဍ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သောအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## မှတ်ပုံတင်အရာရှိခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မူပိုင်ခွင့်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ဂ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများကို တောင်းခံခြင်း၊

(ဃ) မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(င) ကော်မတီနှင့်ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## သက်ဆိုင်သည့်နယ်ပယ်

၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါစာပေအနုပညာလက်ရာများကိုလည်းကောင်း၊ ဖျော်ဖြေသူနှင့် ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်၊ ထုတ်လွှင့်ခြင်းနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့ကိုလည်းကောင်း အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်ရမည် -

(က) စာပေအနုပညာလက်ရာဖြစ်ပါက-

(၁) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်သော သို့မဟုတ် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အခြေပြုနေထိုင်သော မူလလက်ရာရှင်၏ လက်ရာဖြစ်ခြင်း၊

(၂) စာပေအနုပညာလက်ရာကို နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ပထမအကြိမ်ထုတ်ဝေခြင်း သို့မဟုတ် စာပေအနုပညာလက်ရာကို အခြားအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ထုတ်ဝေခြင်း၊

(၃) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ရုံးစိုက်သော သို့မဟုတ် အခြေပြုနေထိုင်သော အရုပ်အသံလက်ရာ ထုတ်လုပ်သူ၏ လက်ရာဖြစ်ခြင်း၊

(၄) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ဆောက်လုပ်ထားသည့် ဗိသုကာလက်ရာနှင့် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တည်ရှိသော အဆောက်အအုံ သို့မဟုတ် အခြားအဆောက်အအုံပုံစံတွင် ပါဝင်ပေါင်းစပ်ထားသည့် အနုပညာလက်ရာဖြစ်ခြင်း။

(ခ) ဖျော်ဖြေသူသည် မြန်မာနိုင်ငံသား သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသား ဖြစ်ပါက -

(၁) နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခုအတွင်း ဖျော်ဖြေမှုဖြစ်ခြင်း၊

(၂) ဖျော်ဖြေမှုကို ပုဒ်မခွဲ(ဂ)အရ အကာအကွယ်ပေးရမည့် ဖိုနိုဂရမ်တွင် ပါဝင်ပေါင်းစပ်ထားခြင်း သို့မဟုတ် ဖျော်ဖြေမှုကို ဖိုနိုဂရမ်တွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသော်လည်း ပုဒ်မခွဲ(ဃ)အရ အကာအကွယ်ပေးရေးအတွက် အရည်အချင်းပြည့်မီသည့် ထုတ်လွှင့်မှုတွင် ပါဝင်ခြင်း။

(ဂ) ဖိုနိုဂရမ်ထုတ်လုပ်သူသည် မြန်မာနိုင်ငံသား သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နိုင်ငံသားဖြစ်ပါက နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ပထမဦးစွာ ဖိုနိုဂရမ်အား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း သို့မဟုတ် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ပထမဦးစွာ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်း။

(ဃ) ထုတ်လွှင့်သည့်အဖွဲ့အစည်းဖြစ်ပါက ထုတ်လွှင့်သည့်အဖွဲ့အစည်း၏ ရုံးချုပ်သည် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း သို့မဟုတ် ပို့လွှင့်စက်သည် နိုင်ငံတော် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ တည်ရှိခြင်း။

## အခန်း (၇)
## အကာအကွယ်ပေးခြင်းခံရသည့် စာပေအနုပညာလက်ရာများနှင့် အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာဆိုင်ရာ ကိစ္စရပ်များ

၁၀။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူလဖန်တီးမှုများဖြစ်သော အောက်ပါစာပေအနုပညာလက်ရာများကို အကာအကွယ်ပေးရမည် -

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြားစာပေအနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်း ပြုထားသည့်လက်ရာ၊ သစ်သားဖြင့် ပြုလုပ်သည့်လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှု ပစ္စည်း၊ ရှေးခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့်လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြားအနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်ဒီဇိုင်း၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့်သုံးဖက်မြင်လက်ရာ၊

၁၁။ ပုဒ်မ ၁၀ ပါ စာပေအနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဍာန်၊ ယင်းတို့၏ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေအနုပညာလက်ရာကို အကာအကွယ်ပေးရမည်။

၁၂။ ပုဒ်မ ၁၀ ပါ မူလရှိပြီး စာပေအနုပညာလက်ရာများကို မထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများ၏ မူပိုင်ခွင့်ကို အကာအကွယ်ပေးရမည် -

(က) စာပေအနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

(ခ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် စာပေအနုပညာလက်ရာများကို စုပေါင်းခြင်း၊ စာပေအနုပညာလက်ရာများပါဝင်သည့် မူရင်းအချက်အလက်အစုအဝေးကို ဖတ်၍ရသည့်စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းနှင့် မူရင်းရိုးရာဓလေ့ အမွေအနှစ် ဖော်ပြချက်များကို စုပေါင်းခြင်း။

(ဆက်လက်ဖော်ပြပါမည်)

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့်နှင့် တန်းတူရည်တူခွင့်

## ဆင်ဖြူကျွန်း သန်းထွန်း

*ယမန်နေ့မှအဆက်*

ဖက်ဒရယ်စနစ်တွင် တန်းတူရည်တူဆိုသည်မှာ အဘယ်နည်း။ In terms of federalism, equality is not about treating everyone the same. Instead, equality is about treating **people** in such a way that the outcome for each **person** can be the same. ဖက်ဒရယ်စနစ်တွင် တန်းတူရည်တူဆိုသည်မှာ လုပ်နည်းလုပ်ဟန် အကောင်အထည်ဖော်မှုနည်းလမ်းများအရ လူတိုင်းအကျိုးခံစားခွင့်အတူတူ ဖြစ်လာစေရေးကို ဆိုလိုပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ဆိုသည်မှာ တန်းတူရည်တူဖြစ်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် မြှင့်တင်ရေး Federalism is meant to promote both equality and participation ဟု ဆိုကြပါသည်။

ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခွင့် participation သည်အရေးကြီးပါသည်။ ပါဝင်ဆောင်ရွက်ခွင့် အယူအဆကို အခြေခံပြီး ပါဝင်ဆောင်ရွက်နိုင်သော နည်းလမ်းများဖြင့် တန်းတူရည်တူဖြစ်ရေးကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်တွင် ပါဝင်ဆောင်ရွက်ခွင့်အယူအဆအရ ပါဝင်ခွင့်ပေးရာတွင် မည်သို့သောနေရာ၊ မည်သို့သော ဖွဲ့စည်းမှုများတွင် မည်သို့သောနည်းစနစ်ဖြင့် မည်သူများကို မည်သို့သော လုပ်ငန်းတာဝန်များဖြင့် ပါဝင်ဆောင်ရွက်ခွင့်ပေးမည်နည်း။ ယင်းမေးခွန်းများ၏ အဖြေများမှာ တန်းတူရည်တူ ဖြစ်စေရေးကို အကောင်အထည်ဖော်ပေးမည့် အဖြေများ ဖြစ်လာပါမည်။

ဖက်ဒရယ်စနစ်တွင် ဗဟိုပြည်ထောင်စုအဆင့် အစိုးရအဖွဲ့နှင့် အခြားဖွဲ့စည်းမှုများ၊ ပြည်နယ် ဒေသအဆင့် အစိုးရအဖွဲ့နှင့် အခြားဖွဲ့စည်းမှုများဟု ရှိနေသည်ကို အားလုံးလက်ခံကြပြီး ဖြစ်ပါသည်။ ဗဟိုအဆင့်တွင် ပြည်နယ်ဒေသမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ပေးခြင်းဖြင့် တန်းတူရည်တူ အယူအဆကို အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ အလွယ်အားဖြင့် ဗဟိုအဆင့်အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်သုံးရပ်စလုံးတွင် ပြည်နယ်ဒေသများမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ပေးခြင်းဖြင့် တန်းတူရည်တူ အယူအဆကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။

အထက်ပါအတိုင်း ပြောသော်လည်း လက်တွေ့လုပ်ရန် ခက်ခဲနေဆဲ ဖြစ်ပါသည်။ မည်သည့် ဖက်ဒရယ်နိုင်ငံမှ ပြည်နယ်ဒေသများတွင် တူညီသောလူဦးရေ မရှိကြပါ။ လူဦးရေအလွန်များသော ပြည်နယ်၊ လူဦးရေ အလွန်နည်းသော ပြည်နယ်ဒေသဟု ရှိနေကြ ပါသည်။လူဦးရေ အနည်းအများ မတူညီသည်ကို မျက်ကွယ်ပြုပြီး မည်သို့ တန်းတူကိုယ်စားပြု ပါဝင်ခွင့်ပေးမည်နည်း။

အမေရိကန်နိုင်ငံ၌ ဆီးနိတ်သို့ ပြည်နယ်တိုင်းက ကိုယ်စားလှယ် နှစ်ဦးစီ စေလွှတ်ခွင့်ပြုသကဲ့သို့ ကျင့်သုံးမည်လား။ မြန်မာနိုင်ငံတွင်လည်း အမျိုးသားလွှတ်တော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များက တစ်ခုလျှင် ၁၂ ဦးစီ၊ အညီအမျှ စေလွှတ်ထားသည့်အတိုင်း ဆောင်ရွက်မည်လား။ ဂျာမနီ၊ တောင်အာဖရိက၊ အိန္ဒိယနိုင်ငံတို့တွင် အထက်လွှတ်တော်သို့ ပြည်နယ်များကို ကိုယ်စားလှယ်များ မည်သို့ရွေးချယ် စေလွှတ်ထားသနည်း။

ပြည်နယ်တစ်ခုစီက ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်မည်ဆိုလျှင် လူဦးရေနည်းသော လူမျိုး၊ ပြည်နယ်ဒေသက လက်ခံနေမည်ဖြစ်သော်လည်း၊ လူဦးရေများသော ပြည်နယ်ဒေသက လက်ခံပါမည်လား။ လွှတ်တော်သို့ ကိုယ်စားလှယ်အရေအတွက် အညီအမျှလွှတ်ရေးကို လက်ခံသည်ဆိုလျှင် နိုင်ငံတော် ကာကွယ်ရေးအတွက် တပ်မတော်ဖွဲ့လျှင် လူဦးရေ အညီအမျှ စေလွှတ်နိုင်မည်လား။ လူဦးရေအများဆုံး လူမျိုးက၊ တိုင်းဒေသ ပြည်နယ်က၊ တပ်မတော်သို့ တပ်သားအဖြစ် အများဆုံးစေလွှတ်နိုင်ပြီး၊ တပ်မတော်တွင် နေရာအများဆုံး ရယူသွားလျှင် မည်သို့စဉ်းစားကြမည်နည်း။

ထို့အတူ သဘာဝသယံဇာတအင်အား၊ တည်နေရာအချက်အချာကျမှုစသော အကြောင်းများကြောင့် ပြည်နယ်ဒေသတစ်ခု၏ အရေးပါမှုနှင့် အခြားပြည်နယ်တစ်ခု၏ အရေးပါမှုချင်း မတူညီကွဲပြားနေပါသည်။ သို့သော် ယင်းသို့ အသီးသီး၏ အရေးပါမှုကို အားလုံးက အလေးအမြတ်ပြုလျက် အားလုံးအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက် မျှဝေခံစားရေးသည် ဖက်ဒရယ်သဘော၏ အနှစ်သာရတစ်ခု ဖြစ်ပါသည်။ ယင်းအနှစ်သာရကို အားလုံးက လက်ခံကြပြီးဖြစ်ပါသည်။ သို့သော် လက်တွေ့တွင် မည်သို့ခွဲဝေမျှဝေခံစားကြ မည်နည်း။ မည်သည့်နည်းလမ်းကို ဖော်ထုတ်ကျင့်သုံးမည်နည်း။ တန်းတူရည်တူဖြစ်သည် ဆိုသော စကားကို မည်သို့ အကောင်အထည်ဖော်မည်နည်း။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပါဝင်ဆောင်ရွက်ခွင့်နည်းလမ်းကို ဖော်ထုတ်ခြင်းဖြင့်သာ တန်းတူရည်တူ အယူအဆကို အကောင်အထည်ဖော်နိုင်ပါသည်။ ဥပမာအားဖြင့် လူတစ်ကိုယ် တစ်မဲစနစ်ဖြင့် အောက်လွှတ်တော်သို့ ကိုယ်စားလှယ်ရွေးခွင့်ပေးခြင်းဖြင့် လူတိုင်းတန်းတူရည်တူ ဖြစ်စေပါသည်။ အထက်လွှတ်တော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ကိုယ်စားလှယ် အရေအတွက် တူညီစွာစေလွှတ်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များ တန်းတူရည်တူ ဖြစ်စေနိုင်ပါသည်။ အချို့သောဖက်ဒရယ် နိုင်ငံများ၌ ယင်းသို့သောစနစ်ကို ကျင့်သုံးကြပါသည်။ အချို့ဖက်ဒရယ်နိုင်ငံများတွင် အထက်လွှတ်တော်သို့ ကိုယ်စားလှယ်အရေအတွက် အညီအမျှ စေလွှတ်မထားသည်ကို တွေ့နိုင်ပါသည်။ အဘယ့်ကြောင့်နည်း။

အထက်လွှတ်တော်သို့ ကိုယ်စားလှယ်အရေအတွက် အတူအညီ စေလွှတ်ခွင့်ရခြင်းကို လူဦးရေနည်းသော ပြည်နယ်က လက်ခံနိုင်မည်ဖြစ်သော်လည်း၊ လူဦးရေများသော ပြည်နယ်က လက်မခံနိုင်သော ဖြစ်ရပ်မျိုး ကြုံတွေ့နိုင်ပါသည်။ over-representation and under-representation စသည်များ ဖြစ်လာသောကြောင့် တန်းတူရည်တူ စကားကို အကောင်အထည်ဖော်ရန်ခက်ခဲသည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

လွှတ်တော်နှစ်ရပ်သို့ စေလွှတ်မည့် ကိုယ်စားလှယ်အရေအတွက်ကို တန်းတူညီတူဖြစ်ရေး အခြေခံဖြင့် သတ်မှတ်ရေးကိစ္စကိုသာမက လွှတ်တော်နှစ်ရပ်၏ အခွင့်အာဏာ လုပ်ပိုင်ခွင့်သတ်မှတ်ရေးမှာ အလားတူအရေးကြီးပါသည်။ လူတစ်ကိုယ် တစ်မဲစနစ်ဖြင့် ရွေးချယ်ထားသော ကိုယ်စားလှယ်များ ပါဝင်သော အောက်လွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးချယ်ထားသော ကိုယ်စားလှယ်များပါဝင်သော အထက်လွှတ်တော်တို့တွင် တူညီသော အခွင့်အာဏာ လုပ်ပိုင်ခွင့်များ ရှိပါမည်လား။ မည်သည့် လုပ်ငန်းတာဝန်များကို မည်သည့်လွှတ်တော်သို့ ပေးအပ်ပြီး မည်သည့်လွှတ်တော်သို့ မည်သည်များကို ပေးအပ်မည်နည်း။ စဉ်းစားစရာ များစွာရှိနေမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါအတိုင်း ဗဟိုပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များတွင် မည်သို့သော ပါဝင်ဆောင်ရွက်ခွင့်နည်းလမ်းများဖြင့် တန်းတူရည်တူ အယူအဆကို အကောင်အထည် ဖော်နိုင်မည်နည်း။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝသယံဇာတ အင်အား ကွဲပြားနေသောကြောင့် မည်သို့ခွဲဝေသောစနစ်ဖြင့် တန်းတူရည်တူ သဘောထားကို အကောင်အထည်ဖော်မည်နည်း။

ယင်းသို့သောကိစ္စအရပ်ရပ်များကို ဖြေရှင်းရန် ကြိုးပမ်းခြင်းဖြင့် fiscal federalism :administrative federalism: executive federalism; cooperative federalism: competitive federalism စသော အမည်ကွဲများ၊ အယူအဆကွဲများ၊ လုပ်နည်းလုပ်ဟန်များ ပေါ်ထွက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတိုင်းက လက်ရှိကျင့်သုံးနေသော ဖက်ဒရယ် လုပ်နည်းလုပ်ဟန်များကိုလည်း ပြောင်းလဲလာသော ပြည်တွင်းပြည်ပအခြေအနေများ အလျောက် အမျိုးမျိုးပြုပြင်ဆောင်ရွက်လျက်ရှိကြပါသည်။

ထို့ကြောင့် ဖက်ဒရယ်နိုင်ငံထူထောင်ရေးတွင် ပါဝင်ကြမည့်ပြည်နယ်ဒေသ လူမျိုးများအား ကြည့်ရှုရာတွင် ကွဲပြားခြားနားနေသည်များထက် တူညီနေသည်များကို အလေးထားကြည့်ရန်လိုအပ်ပါသည်။ ကွဲပြားနေသည်များကို အသိအမှတ်ပြုရာတွင် ကွဲပြားမှုများ နည်းသွားစေရေးကို ဦးတည်ပြီး အသိအမှတ်ပြုရန်လိုပါသည်။ တူညီနေသည်များကို ပိုမို အားကောင်းလာအောင် ဦးတည်ဆောင်ရွက်ရပါမည်။ ယင်းသို့ ကွဲပြားနေသည်များကို နည်းပါးအောင် လုပ်နိုင်သည်နှင့်အမျှ၊ တူညီနေသည်များကို ပိုမိုအားကောင်းအောင် လုပ်နိုင်သည်နှင့်အမျှ၊ ဖက်ဒရယ်နိုင်ငံ ထူထောင်ရေး အောင်မြင်မည်ဖြစ်ပါသည်။

ဖက်ဒရယ်စနစ်တွင် ပါဝင်ဆောင်ရွက်ရေး participation သည် အရေးကြီးလာသည်နှင့်အမျှ ယင်းနိုင်ငံတွင် တည်ရှိနေသော နိုင်ငံရေးပါတီများ၏ အခြေအနေ ရွေးချယ်တင်မြှောက်သော စနစ်စသည်များလည်း အခြားသောဖွဲ့စည်း တည်ဆောက်မှုများကဲ့သို့ အရေးကြီးနေပါသည်။

လူတစ်ကိုယ် တစ်မဲစနစ်ဖြင့် အနိုင်ရသူ အကုန်ယူသော မဲပေးရွေးချယ်ရေးစနစ် first past the post ရွေးချယ်နည်းစနစ် ကျင့်သုံးခြင်း၏ အားသာချက်၊ အားနည်းချက်များ၊ အချိုးကျ ကိုယ်စားလှယ်ရွေးချယ်စနစ် proportionate representation ကျင့်သုံးခြင်း၏အားသာချက်၊ အားနည်းချက်များ၊ သမ္မတစနစ်နှင့် ဝန်ကြီးချုပ်စနစ်၊ သမ္မတနှင့် ဝန်ကြီးချုပ် ပူးတွဲစနစ်တို့၏ အားသာချက်နှင့် အားနည်းချက်စသည်များကို လေ့လာဆန်းစစ်လျက် အသင့်တော်ဆုံးဖြစ်မည့် နည်းစနစ်ကို ကျင့်သုံးခြင်းဖြင့် အထက်ဖော်ပြခဲ့သော ပါဝင်ဆောင်ရွက်ခွင့် နည်းလမ်းဖြင့် တန်းတူရည်တူဖြစ်သည် ဟူသော အယူအဆကို အကောင်အထည်ဖော်လျက် ရှိကြပါသည်။

**နိဂုံးဖော်ပြချက်**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့်နှင့် တန်းတူရည်တူဖြစ်ခွင့်တို့ကို ပိုင်းခြားရေးသားထားသော်လည်း၊ ယင်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်နေပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်းကြောင့် ခွဲထွက်ခွင့်ရှိလာသည်ဟုပင် ဆိုနိုင်ပါသည်။ သို့စေကာမူ တန်းတူရည်တူ ဖြစ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရှိခြင်းကြောင့် ခွဲထွက်ခွင့်ရှိခြင်း၊ ခွဲထွက်ခွင့် ဆောင်ရွက်နိုင်ခြင်းတို့သည် မူလရည်မှန်းထားသော ဖက်ဒရယ် ပြည်ထောင်စုကို မ(မ)တည်ဆောက်နိုင်သည်အထိ ဖြစ်သွားနိုင်ပါသည်။ ထိုမျှမက တည်ဆောက်ထားပြီးသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ပျက်ပြားသွားနိုင်ပါသည်။ ယင်းသို့ဖြစ်လျှင် အားလုံးစုပေါင်းပြီး အညီအညွတ်နေထိုင်မှသာ အားလုံးလုံခြုံပြီး စီးပွားလူမှုရေးများ တိုးတက်နိုင်သော အခြေအနေကောင်းများကို လက်လွှတ်လိုက်ရပြီး အားလုံးနစ်နာဆုံးရှုံးသွားမည့်အဖြစ် ဆိုးမျိုးကို ရင်ဆိုင်ရတော့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် အခြားသောနိုင်ငံများနှင့် မတူညီသော သမိုင်းနောက်ခံများ ရှိနေပါသည်။ ဂုဏ်ယူဖွယ်ရာ သမိုင်းယဉ်ကျေးမှုများ ရှိနေသကဲ့သို့ ထူးခြားသော လက္ခဏာများလည်း ရှိနေပါသည်။ သမိုင်းစဉ်ဖြစ်ရပ်များကို သေချာသဲကွဲစွာ နားလည်နိုင်ရန် ကြိုးစားသင့်ပြီး ရှေ့ခရီးကို လျှောက်ကြရမည် ဖြစ်ပါသည်။ မိမိတို့ လိုလားသည်များကို ပုံကြီးချဲ့ကြည့်မြင်ခြင်း၊ ဇာတ်နာအောင် ဖန်တီးပြောဆိုခြင်းများကို ရှောင်ရှားသင့်သည်ပင်၊ ရှေ့ရေးကောင်းကျိုးဖြစ်အောင် မည်သို့ဖန်တီးမည် ဆိုသည်ကိုလည်း အလေးထားသင့်ပါသည်။

ဖက်ဒရယ်နိုင်ငံစနစ် တည်ဆောက်ရေးသည် ရှည်လျားခက်ခဲသောလုပ်ငန်းစဉ်ကြီးဖြစ်သည်ကို အားလုံးက လက်ခံပြီးဖြစ်ပါသည်။ သို့သော် အလေးအနက် လက်ခံရန်နှင့် ခက်ခဲသော သဘောကို ကျော်ဖြတ်လိုသော စိတ်ဆန္ဒပြင်းပြရန် လိုအပ်ပါသည်။ ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ဖြစ်တည်လာရေးအတွက် ပင်လုံစိတ်ဓာတ်သည် အရေးကြီးခဲ့ပါသည်။ ယနေ့ယခု မျက်မှောက်ပြု နေရသော ပြည်တွင်း ပြည်ပအခြေအနေအရပ်ရပ်ကြောင့် လွတ်လပ်သော နိုင်ငံအဖြစ် ဆက်လက်တည်တံ့နိုင်ရေးအတွက် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံစနစ် တည်ဆောက်ရေးသည် အမှန်တကယ် အရေးကြီးနေပါကြောင်းကို အလေးအနက် ဖော်ပြလျက် နိဂုံးချုပ်အပ်ပါသည်။

# မြန်မာနိုင်ငံမှ မန်းရတနာပုံလေကြောင်းလိုင်းအား (IOSA)လက်မှတ်ပေးအပ်




**ရန်ကုန် ဩဂုတ် ၂၅**

မြန်မာနိုင်ငံမှ ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သော မန္တလေးအခြေစိုက် မန်းရတနာပုံလေကြောင်းလိုင်းအား အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့(IATA)က ပျံသန်းရေးလုံခြုံစိတ်ချရမှုဆိုင်ရာ လေကြောင်းလိုင်း စီမံခန့်ခွဲမှုစနစ် (IOSA) လက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ရန်ကုန်မြို့ မန်းရတနာပုံ လေကြောင်းလိုင်းရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၂ ရက်က ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်း ရရှိသော ပျံသန်းရေးလုံခြုံ စိတ်ချရမှုဆိုင်ရာ လေကြောင်းလိုင်း စီမံခန့်ခွဲမှုစနစ် (IATA Operational Safety Audit-IOSA)လက်မှတ်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းလေကြောင်းလိုင်းများထဲတွင် ပထမဆုံးရရှိခြင်းဖြစ်ပြီး အဆိုပါ လက်မှတ်ရရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ကြောင်း အဆိုပါ လေကြောင်းမှ သိရသည်။

IOSA လက်မှတ်ရရှိရန်အတွက် မန်းရတနာပုံလေကြောင်း လိုင်းအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး ၂၀၁၅ ခုနှစ်မှစတင်ပြီး ဂျာမနီနိုင်ငံ အခြေစိုက်လု(ဖ်)သန်ဇာ လေကြောင်းလိုင်းကြီးမှ စစ်ဆေးရေးပညာရှင်များကို ငှားရမ်းကာ ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ထို့နောက်ပြီးခဲ့သော ၂၀၁၆ ခုနှစ်က အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီးမှ စစ်ဆေးရေးပညာရှင်များ လာရောက်ပြီး လေကြောင်းလိုင်း၏ ပျံသန်းရေးလုံခြုံစိတ်ချရမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို စစ်ဆေးမှုများပြုလုပ်ခဲ့ကာ ယခုကဲ့သို့ အသိအမှတ်ပြုလက်မှတ် (IOSA)ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ များမကြာမီကမှ ရရှိခဲ့သော အဆိုပါ လက်မှတ်သည် သက်တမ်းအားဖြင့် နှစ်နှစ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

"ဒီ IOSA အသိအမှတ်ပြုလက်မှတ်ရရှိရင် ဘာတွေထူးခြားလာမလဲဆိုတာကို ကျွန်တော်တို့ အချိန်တစ်ခုယူရမယ်။ လေကြောင်းလိုင်း စနစ်တကျမှုအပေါ်မှာ ခရီးသည်တွေရဲ့ ယုံကြည်ကိုးစားမှုရှိလာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှိလာရင် တခြားသော ပြည်ပလေကြောင်း လိုင်းတွေနဲ့ ဆက်စပ်လုပ်ကိုင်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အရည်အချင်းကို သူတို့တတွေ အသိ အမှတ်ပြုတဲ့ အနေအထားလေးရရှိမယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ အဓိကမျှော်ကိုးပြီး ဆောင်ရွက်လိုက်တာဖြစ်ပါတယ်"ဟု မန်းရတနာပုံ လေကြောင်းလိုင်းမှ အမှုဆောင်အရာရှိချုပ် ဦးအုန်းမြင့်က ပြောသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် IOSA လက်မှတ်ရရှိထားသော လေကြောင်းလိုင်းများမှာ အာရှပစိဖိတ်ဒေသတွင် ၆၅ ခု၊ တရုတ်နှင့် အာရှမြောက်ပိုင်းဒေသတွင် ၃၈ ခု၊ ဥရောပတွင် ၁၆၄ ခု၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် ၆၇ ခုနှင့် အမေရိကတိုက်တွင် လိုင်းပေါင်း ၉၃ ခု တို့က ရရှိထားပြီး မြန်မာနိုင်ငံအနေဖြင့်မူ မန်းရတနာပုံလေကြောင်းလိုင်းက ပထမဆုံးရရှိခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



ကိုလင်း

# လိုအပ်ချက်များသူမို့ အမှားအယွင်းများအတွက် ပရိသတ်ကြီးကို တောင်းပန်လိုတဲ့ အဆိုတော်

ဂီတလောကတွင် အောင်မြင်မှုနေရာတစ်ခုကို ရရှိထားတယ့် လူငယ်တေးရေး တေးဆို ရဲလေးက အိမ်ထောင်ပြုပြီးနောက်ပိုင်း ပရိသတ်နှင့် အတန်ငယ်ကင်းကွာခဲ့သော်လည်း ဂီတလောကကို တစ်ဖန်ပြန်လည်ရောက်ရှိ အခြေချလာခဲ့ပါတယ်။ သူ့ရဲ့အပြောအရ အနုပညာလောကမှာ တစိုက်မတ်မတ်နဲ့ ဆက်လက်ရှင်သန်သွားတော့မယ်လို့ သိရပါတယ်။

"ကျွန်တော်က ဂီတလောကသားတစ်ယောက်ဆိုတော့ ဂီတအလုပ်ကို သေတဲ့အထိ ဆက်လုပ်သွားချင်တယ်။ ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ပါဘူး။ သရုပ်ဆောင်အလုပ်တွေ အနည်းငယ်လုပ်ဖြစ်တယ်။ အဲဒါကလည်း တစ်ကိုယ်တော်အခွေမထွက်ခင်လေး ခဏတဖြုတ် အခြားအနုပညာအလုပ်ဆိုပြီး လုပ်ကြည့်တာလောက် အဆင့်ပါပဲ။ ကျွန်တော့်ရဲ့အခွေကို မကြာခင်ဖြန့်ချိဖို့ ပြင်ဆင်နေပါတယ်။ ဒီနှစ်ထဲမှာပဲ အခွေထွက်နိုင်မယ်လို့ ထင်ပါတယ်။ အခုထွက်ရှိမယ့်အခွေက ကျွန်တော့်ရဲ့ ရှစ်ခွေမြောက် ဖြစ်ပါတယ်။ အောင်မြင်မှု ခရီးစဉ်လို့ နာမည်ပေးထားပါတယ်။ ဒီအခွေထဲက သီချင်းတစ်ပုဒ်ချင်းစီကို အွန်လိုင်းကနေ စတင်ပြီး ဖြန့်ချိနေပါတယ်" လို့ အဆိုတော် ရဲလေးက ပြောပါတယ်။

ရဲလေးရဲ့ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို ၂၀၁၈ ခုနှစ် မကုန်ခင်မှာ ကျင်းပနိုင်ဖို့ စီစဉ်နေတယ်လို့သိရပြီး နှင်းဆီစီးချင်း ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးပြီးစီးသွားပြီဆိုတာနဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲအတွက် အကောင်းဆုံး ဂီတပုံစံသစ်တွေကို ဖန်တီးပြီး တင်ဆက်သွားမယ်လို့ ရဲလေးကပြောပြပါတယ်။ "ရုပ်ရှင်ရော၊ ဂီတရော သူ့နယ်ပယ်နဲ့သူပါ။နှစ်ခုလုံးမှာ ကြိုးစားကြရတာကတော့ အတူတူပါပဲ။ အခုရိုက်ကူးနေတဲ့ ဇာတ်ကားကိုလည်း အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေရှိနေတယ်ဆိုတာ သေချာတယ်။ ဒါကြောင့် ပရိသတ်ကြီးအနေနဲ့ ဝေဖန်အကြံပေးပါဦးလို့ ပြောချင်ပါတယ်"ဟု အဆိုတော် ရဲလေးက ပြောကြားသည်။

## သရုပ်ဆောင် သွန်းဆက်
## သရဲကြောက်လို့ သရဲကားမရိုက်ဘူး

ဝေလင်း



အွန်လိုင်းပေါ်တွင် နာမည်ကြီးနေသည့် "ပီဇာ" အမည်ရ ရုပ်ရှင်ဇာတ်ကားတွင် ပေစုတ်စုတ်ပုံစံနှင့် အဝတ်လျှော်သူ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားသည့် ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် မင်းသမီး သွန်းဆက်တစ်ယောက် ကာရိုက်တာအစုံ သရုပ်ဆောင်ခဲ့ရသော်လည်း သရဲကားရိုက်ကူးရန် ကမ်းလှမ်းလာပါက လက်ခံရိုက်ကူးသွားမည်မဟုတ်ကြောင်း သိရသည်။

"သရဲကားမရိုက်ဘူးဆိုတာ ညီမက ကြောက်တတ်လွန်းလို့ပါ။ ဘာလို့လဲဆိုတော့ ကိုယ်တိုင်တော့ မရိုက်ခဲ့ဖူးပါဘူး။ သူများတွေရိုက်ကွင်းမှာ သရဲဝင်ပူးတာတွေ၊ အခြောက်အလှန့်ခံနေရတာတွေ ကြားနေရတော့ ကြောက်ပြီးမရိုက်ဖြစ်တော့ဘူး။ တစ်ခါက မဖဲဝါ သရဲကားရိုက်ဖို့ ကမ်းလှမ်းခံရဖူးတယ်၊ မရိုက်ရဲဘူး။ ကြောက်တာနဲ့ ငြင်းလိုက်ရတယ်။ ကာရိုက်တာအစုံ ရိုက်ချင်တယ်။ ဒါမှလည်း အတွေ့အကြုံရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် သရဲကားတော့ လုံးဝမရိုက်ပါဘူး"ဟု သွန်းဆက်က ပြောပြသည်။ သွန်းဆက်က စက်တင်ဘာလအတွင်း သီလရှင်ဝတ်ရန်ရှိပြီး အနုပညာအလုပ်များလုပ်ကိုင်ရင်း ဘာသာရေးလုပ်ငန်းများကိုလည်း အချိန်ပေးနေကြောင်း သိရသည်။ လတ်တလောတွင် ဗီဒီယိုဇာတ်ကားတစ်ကားနှင့် သရုပ်ဆောင် ရဲအောင်၊ ဇေရဲထက်တို့နှင့်အတူ ဟာသရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ရိုက်ကူးနေကြောင်း သိရသည်။

"သွန်းဆက်ရဲ့ချစ်ရမယ့်သူက ရုပ်ရည်ပိုင်းအဓိကမကျဘူး။ စိတ်ဓာတ်ပိုင်းပဲ အဓိကကျပါတယ်။ အမျိုးသမီးတွေကို တန်ဖိုးထား ဆက်ဆံသူကိုပဲ ရွေးချယ်မှာပါ။ ဆက်ဆံရေးကောင်းပြီး စာနာနားလည်ပေးတတ်တဲ့သူ၊ သူတစ်ပါးကို ခွင့်လွှတ်အနစ်နာခံပြီး ဉာဏ်ပညာထက်မြက်တဲ့သူဖြစ်ဖို့ လိုပါတယ်။



# ဂီတသက်တမ်းအနှစ်(၃၀)ပြည့်ပွဲအတွက် အားခဲပြင်ဆင်နေသည့် မေခလာ

ဝေလင်း

၁၉၈၂-၈၃ ခုနှစ်က "ပြန်ပေတော့" သီချင်းနှင့် ပရိသတ်သတိထားမိလာသည့် အသက် (၁၇) နှစ်အရွယ် မိန်းကလေး တစ်ဦး၊ ဂီတလမ်းကြောင်းတစ်လျှောက် မိခင်၏ ပံ့ပိုးကူညီစောင့်ရှောက်မှုများနှင့်အတူ မိတ်ကောင်းဆွေကောင်း ဂီတမောင်နှမများ၏ အားပေးစကားများနှင့် ပရိသတ်၏ အချစ်တော် တစ်ယောက်အဖြစ်ခံယူခဲ့သော အဆိုတော် မေခလာ တစ်ယောက် ဂီတသက်တမ်း နှစ် (၃၀) ကျော်ခဲ့ပြီဖြစ်သည်။

ဂီတခရီးတစ်လျှောက် ကြိုးစားဖန်တီးပုံဖော်ခဲ့သော တစ်ကိုယ်တော်ခွေ ၇၀ ကျော်နှင့် စုပေါင်းစပ်ပေါင်းခွေများစွာ ထွက်ရှိခဲ့ပြီး ယနေ့တိုင်ထွန်းလင်းတောက်ပနေသော ဂီတကြယ်တစ်ပွင့် ဖြစ်နေခဲ့သည့် သူ့အနေဖြင့် ဖြတ်သန်းခဲ့သော ဂီတ ခရီးလမ်းတွေကို ပြန်လည်သတိရကာ အမှတ်တရအဖြစ် စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ မေခလာ နှစ် (၃၀) ပြည့် ဂီတဖျော်ဖြေပွဲကိုလည်းကောင်း၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံတွင် လည်းကောင်း ကျင်းပသွားဦးမည်ဖြစ်ပြီး ပွဲလက်မှတ်များကို KEN Traing Co.,Ltd. မှ ထုတ်လုပ်သော မေခလာ အလှကုန်ပစ္စည်း တစ်ခုဝယ်ယူပါက ကန့်သတ်ချက်ဖြင့် အမှတ်တရ ပြန်လည်ပေးအပ်သွားမည်ဟု သိရသည် ။

### ဖျော်ဖြေမှု

"ချစ်ငယ် ရဲ့ဂီတသက်တမ်း နှစ် (၃၀) ပြည့် ပွဲမှာ အိမ်မက်ဆုံရာ ရာသက်ပန်ဆုရရှိခဲ့တဲ့ အဆိုတော် အောင်ထက်ပါမယ်။ Myanmar Idol Season 2 Winner သားငယ်၊ စောလာထယ်ဝါး၊ ကောင်းထက်ဇော် (MC) ပါမယ်။ ကောင်းထက်ဇော်နဲ့ သီချင်းတစ်ပုဒ်ချစ်ငယ်တို့ အတူတူသီဆိုမယ်။ ဒီပွဲမှာ ဖျော်ဖြေနေကြပုံစံမျိုးတွေမဟုတ်ဘဲ ထူးထူးခြားခြားလေးတွေ လုပ်ထားပါတယ်။ သီချင်းတွေကတော့ အပုဒ် ၃၀ လောက် ချစ်ငယ် တစ်ယောက်ထဲဆိုမယ်။ သူတို့တွေကတော့ တစ်ယောက် တစ်ပုဒ်ကျ ဆိုကျမယ်။ သူတို့နဲ့လိုက်မယ့် သီချင်းလေးတွေကိုလည်း ရွေးထားပါတယ်။ စက်တင်ဘာ ၂၅ ရက် အပြီးသတ် သီချင်းတွေ တိုက်ကြမှာပါ။ ဒီပွဲမှာ ချစ်ငယ်တစ်ချိန်က သီဆိုခဲ့တဲ့ ရှော့ခ်ဆန်တဲ့သီချင်းလေးတွေရှိတယ်။ ကိုတိုးနဲ့ချစ်ငယ်အပေးအယူလေးလုပ်ပြီး ဖျော်ဖြေမှာပါ။ ဂစ်တာကို သူကတီးလိုက် ချစ်ငယ်က တစ်ပိုဒ်ဆိုလိုက်နဲ့ ပရိသတ်ကို ဖျော်ဖြေမှာပါ။ ချစ်ငယ်အရင်တုန်းက ပုံမှန်ဆိုနေကျသီချင်းတွေကို ဒုတိယနေရာမှာထားပြီး ဖျော်ဖြေသွားဖို့ရှိပါတယ်။ တစ်ခါမှ မဆိုဖြစ်ခဲ့သေးတဲ့ သီချင်းတွေကို အဖွင့်ပိုင်းမှာ ဦးစားပေးသီဆိုမှာပါ။ သီချင်းဟောင်းလေးတွေကိုကျတော့ အတိုအပိုင်းလိုက်ခွဲပြီးတော့ ဗားရှင်းပြောင်းပြီး ဆိုသွားမှာပါ။ ပွဲချိန်ကို ပရိသတ်ရိုးပြီးပျင်းသွားမှာကြောက်လို့ အတတ်နိုင်ဆုံး အမြန်ဆုံးနဲ့ ထိရောက်မှုရှိအောင်လုပ်ထားပါတယ် "ဟု မေခလာက ပြောပြသည်။

### ဂီတဖြတ်သန်းမှု

"ဖြတ်သန်းမှုက ခက်ခဲကြမ်းတမ်းတာတော့ရှိခဲ့ပါတယ်။ ဒါပေမယ့် ချစ်ငယ်တို့ရှေ့က ဦးသိန်းတန်တို့၊ ဦးမင်းလတ်တို့ ရှိတယ်လေ။ သူတို့ကြောင့် ချစ်ငယ်တို့က သက်သက်သာသာလေးနဲ့ ဂီတလောကထဲကို ရောက်လာခဲ့ပါတယ်။ ချစ်ငယ် ပြန်ပေတော့ သီချင်း စပေါက်တဲ့ ၁၉၈၄ ခုနှစ်မှာ မေခလာ ဆိုပြီး လူသိလာခဲ့တယ်။ အဲ့ဒီမတိုင်ခင်ကတော့ ရုန်းသွပ်ခဲ့မှုတွေရှိခဲ့တယ်။ ကိုယ့်မိဘတွေကလည်း သီချင်းဆိုတာကို အားပေးခဲ့ကြတယ်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထက် အမျိုးတွေကတော့ မကြိုက်ကြဘူး။ ချစ်ငယ်က သီချင်းဆိုရင် အားလုံးကြိုက်တယ်။ အနုပညာကို နက်နက်ရှိုင်းရှိုင်းကို ရူးသွပ်ခဲ့တာပါ။ အနုပညာသမားဆိုတာ ရူးသွပ်မှ အောင်မြင်တာလို့ ချစ်ငယ်ကထင်တယ်။ ရူးသွပ်တယ်ဆိုတာ သီချင်းလေးတွေနားထောင်ပြီး ခံစားတယ်။ အဆိုတော်တွေကိုလေးစားတယ် ဒါကို ပြောတာပါ။ လေ့လာစေချင်တာပါ။ တန်ဖိုးထားစေချင်တာပါ။ ကိုယ့်နဲ့ပတ်သတ်ပြီး ကိုယ့်အသိုင်းအဝိုင်းကို တန်ဖိုးရှိစေချင်ပါတယ်။ ငွေရရင်ပြီးရော ဘဝမျိုးမဖြစ်စေချင်ပါဘူး" ဟု မေခလာက ဆိုထားသည်။

ယနေ့ခေတ် အဆိုတော်လောကသားများနှင့် ပတ်သက်၍ မေခလာက လွတ်လပ်စွာမျှဝေတွေးခေါ်ပေးခဲ့ပြီး သူ့ငယ်ဘဝအခြေအနေများနှင့် ယှဉ်ထိုးပြသည်။ "အခုခေတ်ကလေးတွေက လွယ်လွယ်ရရင်းနဲ့ လွယ်လွယ်ပျောက်သွားတက်လို့ပါ။ ချစ်ငယ်ဆို သီချင်းတွေဆိုချင်လွန်းလို့ ကိုယ်နဲ့သိတဲ့ တီးဝိုင်းတွေကို လိုက်ပြီး အကူအညီတောင်းရတာပေါ့နော်။ ချစ်ငယ်တို့က တက်သစ်စ ဝါသနာရှင်လေးတွေဆိုတော့ အားလုံးက ဂရုစိုက်တာမျိုးတော့မခံရဘူးပေါ့ကွယ်။ အားလုံးရဲ့ပစ်ပယ်ထားခြင်းခံခဲ့ရတယ်။ ဒါပေမယ့် အားမလျှော့ခဲ့ပါဘူး။ ဘေးကနေ မိဘနှစ်ပါးက အမြဲစောင့်ရှောက်ခဲ့ပါတယ်။ ကိုယ့်ကို အနှောင့်အယှက်ပေးမယ့်သူလည်း မရှိခဲ့ပါဘူး။ စော်ကားမယ့်သူလဲ မရှိခဲ့ပါဘူး။ ချစ်ငယ်က အသက် (၁၆)နှစ်ကျော်ကျော်ပဲ ရှိဦးမယ်။ နယ်တွေသွားရင် အစ်ကို ကိုခိုင်ထူးတို့၊ ကိုဇော်ဝင်းရှိန်တို့လို သူငယ်ချင်းတွေ အစ်ကိုတွေက စောင့်ရှောက်ကြပါတယ်။ အငယ်ဆုံးဖြစ်ခဲ့တော့ သူများတွေ နောက်မှာဆိုခဲ့ရတာတွေ၊ ကိုယ့်အလှည့် ရောက်ပေမယ့် သူများကို ပေးဆိုလိုက်လို့ ကိုယ့်အလှည့် မရောက်ဘဲ လှည့်ပြန်ခဲ့ရတာတွေ ရှိခဲ့ဘူးတယ်။ အဲ့ဒီတုန်းကတော့ ချစ်ငယ်က အရန်နေရာလေးပါပဲ၊ အားငယ်မှုတွေ အများကြီး ရှိခဲ့ပါတယ်"ဟု ဆိုသည်။

### အမျိုးသမီးဂီတလောကသားတွေအတွက်

"ဒီကနေ့ခေတ်ကလေးတွေကို ပြောချင်တာကတော့ ခေတ်မီပါ၊ ခေတ်မလွန်ပါနဲ့လို့။ အခုခေတ်ကလေးတွေက အလွန်တော်ကြပါတယ်။ ဒါပေမယ့် ငွေကိုဂီတထက် ပိုဦးစားပေးနေတယ်လို့ မြင်တယ်။ ဒါကြောင့်မို့ အမှားတွေ အများကြီး တွေ့လာရတယ်။ ကိုယ်နဲ့ပရိသတ်ကြားမှာ ဖုံးကွယ်ထားတာတွေ မလုပ်ပါနဲ့။ ကိုယ့်မှာရည်းစားရှိ ရှိတယ်ပေါ့ ဘာဖြစ်လဲ အမှန်တရားကိုချပြနိုင်ရမယ်။ တိုးတက်နေတဲ့ နည်းပညာသတင်း အချက်အလက် ခေတ်ကြီးမှာ လိမ်ထားရင် ပရိသတ် စိတ်ထဲ ကိုယ့်ကို တစ်မျိုးဖြစ်သွားနိုင်တယ်။ ပရိသတ်ကတော့ သူတို့ချစ်တဲ့ ဂီတသမားကို ဂီတအပြင်အားလုံးကို တန်ဖိုးထားကြတယ်။ ဒါကြောင့် ပရိသတ်ကို အမြဲပွင့်ပွင့်လင်း လင်းဆက်ဆံကြပါလို့ပြောချင်တယ်။ မရိုးသားမှုကြောင့် မလိုလားအပ်ဘဲ ကိုယ့်ဂီတလမ်းကြောင်းကိုပါ အနှောင့်အယှက်ဖြစ်စေပါတယ်။ နောက်တစ်ခုက ပရိသတ်တင် မဟုတ်ပါဘူး၊ မောင်နဲ့အမိသားနဲ့အဖေ မြင်မကောင်းအောင် ဖော်ထားတာတွေတွေ့ရတယ်။ ချစ်ငယ်ကတော့ မကြိုက်ဘူး။ လှလို့ဝတ်တာကိုမပြောချင်ပေမယ့် ကိုယ့်နဲ့မလိုက်ဖက်ဘဲ မြင်မကောင်းအောင် ဝတ်စားထားကြတယ်လို့ထင်တယ်။ တချို့ဆို စင်ပေါ်မှာ မြင်မကောင်းအောင်ဖြစ်နေတယ်။ ဝတ်တာတော့ဝတ်ပါ ကိုယ့်မောင်တွေ၊ အစ်ကိုတွေ မျက်နှာပျက်အောင်တော့ မလုပ်နဲ့လို့ ညီမတွေကို မှာချင်တယ်။ ဂီတသမားတွေထဲမှာ ရုပ်ချောတဲ့သူနည်းပါတယ်။ အရည်အချင်းက အသံမှာစကားပြောတာပါ။ အဆိုတော်ကို ရုပ်လှလှ မလှလှ သီချင်းကြိုက်ရင် ချစ်ကြတာချည်းပါပဲ"ဟု မေခလာက ပြောကြားသည်။ ။

## မော်ဒယ်၊ ရွှေကြို၊ ဇာတ်ပို့မှသည် ထုတ်လုပ်သူ၊ သရုပ်ဆောင်အဖြစ်သို့ ကူးပြောင်းခဲ့သူ စိုးသီဟ

ဝေလင်း



အနုပညာရှင်တစ်ဦးဖြစ်သူ လုမျိုးသဥ္စာ၏ မောင် မော်ဒယ် စိုးသီဟက အကယ်ဒမီပေးပွဲ ရွှေကြိုအဖြစ် ရွေးချယ်ခံရပြီး ဇာတ်ပို့ဇာတ်ရန်အဖြစ် ဇာတ်ကားများတွင် ဆက်တိုက်ပါဝင်လျက်ရှိသည်။ သို့သော် မခံချင်စိတ်ဖြင့် ဇာတ်ပို့မှသည် ကိုယ်ပိုင်ထုတ်လုပ်ရေးဖြင့် ဇာတ်ကားများ ထုတ်လုပ်ခြင်းကို ပြောင်းလဲလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

"မခံချင်စိတ်ဆိုတာထက် အဓိကကတော့ ဝါသနာပေါ့နော်။ အဲ့ဒီ့ပိုးက သတ်မရအောင် ကျွန်တော်ကိုယ်မှာ ပြန့်နေတာပါပဲ။ ကျွန်တော် ပထမတော့ ဇာတ်ပို့ဇာတ်ရန်အနေနဲ့ လေ့လာမှုတွေလုပ်ခဲ့တယ်။ နောက်ပိုင်းဇာတ်ကားတွေမှာ အားနည်းချက်တွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်သိလာတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မျက်နှာသစ်ဆိုတော့ အတော်အခက်အခဲရှိတယ်။ ဝမ်းစာကလည်း မပြည့်ဘူးလေ။ အဓိကကတော့ ဒိုင်ယာလော့တွေ မေ့ကုန်တယ်။ တစ်ရက်တော့ ရှုတင်တစ်ခုမှာ ကျွန်တော် နာမည်ကြီးမင်းသားတစ်လက် အစ်ကိုတစ်ယောက်နဲ့ အပြိုင်ပြောရတဲ့ ဇာတ်ဝင်ခန်းတစ်ခုကို ကျွန်တော်သရုပ်ဆောင်ရတယ်။ ကျွန်တော်က သူ့ကို ရှိန်ပြီးတော့ သရုပ်ဆောင်ရတာ ဒိုင်ယာလော့တွေ မေ့မေ့သွားတယ်။ သူလည်းကြာတော့ စိတ်မရှည်ဘူးနဲ့ တူပါတယ်။ ပင်ပန်းလာတော့ ကိုယ့်ကိုလူအများရှေ့မှာ ပြောတာကြုံလိုက်ရတယ်။ ဒါကလည်း စေတနာနဲ့ သူကပြောတာပါ၊ စေတနာမပါရင် သူကွယ်ရာမှာ ဒါရိုက်တာကို ပြောခိုင်းမှာပေါ့လို့ခံယူလိုက်တယ်"ဟု သူက ပြောသည်။

နောက်ပိုင်းတွင် ကိုယ်ပိုင်ထုတ်လုပ်ရေးတည်ထောင်ကာ ဇာတ်ကားများထုတ်လုပ်ရိုက်ကူးနေပြီး ပထမဆုံး ပွဲဦးထွက်အနေဖြင့် ချစ်သူနှလုံးသားစေညွှန်ရာ ကိုစတင်ရိုက်ကူးဖြစ်ခဲ့ကြောင်း သိရသည်။ အဆိုပါဇာတ်ကားတွင် မင်းဦး၊ ဝါဆိုမိုးဦးတို့နှင့် စိုးသီဟတို့ ပါဝင်ရိုက်ကူးထားပြီး အချစ်ဇာတ်ကားတစ်ကားဖြစ်ကာ ရွာမှ မြို့သို့တက်လာသည့်အနုပညာ ဝါသနာပါသူ လူငယ်လေးက မြို့ရောက်သောအခါ မော်ဒယ်လုပ်ရင်း အခက်အခဲများတွေ့ခဲ့သည်။ မိဘများကလည်း မထောက်ပံ့နိုင်သည့်အတွက် အခက်ကြုံခဲ့ရသည်။ ထို့နောက် အမျိုးသမီးတစ်ဦးကို ကြိုက်နှစ်သက်အောင် လုပ်ပေးပါက အနုပညာ အလုပ်များဆက်လုပ်ခွင့်ရရန် ပံ့ပိုးမည်ဟူသည့် လောင်းကြေးဖြင့် လုပ်ဆောင်ရင်း ထိုအမျိုးသမီးအား အမှန်တကယ်ချစ်မြတ်နိုးမိကာ အနုပညာလမ်းကြောင်းကိုပါ မေ့လျော့သွားရသည့် ဇာတ်လမ်းဖြစ်ကြောင်းသိရသည်။ ဒုတိယဇာတ်ကားမှာ ဒါရိုက်တာဇေပါ ရိုက်ကူးပြီး သရုပ်ဆောင် သွန်းဆက်နှင့်တွဲဖက်၍ တိမ်ကင်းစင်တဲ့နေ့ ဇာတ်ကားကို ရိုက်ကူးနေကြောင်းသိရသည်။ ယင်းဇာတ်ကားမှာ ဉာဏ်ဘုန်းဇော်ရေးသားပြီး ချင်းတွင်းတာရာ၏ ဇာတ်ညွှန်းဖြစ်သည်။ ခေတ်လူငယ် ဒီဂျေသမားတစ်ဦးသည် ကေတီဗွီမှ ကောင်မလေးတစ်ဦးနှင့် မေတ္တာမျှခဲ့ပြီး သူ့ချစ်သူ ကေတီဗွီမှကောင်မလေးမှာ အမှန်တကယ်တွင် ပညာတတ် သူဌေးအမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရပြီး လမ်းခွဲလိုက်စဉ် ပျောက်ဆုံးနေသည့် ငယ်ချစ်ဆိုသည်မှာလည်း တစ်ဦးတည်းဖြစ်နေသည့် အချစ်ဇာတ်လမ်းဖြစ်သည်။ "နောက်ထပ်ဇာတ်လမ်းတွေ အများကြီးရိုက်ကူးဖို့ရှိပါတယ်။ ရုပ်သံတွဲတစ်ခုမှာလည်း ပါဝင်သရုပ်ဆောင်ဖို့ရှိတယ်။ အထူးသဖြင့် ကျွန်တော့်လိုမျိုးအနုပညာကို ဝါသနာပါတဲ့ ညီငယ်၊ ညီမငယ်တွေကို လက်တွဲပြီး အောင်မြင်အောင်ကူညီပေးချင်တယ်"ဟု ၎င်းက ပြောကြားသည်။

## နိုင်ငံတကာအနုပညာမှတ်စုသတင်းပဒေသာ

### ဟောလိဝုဒ်သရုပ်ဆောင်များတွင် အမျိုးသားနှင့် အမျိုးသမီး သရုပ်ဆောင်များ၏ ဝင်ငွေကွာခြား

ခြူး



ဖော့ဘ် မဂ္ဂဇင်းရဲ့ဖော်ပြချက်အရ Transformers ဇာတ်ကားရဲ့ အဓိက သရုပ်ဆောင် မာ့ခ်ဝရ်ဘာဂ်ဟာ ဟောလိဝုဒ်ရဲ့ ကြေးအမြင့်ဆုံး မင်းသားလို့သိရပါတယ်။ ၁၂လတာ ကာလအတွင်းစစ်တမ်း ကောက်ယူခဲ့ရာမှာတော့ သူ့ရဲ့ဝင်ငွေဟာ ဒေါ်လာ ၆၈သန်း ရှိပါတယ်။ ၂၀၁၇ ခုနှစ် အတွင်းမှာ သူရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေကတော့ Transformer: The Last Knight , Daddy's Home2 နဲ့ All the money in the world တို့ပဲ ဖြစ်ပါတယ်။ မာ့ခ်ရဲ့ဝင်ငွေဟာ ဟောလိဝုဒ်ရဲ့ ကြေးအမြင့်ဆုံးသရုပ်ဆောင် အမ်မာစတုန်းထက်နှစ်ဆပိုပြီးများပါတယ်။ အမ်မာ စတုန်းရဲ့ ဝင်ငွေကတော့ ဒေါ်လာ ၂၆ သန်းပါ။ ဖော့ဘ်မဂ္ဂဇင်းရဲ့ စာရင်းအရ ဟောလိဝုဒ်သရုပ်ဆောင်တွေမှာ အမျိုးသားသရုပ်ဆောင်နဲ့ အမျိုးသမီးသရုပ်ဆောင်တွေဟာ ဝင်ငွေ ကွာခြားလွန်းတာကိုတွေ့ရပါတယ်။ ဝင်ငွေအကောင်းဆုံးအမျိုးသား ၁၀ဦးထဲမှာ အာရှတိုက်သားဖြစ်တဲ့ ဂျက်ကီချန်းနဲ့ ဘောလိဝုဒ်ကြယ်ပွင့်တွေဖြစ်တဲ့ ရှာရွတ်ခန်၊ ဆယ်မန်ခန်နဲ့ အက်ခ်ရှေကူးမားတို့ပါဝင်တာကို တွေ့ရပါတယ်။ ဝင်ငွေအကောင်းဆုံး အမျိုးသား သရုပ်ဆောင် ၁၀ ဦးကတော့ မာ့ခ်ဝရ်ဘာဂ်က ဒေါ်လာ ၆၈သန်း၊ ဒရိန်းက ဒေါ်လာ ၆၅ သန်း၊ ဗန်ဒီဆယ်က ၅၄ ဒသမ ၅သန်း၊ အဒမ်ဆန်ဒလာက ၅၀ ဒသမ ၅သန်း၊ ဂျက်ကီချန်းက ၄၉သန်း၊ ရောဘတ်ဒိုနေးဂျူနီယာက ၄၈သန်း၊ တွမ်ခရုက ၄၃သန်း၊ ရှာရွတ်ခန်က ၃၈သန်း၊ ဆယ်မန်ခန်က ၃၇သန်း၊ အက်ခ်ရှေကူးမားက ၃၅ ဒသမ ၅သန်းတို့ပဲ ဖြစ်ပါတယ်။

ဝင်ငွေအများဆုံးအမျိုးသမီး သရုပ်ဆောင်တွေကတော့ အမ်မာစတုန်းက ၂၆သန်း၊ ဂျနီဖာအင်နစ္စတန်က ၂၅ ဒသမ ၅သန်း၊ ဂျနီဖာလောရင့်စ်က ၂၄သန်း၊ မယ်လီဆာ မက်ခ်သီက ၁၈သန်း၊ မီလာကူနစ်က ၁၅ ဒသမ ၅သန်း၊ အီမာဝပ်ဆန်က ၁၄သန်း၊ ရှာလိစ်သီယွန်က ၁၄သန်း၊ ကိတ်ဘလန်ချက်က ၁၂သန်း၊ ဂျူလီယာ ရောဘတ် က ၁၂သန်းတို့ပဲ ဖြစ်ကြပါတယ်။ **ဟယ်လို**

### တေလာဆွစ်ဖ် စီးရီးအသစ်ထွက်မည်



ခြူး

တေလာဆွစ်ဖ်ဟာ သူ့ရဲ့တေးစီးရီးအယ်လ်ဘမ်သစ်ကို နိုဝင်ဘာ ၁၀ ရက်မှာ ထုတ်ဝေမယ်လို့ သိရပါတယ်။ အယ်လ်ဘမ်အသစ်ရဲ့နာမည်ကို Reputation လို့အမည်ပေးထားတယ်လို့လည်း သိရပါတယ်။ တေလာ ဆွစ်ဖ်ဟာ လွန်ခဲ့တဲ့ သောကြာနေ့တုန်းက လူမှုကွန်ရက်ကနေ ခေတ္တပျောက်ကွယ်ခဲ့ပေမယ့် အခုအချိန်မှာတော့ သူ့ရဲ့ဓာတ်ပုံတွေဟာ လူမှုမီဒီယာတွေမှာ ပြန်ပေါ်လာပါပြီ။ လူမှုမီဒီယာပေါ်မှာ ပြန်လည်ထွက်ပေါ်လာတဲ့ အခါမှာတော့ သူ့ရဲ့ပုရိသတ်တွေဟာလည်း ပျော်ရွှင်ရပါတယ်။

အခု အသစ်ထွက်ရှိမည့် စီးရီးအသစ်ဟာ သူ့ရဲ့ခြောက်ခုမြောက်စီးရီးဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်အောက်တိုဘာ ၂၇ရက်ကထွက်ရှိခဲ့တဲ့ ၁၉၈၉လို့အမည်ပေးထားတဲ့ အယ်လ်ဘမ်တုန်းကတော့ ဗြိတိန်မှာ အချပ်ရေတစ်သန်း၊ အမေရိကန်မှာတော့ အချပ်ရေ ခြောက်သန်း ရောင်းချခဲ့ရပါတယ်။ အဲ့ဒီစီးရီးနဲ့တေလာဆွစ်ဖ်ဟာ ဂမ်မီဆုရခဲ့ပါတယ်။ တေလာဆွစ်ဖ်ဟာ တကယ့်ကိုအောင်မြင်တဲ့ အဆိုတော် တစ်ယောက်ပါပဲ။ လွန်ခဲ့တဲ့သတင်းပတ်တုန်းကတော့ တေလာဆွစ်ဖ်ဟာ တရားရုံးမှာအမှုရင်ဆိုင်တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ အလုပ်များနေခဲ့ပါတယ်။ အမေရိကန် ရေဒီယိုဒီဂျေနဲ့ တရားရုံးမှာ အမှုရင်ဆိုင်ခဲ့ရပြီး တေလာဆွစ်ဖ်က အနိုင်ရခဲ့ပါတယ်။ တေလာဆွစ်ဖ်ဟာ ကေတီပယ်ရီနဲ့အတူ ယခုနှစ်အတွင်းမှာ ပြန်လည်သင့်မြတ်တဲ့ အထိမ်းအမှတ်အနေနဲ့စင်ပေါ်မှာ ဖျော်ဖြေမှုတွေပြုလုပ်မယ်လို့ ကောလာဟလတွေလည်း ထွက်နေပါတယ်။ **ဘီဘီစီ**

### ဘာသာစကားနားမလည်ကြသော်လည်း ဂီတအပေါ်ခံစားမိခြင်းကြောင့် ဆုရရှိလာတဲ့ အောင်ထက်

**ကိုလင်း**

အာဆီယံသီချင်းဆိုပြိုင်ပွဲတွင် အချစ်ဘယ်ကစ သီချင်းဖြင့် လူကြိုက်အများဆုံး ဆုရရှိခဲ့သည့် အောင်ထက်က အဆိုပါသီချင်းကို သီဆိုရာတွင် အားပေးသူများအား အလွန်ကျေးဇူးတင်ကြောင်း ပြောပြသည်။

အောင်ထက်သီဆိုသည့် အချစ်ဘယ်ကစ သီချင်းကို ဆုစာရင်းဝင်မည်ဟု မထင်မှတ်ထားကြောင်း ၎င်းက ပြောပြပြီး အများစုသော ပြိုင်ပွဲဝင်များမှာ သီချင်းများကို ဘာသာပြန်ဆိုပေးမည့်သူများ ပါလာခဲ့ပြီး အောင်ထက်အနေဖြင့် ဘာသာစကား အားနည်းမှုကြောင့် သီချင်း၏ အဓိပ္ပာယ်ကို ပြန်လည် မပြောပြနိုင်ခဲ့ဟု သိရသည်။

"ကျွန်တော်က မြန်မာလိုပဲ သီဆိုခဲ့တာပါ။ ဒိုင်တွေကရော၊ ပရိသတ်ကရော ဘာသာစကားနားမလည်ကြဘူး။ ကျွန်တော်လည်းအတော့်ကို အားငယ်သွားတယ်။ ဒါပေမယ့် ကျွန်တော့်အသံနဲ့ အမူအရာ၊ အထူးသဖြင့် ဂီတရဲ့ ခံစားမှုကို မူတည်ပြီး လူကြိုက်အများ ဆုံးဆုကို ရရှိခဲ့တာဖြစ်တာမို့ ကျွန်တော်တို့ရဲ့



သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဂီတပညာရှင်ကြီးတွေရဲ့ စွမ်းပကားကို မြင်တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ အချို့ဗီယက်နမ်တွေဆိုရင် ကျွန်တော်က TopTen ထဲမပါတာကြောင့် စိတ်မကောင်းတောင်ဖြစ်ကြတယ်" ဟု အောင်ထက်က သူ့အတွေ့အကြုံကို ပြောပြသည်။

အဆိုပါသီချင်းကို အောင်ထက်က မူရင်းအဆိုရှင်၏ သီဆိုဟန်အတိုင်း အကောင်းဆုံး ယှဉ်ပြိုင်ခဲ့ပြီး ဖောက်ထွက် ပြောင်းလဲ ထားတာမျိုး မပြုလုပ်ခဲ့ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအတိုင်း အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

# ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို ထမံသီတောအတွင်း ဘေးမဲ့ပြန်လွှတ်ပေးခဲ့

**နေပြည်တော် ဩဂုတ် ၂၅**



အိန္ဒိယ-မြန်မာနယ်စပ်တွင် တွေ့ရှိရမိခဲ့ပြီး မျိုးသုဉ်းတော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို စစ်ကိုင်းတိုင်းဒေသကြီး ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲရှိ နမ်အီဇူးရေယာသို့ ဩဂုတ် ၁၉ ရက်က ဘေးမဲ့ပြန်လွှတ်ပေးခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

အဆိုပါ ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို အိန္ဒိယ-မြန်မာနယ်စပ်တွင် တွေ့ရှိရမိပြီး ခန္တီးခရိုင် သစ်တောဦးစီးဌာနသို့ ဩဂုတ် ၁၀ ရက်က ရောက်ရှိကာ ထိုမှတစ်ဆင့် ရေကြောင်းခရီးဖြင့် ဩဂုတ် ၁၅ ရက်က ထမံသီဘေးမဲ့တော ရှေ့တန်းစခန်းသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဩဂုတ် ၁၉ ရက်တွင် ထမံသီဘေးမဲ့ဥယျာဉ်မှ တောခေါင်းဦးမျိုးခိုင်ဦးဆောင်သောအဖွဲ့က ဝက်ဝံနှစ်ကောင်ကို ထမံသီဘေးမဲ့တောထဲသို့ သွားရောက်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဝက်ဝံနှစ်ကောင်သည် Asian black bear(သိပ္ပံအမည်- Ursus Thibetanus)၊ မြန်မာအမည် ဟိမဝန္တာဝက်ဝံဖြစ်ပြီး နှစ်ကောင်စလုံးမှာ တစ်နှစ်သားအရွယ်ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အရွယ်အစားမှာ အရပ် ၁ ပေ ၄ လက်မခန့်၊ ခန္ဓာကိုယ်အရှည် ၂ ပေ ၈ လက်မခန့်နှင့် ခန္ဓာကိုယ်လုံးပတ် ၁ ပေ ၈ လက်မခန့်ရှိပြီး နှစ်ကောင်စလုံးမှာ အမများဖြစ်ကြောင်း သိရသည်။

ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲတွင် မလေးဝက်ဝံနှင့် ဝက်ဝံကြီး(ဟိမဝန္တာဝက်ဝံ)ဟူ၍ နှစ်မျိုးရှိပြီး မလေးဝက်ဝံများမှာ ရင်ဘတ်ပေါ်တွင် U(ယူ-ပုံသဏ္ဌာန်) အမှတ်အသားရှိကာ အမွေးမှာ ပါးသည်။ ဟိမဝန္တာဝက်ဝံများမှာ ရင်ဘတ်ပေါ်တွင် V(ဗွီ-ပုံသဏ္ဌာန်)အမှတ်အသားရှိကာ အမွေးမှာ မလေးဝက်ဝံထက် ပိုထူပြီး ပိုကြမ်းသည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေအရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ ၄၀ ရှိသည့်အနက် ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရိယာ စတုရန်းမိုင် ၈၃၀ ဒသမ ၄၀(၅၃၁၄၅၆ ဧက)ကျယ်ဝန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည်။ အဆိုပါ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဆင်၊ ပြောင်၊ ကျား၊ ကျားသစ်၊ ဆတ်၊ တောဝက်၊ ဂျီ၊ ဝက်ဝံ၊ မျောက်နှင့် ငှက်မျိုးစုံမျိုးကွဲများစွာကို လေ့လာနိုင်ကြောင်း သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - WCS**

# ကွတ်ခိုင်မြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်အိတ်များထောက်ပံ့

**ကွတ်ခိုင် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်အတွင်းသို့ ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအတွက် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့်အဖွဲ့က ဆန်အိတ်များ ဩဂုတ် ၂၂ ရက် က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ စစ်ရှောင်စခန်းတွင် ကျင်းပခဲ့သော ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က စစ်ရှောင်ပြည်သူများအား အားပေးစကားပြောကြားပြီး လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက ဆန်အိတ် ၁၉၀ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆန်အိတ်များမှာ မူဆယ်(၁၀၅)မိုင်မှ ဖမ်းဆီးရမိသော စပါး ၅၀၇ အိတ်ကို ကြိတ်ခွဲ၍ ဆန်အိတ် ၂၈၅ အိတ် ရရှိခဲ့သည့်အနက် ကွတ်ခိုင်မြို့နယ်အတွက် ဆန်အိတ် ၁၉၀ နှင့် နမ့်ခမ်းမြို့နယ်အတွက် ၉၅ အိတ်ခွဲ၍ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။ ကွတ်ခိုင်မြို့နယ်အတွင်းမှ စစ်ရှောင်စခန်း ၁၂ ခုတွင် အိမ်ထောင်စု ၈၅၄ စုမှ လူဦးရေ ၄၈၆၂ ဦး ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကွတ်ခိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်မှ ပြတိုက်ငယ်တွင် ထားရှိသည့် ရိုးရာယဉ်ကျေးမှုဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာပြီး ဒေသခံ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက မိမိဆောင်ရွက်လိုသည့် လုပ်ငန်းများ၊ ပြည်သူ့စာကြည့်တိုက်ကို လူမှုအခြေပြုနေရာ (Community Centre)ဖြစ်လာအောင် ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် ဒေသခံ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးရေးတို့ကို ဆွေးနွေးပြောကြားပြီး ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းကြရန် ပြောကြားခဲ့ပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု တိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာ ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ရေမြောင်းများ တူးဖော်သွားမည်

**ရေတာရှည် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်ရှိ ညောင်ပင်ကိုင်းကျေးရွာသည် နှစ်စဉ်လိုလို မိုးရာသီကာလရောက်တိုင်း ချောင်းရေဝင်နစ်မြုပ်လေ့ရှိ၍ ရေဝင်ခြင်းမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိပြီး နွေကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောကြားသည်။



"ဒီနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်နဲ့ ညောင်ပင်သာရွာဘက်ကနေ ကျီးအောင်းရိုးအထိ မြောင်းတွေဖော်ဖို့ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနကိုလည်း ပြောထားတယ်။ မိုးကာလဆိုတော့ ဘက်ဟိုးယာဉ်တွေသယ်ဖို့က အခက်အခဲရှိလို့ပါ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

သပြေတန်းကျေးရွာနှင့် ကုန်းကြီးလမ်းဆုံးအကြား အရှေ့မှ အနောက်သို့ စီးဆင်းသည့် ပြီစုပ်ချောင်းငယ်သည် ညောင်ပင်ကိုင်းနှင့် ညောင်ပင်သာကျေးရွာအကြားမှ တောင်ဘက် စမိုးချောင်းငယ်ဘက်သို့ ဆက်လက်စီးဆင်းခြင်းဖြစ်သည်။ ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် ကျေးရွာဘက်ခြမ်းတစ်လျှောက်တွင် မြေထိန်းနံရံများ တည်ဆောက်နိုင်ရန် ကျေးရွာနေပြည်သူများကလည်း ဆန္ဒရှိနေကြောင်းသိရသည်။

ကျေးရွာနေပြည်သူတစ်ဦးက "မိုးတွေဆက်တိုက်ရွာလာပြီဆိုရင် အခု ကျွန်တော်တို့ ပတ်ဝန်းကျင်က လယ်တွေအားလုံး ရေမြုပ်တယ်။ ရွာထဲကိုလည်း နှစ်ပေ သုံးပေအထက် ရေဝင်တယ်။ ဒီနှစ်ဆို မျိုးစပါးအိတ်တွေ အများကြီး ဆုံးရှုံးခဲ့ရတာ။ အဓိကအားဖြင့်ရေအဝင်များပြီး ရေအနုတ်နည်းတော့ အောက်ကတူးမြောင်းတွေကို ဖော်ပေးနိုင်ရင် ကောင်းပါတယ်။ ဒါမှမဟုတ် ရွာအရှေ့ဘက်ခြမ်းတစ်လျှောက် မြေထိန်းနံရံ တည်ဆောက်ပေးနိုင်ရင် ရေဝင်နစ်မြုပ်မှုက သက်သာရာရမှာပါ" ဟု ပြောသည်။ **ကိုလွင်(ဆွာ)**

# လမ်းမထက်က သင်ခန်းစာ (၁)

**အန်ကယ်ပညာ**

ရန်ကုန်မှ နေပြည်တော်သို့ သွားရန်ရှိသဖြင့် ကားကို အောက်ပိုင်းစစ်၊ အလိုင်းမင့်ချိန်၊ လေပေါင်စစ်၊ ဆီအပြည့်ဖြည့်၍ အိမ်သို့ပြန်ခဲ့သည်။ အိမ်သို့ ရောက်ချိန်တွင် ခရီးစဉ်တွင်လိုက်ပါမည့်မိသားစုမှာ ဝတ်စားဆင်ယင်မှုမှအစ ယူဆောင်မည့် ပစ္စည်းပစ္စယတို့ကိုပါ အသင့်ပြင်ဆင်ပြီးဖြစ်နေသည်ကို တွေ့ရ၏။ ကားကိုစက်ရပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည်နှင့် “သမီးတို့အားလုံးပြင်ပြီးပြီ။ ဖေဖေအသင့်ဖြစ်ရင် သွားလို့ရပြီ” ဟု သမီးငယ်က ခရီးဦးကြိုပြုရင်း ပြောလေ၏။

ခရီးယူဆောင်မည့် ပစ္စည်းများကို ကားပေါ်သို့ စီ၍တင်ရင်း “သမီးရေ… ထိုင်ခုံနဲ့ နောက်ကြည့်မှန်တွေ အလိုက်သင့်ဖြစ်အောင် ချိန်လိုက်ဦးနော်” ဟု ယာဉ်မောင်းမည့် သမီးကြီးကို သတိပေးလိုက်၏။ ကျွန်တော့်အရပ်အမောင်းနှင့် သမီးကြီး၏ အရပ်အမောင်း မတူညီသည့်အတွက် ယာဉ်မောင်းရာတွင် အန္တရာယ်ကင်းကင်းနှင့် သက်သောင့်သက်သာ မောင်းနှင်နိုင်ရေးအတွက် ယာဉ်မောင်းထိုင်ခုံကို စတီယာရင်၊ ဘရိတ်၊ လီဘာတို့နှင့် အနီးအဝေးချိန်ရမည်။ နောက်ကြည့်မှန် အနိမ့်အမြင့်ကို လိုသလိုချိန်ညှိရမည်မဟုတ်ပါလော။

ရန်ကုန်မြို့တွင်းရှိ ကျပ်သိပ်သည့်ယာဉ်ကြောများတွင် ဦးတည်ရာတူညီသည့် အခြားယာဉ်များနှင့် စီးမျောလိုက်ပါရင်း ညနေ ၄ နာရီတွင် အမြန်လမ်းမကြီးပေါ်ရှိ ရန်ကုန် ယာဉ်ဖြတ်သန်းခကောက်ခံရေးဂိတ်သို့ ရောက်ခဲ့လေ၏။ မွန်းကျပ်မှုများ ပြေလျော့သွားသလို ခံစားလိုက်ရ၏။ ရှင်းလင်းဖြောင့်ဖြူးသည့် လမ်းမကြီးက အသင့်စောင့်ကြိုနေသည်ကို တွေ့ရ၏။

“အရှိန်ကို ထိန်းမောင်းပါ။ ကီလို ၁၀၀ မကျော်စေနဲ့၊ လမ်းကောင်းကောင်းမှာ ကားကောင်းနဲ့ အရှိန်ကောင်းကောင်းလေး မောင်းလိုက်ဦးမယ်ဆိုတဲ့ အတွေးဝင်လာလို့မရပါဘူး” အမြန်လမ်းတွင် မောင်းနှင်ဖူးသော်လည်း အတွေ့အကြုံနည်းနေသေးသည့် သမီးကြီးကို ဘေးခုံတွင်ထိုင်ရင်း သတိပေးလိုက်၏။

ရာသီဥတုမှာ မိုးရာသီဖြစ်သော်လည်း တိမ်ကင်းစင်လျက် အထူးကြည်လင်၍နေ၏။ လမ်းဘေးဝဲယာရှိ ရော်ဘာစိုက်ခင်းများက အမြင်အာရုံကို အေးမြစေ၏။ “နောက်ကားတစ်စီး ကျော်ဖို့ ကပ်လာတယ်၊ လီဘာကို နည်းနည်းလျှော့ပေးလိုက်ပါ” ထိုကား လွတ်ကင်းစွာကျော်သွားပြီးချိန်မှ “သူ့အရှိန်နဲ့သူ ကျော်သွားလိမ့်မယ်လို့ ပြောလို့ရပေမယ့် အရှိန်များနေတဲ့ ယာဉ်နှစ်စီး အချိန်ကြာကြာ ဘေးချင်းယှဉ်နေရင် နှစ်စီးလုံးအတွက် အန္တရာယ်ရှိတာကြောင့် ကိုယ်က အရှိန်လျှော့ပေးလိုက်တာက နှစ်စီးလုံးအတွက် အန္တရာယ်ကင်းစေတဲ့နည်းတစ်ခုပဲ သမီး” ဟု ပြောဖြစ်၏။

အမြန်လမ်းပေါ်၌ ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် ယာဉ်ကျော်တက်စဉ် ဖြစ်ပွားသည့် မတော်တဆမှုများလည်း ပါဝင်နေသည်ကို တွေ့ရ၏။ ဖြစ်စဉ်များကိုလေ့လာရာတွင် ကျော်တက်စဉ် နှစ်စီးအနက် တစ်စီးက အရှိန်လျှော့မပေးခြင်းကြောင့် တစ်စီးနှင့်တစ်စီး မလွတ်မကင်းဖြစ်ရာက ယာဉ်ချင်းချိတ်မိပွတ်မိကာ တိမ်းမှောက်ကြခြင်းဖြစ်၏။ ထို့အပြင် အရှိန်နှင့်ဘေးချင်းယှဉ်နေရာက အကြောင်းအမျိုးမျိုးကြောင့် ဘရိတ်ကို အလွန်အမင်းသုံးလိုက်ခြင်းကြောင့်လည်း ကားချင်းတိုက်မိခြင်း၊ လမ်းလယ်ကျွန်းအား တိုက်မိခြင်းတို့ ဖြစ်နိုင်၏။ ထို့ကြောင့် မိမိယာဉ်ကို ကျော်တက်ရန် ဘေးချင်းယှဉ်လာသည့်ယာဉ်အား မိမိက အရှိန်လျှော့ပေးလိုက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အန္တရာယ်မဖြစ်စေရန် ကာကွယ်ပေးသင့်၏။

> **အမြန်လမ်းပေါ်၌ ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် ယာဉ်ကျော်တက်စဉ်ဖြစ်ပွားသည့် မတော်တဆမှုများလည်း ပါဝင်နေသည်ကို တွေ့ရ၏။ ဖြစ်စဉ်များကိုလေ့လာရာတွင် ကျော်တက်စဉ် နှစ်စီးအနက် တစ်စီးက အရှိန်လျှော့မပေးခြင်းကြောင့် တစ်စီးနှင့်တစ်စီး မလွတ်မကင်းဖြစ်ရာက ယာဉ်ချင်းချိတ်မိပွတ်မိကာ တိမ်းမှောက်ကြခြင်းဖြစ်**

သမီးကြီးသည် ကားကို အာရုံစိုက်မောင်းနေ၏။ ကားနောက်ခန်းတွင် တိတ်ဆိတ်နေသဖြင့် လှည့်ကြည့်ရာ ဇနီးဖြစ်သူက ပါးစပ်ကလေးလှုပ်စိလှုပ်စိနှင့် ပုတီးစိပ်နေ၏။ သမီးငယ်မှာ နားတွင်နားကြပ်တပ်လျက်သားနှင့် ဖုန်းပွတ်နေသည်ကို တွေ့ရ၏။ သမီးလတ်မှာကား အဆောင်နေကျောင်းသူတစ်ဦးဖြစ်၍ ဤခရီးတွင် ပါရှိလာခြင်းမရှိခဲ့။ အမှန်အားဖြင့် ဤခရီးသည် တစ်လတစ်ကြိမ် တွေ့ဆုံခွင့်ပြုထားသည့် အဆောင်စည်းကမ်းအရ သမီးလတ်အား သွားရောက်တွေ့ဆုံအားပေးရန် သွားနေကြသည့် ခရီးတစ်ခုပင်ဖြစ်၏။

“သမီး…ရှေ့ကကားကိုတော့ ကျော်ရလိမ့်မယ်၊ ကျော်ဖို့လုပ်” ဟု ရှေ့တွင် မောင်းနှင်နေသည့်ကားမှာ မိမိတို့ကားထက် အရှိန်နည်းနေသည်ကို တွေ့ရသဖြင့် သမီးကြီးကို သတိပေးလိုက်ရင်း သူ၏လှုပ်ရှားမှုကို စောင့်ကြည့်နေဖြစ်၏။ နောက်ကြည့်မှန်ကိုကြည့်၍ နောက်ကား ရှင်းမရှင်း ကြည့်သည်ကို တွေ့၏။ ရှေ့ယာဉ်ကြော ရှင်းမရှင်းကြည့်၏။ ယာဉ်ကို ဘယ်ဘက်ယာဉ်ကြောသို့ အလိုက်သင့် ဆွဲတင်လိုက်၏။ သူ၏ ဆောင်ရွက်ချက်များသည် ရှေ့ယာဉ်ကိုကျော်တက်စဉ် ယာဉ်မောင်းတစ်ဦးအနေဖြင့် လိုက်နာရမည့် စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေသည်ကိုတွေ့ရသဖြင့် ပြောစရာ စကားမရှိ၊ ကြည့်၍သာ နေလိုက်ဖြစ်၏။

ဤသို့ ရှေ့ယာဉ်ကို ကျော်တက်စဉ် ယာဉ်နှစ်စီး ဘေးချင်းယှဉ် အနေအထားရောက်မှ တစ်ဖက်ယာဉ်မှာ အကျော်မခံဘဲ အရှိန်မြှင့်၍ မောင်းလာသည်ကို တွေ့ရ၏။ မိမိယာဉ်မှာ ကျော်လက်စဖြစ်နေသဖြင့် “ သမီး…ဂီယာကို ၂ ပြောင်းပြီး မှန်မှန်လေး ကျော်သွားလိုက်” ဟု ပြောရင်း အခြေအနေကို ကြည့်နေလိုက်၏။ အဆိုပါကားကို လွတ်ကင်းစွာ ကျော်တက်ပြီးသည့် အနေအထားရောက်မှ ညာဘက်ယာဉ်ကြောသို့ ပြောင်းပြီး ဂီယာကို D သို့ ပြောင်းလိုက်သည်ကို တွေ့ရ၏။ သို့ရာတွင် သမီးကြီး၏မျက်နှာတွင် ဒေါသရိပ်အချို့ တင်ကျန်နေသည်ကို သတိပြုမိ၏။ “ သမီး… ယာဉ်မောင်းခြင်းကို ဆိုးရွားစွာထိခိုက်စေတဲ့ စိတ်ခံစားမှုဟာ…ချစ်သူကို လွမ်းတဲ့စိတ်များလား” “ ဟုတ်ပါဘူး… ဒေါသစိတ်ပါ ဖေဖေရဲ့” သူမ၏ မျက်နှာတွင် ဒေါသရိပ်တို့ ပျောက်ကွယ်၍ အပြုံးရိပ်များ နေရာယူသွားကြလေ၏။

ယာဉ်မောင်းချိန် တစ်နာရီခန့်အကြာတွင် ယာဉ်ဦးတည်ရာ အဝေးဘက်၌ မိုးမှောင်နေသည်ကို တွေ့ရ၏။ ယာဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိသည့် နေရာတွင် မိုးရွာနေခြင်းမရှိသော်လည်း လမ်းမျက်နှာပြင်စိုစွတ်နေသည်ကိုလည်း တွေ့ရ၏။ မိုးသည် ရှေ့မှပြေး၍ ရွာချသွားခြင်းဖြစ်၏။ “ သမီး … လမ်းပေါ်မှာ ရေတင်နေတယ်၊ အရှိန်ကို အခုမောင်းနေတာထက် တစ်ဝက်အထိလျှော့၊ မိုးမရွာပေမယ့် မိုးရွာနေသလို သဘောထားမောင်းပါ” ဟု စိုစွတ်သောလမ်းကိုကြည့်ရင်း ပြောလိုက်၏။

ကားသည် ရှေ့မှ ပြေးနေသည့် မိုးကို မီလာ၏။ တိမ်တိုက်နှင့် မိုးသားတို့အောက်ကို ဝင်ရောက်ခဲ့ပြီဖြစ်သည့်အတွက် ရှေ့မြင်ကွင်းကို ရှင်းလင်းစွာမမြင်ရတော့ပေ။ မိမိမြင်ကွင်းရှင်းရန်နှင့် အခြားသူများက မိမိကိုမြင်နိုင်စေရန် ရှေ့မီးကြီးဖွင့်ခိုင်းလိုက်၏။ ဤသို့သောအခြေအနေမျိုးတွင် ရပ်တန့်ရန်အချိန်နှင့် အကွာအဝေးမှာ သာမန်အခြေအနေထက် ပို၍လိုအပ်သဖြင့် အရှိန်ကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း လျှော့လိုက်ရသကဲ့သို့ ရှေ့ယာဉ်နှင့် အကွာအဝေးကိုလည်း သာမန်ထက် နှစ်ဆပို၍ ခွာထားလိုက်စေ၏။

ထို့အပြင် စိုစွတ်သောလမ်းပေါ်တွင် အရှိန်ဖြင့် ဘရိတ်အုပ်ခြင်းသည် ဘီးများရှောပါသွားပြီး မထိန်းနိုင်မသိမ်းနိုင်အခြေအနေကို ဖြစ်ပေါ်စေနိုင်သဖြင့် အထူးဂရုပြု ရှောင်ကြဉ်ရမည်ဖြစ်၏။ ထိုသို့ဆိုလျှင် စိုစွတ်သောလမ်းပေါ်၌ မိမိကားဘေးသို့လမ်းချော်သွားပါက မည်သို့ဆောင်ရွက်ရပါမည်နည်း။ သင်မောင်းနေသောကားကို အရှိန်လျှော့ကာ စတီယာရင်ကို ထိန်းထားပါဟုသာ ဖြေရမည်သာဖြစ်၏။

ဤလောကကြီးထဲတွင် ဘယ်အရာမျှ တည်မြဲခြင်းမရှိ၊ အစဉ်ပြောင်းလဲလျက်ရှိ၏။ သဲသဲမဲမဲရွာသော မိုးတို့သည် တိတ်သွား၏။ တိမ်မည်းတို့ ဖုံးလွှမ်းနေသော ကောင်းကင်သည် ကြည်လင်နေသည်ကို တွေ့ရ၏။ နေ့ဟု ဆိုသော်လည်း နေဝင်ဆည်းဆာချိန်ရောက်နေသဖြင့် ပတ်ဝန်းကျင်၏ အလင်းရောင်မှာလည်း ဖျော့ဖျော့သာ ရှိတော့၏။ တိတ်ဆိတ်လျက်ရှိသော နောက်ခန်းမှ ဇနီးသည်သည်လည်း သတ်မှတ်ထားသည့် ပုတီးပတ်ရေ ပြည့်သွားသည့် သဘောရှိ၏။ ဖုန်းပွတ်လျက်ရှိသော သမီးငယ်သည်လည်း နားတွင်တပ်ထားသည့် နားကြပ်ကိုဖြုတ်၍ အနောက်အရပ်ရှိ နေဝင်ဆည်းဆာ အလှကို ဓာတ်ပုံ လှမ်းရိုက်နေသည်ကို တွေ့ရ၏။

“ကိုင်း…၁၁၅ မိုင်ရောက်ပြီ၊ နားကြမယ်၊ ဒီတစ်ခါတော့ ဖေဖေပဲ ဆက်မောင်းပေးမယ်၊ သမီးကြီးနားဦး” ဟု ကားကို ယာဉ်ရပ်နားစခန်းတွင် ရပ်တန့်လိုက်သည့် သမီးကြီးကို ကြည့်ရင်း ပြောလိုက်၏။ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် လူများ ခေတ္တအနားယူကြသကဲ့သို့ တာဝန်ကျေစွာ ပို့ဆောင်ပေးသည့်ယာဉ်ကိုလည်း ခေတ္တအနားပေးရဦးမည် မဟုတ်ပါလား။ ကားတံခါးများကို သော့ခတ်၍ ခေတ္တနားခိုရာ ဆိုင်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့ကြပါတော့သည်။ ။

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း (၃) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Ly-NaMedicated Pearl Paste | Made in Taiwan | Mercury (+) |
| ၂။ | Kim Whitening Ginseng And Pearl Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | RUIQIAN A+B | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

Ly-Na Medicated Pearl Paste




Kim Whitening Ginseng And Pearl Cream



RUIQIAN (A+B)



အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ (ပြဒါး) သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ပန်းတောင်းမြို့နယ်အတွင်း ကုန်းတွင်းရေနံလုပ်ငန်းအတွက် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**ပန်းတောင်း ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုတွင် ရုရှားနိုင်ငံမှ ကုန်းတွင်းရေနံတူးဖော်ရန်အတွက် ရေနံလုပ်ကွက်အမှတ် Block ED4 အတွင်း 2D 3D ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများသည် နတ်မောက်ကျေးရွာအုပ်စု ဒေသခံများနှင့် ဘုရားကြီးအာရုံခံတန်ဆောင်း၌ ဩဂုတ် ၂၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေက ရေနံရှာဖွေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့တာဝန်ခံအရာရှိ ဦးစိုးမြင့်နှင့်တာဝန်ရှိသူများက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဘူမိဗေဒပညာရှင် ဦးဝင်းမင်းထွဋ်က ရေနံရှာဖွေရာတွင် မြေကျင်းတစ်ပေါက်လျှင် ငွေကျပ် ၂၀၀၀၀၊ မူလလယ်ကန်သင်းတစ်ခုပျက်လျှင် ငွေကျပ် ၅၀၀၀ နစ်နာကြေးပေးကြောင်း၊ ပတ်ဝန်းကျင်ဖြတ်သန်းသော လမ်းတစ်လျှောက် ပျက်စီးသွားသည့် သီးနှံများအား မြို့နယ်မြေယာနှင့် သီးနှံလျော်ကြေးအဖွဲ့၏ သတ်မှတ်သော တစ်ကေထွက်နှုန်းဒေသပေါက်စျေးအမြင့်ဆုံးဖြင့်တွက်ချက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# (၂၀၃) ကြိမ်မြောက် ရွှေဘို မော်ဓောမြင်သာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရွှေဘို ဩဂုတ် ၂၅**

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ရာသီတုပ်ကွေးရောဂါ H1N1 ဖြစ်ပွားခဲ့ခြင်းကြောင့် ပြီးခဲ့သောရက်များက ပွဲတော်အချို့ရပ်နားရွှေ့ဆိုင်းခဲ့ရသော်လည်း ရွှေဘိုမြို့ မော်ဓောမြင်သာ မြို့ထောင့်စေတီ (၂၀၃) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် ရောဂါကို နိုင်နင်းစွာ ကာကွယ်စောင့်ရှောက်နိုင်မှုကြောင့် ရောဂါဖြစ်ပွားမှုကျဆင်းလာခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ရောဂါဖြစ်ပွားမှုနှုန်းထားနည်းပါးခြင်း၊ ဒေသအတွင်းရှိ ပြည်သူအများစုက ပွဲတော်ဖြစ်မြောက်ရေးဆန္ဒပြင်းပြမှုရှိခြင်းနှင့် နှစ်စဉ်နှစ်တိုင်း ဒေသအသီးသီးမှ ပွဲတော်သို့လာရောက်ကြသော ဇာတ်သဘင်အဖွဲ့အစည်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ လိုင်စင်ဆိုင်ခန်းများ အခက်အခဲ မရှိစေရန်အတွက် တိုင်းဒေသကြီးအစိုးရက စဉ်းစားချင့်ချိန်ပြီး ပွဲတော်အတွင်း H1N1 ရောဂါ မဖြစ်ပွားစေရေး စီမံချက်များချမှတ်၍ ပွဲတော်ဖြစ်မြောက်ရေးကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူအများ၏ဆန္ဒအရ ဘုရားပွဲတော်ကျင်းပရန် တိုင်းဒေသကြီးအစိုးရက ခွင့်ပြုခဲ့သော်လည်း ပွဲတော်အတွင်း ရောဂါကင်းစင်ရေးအတွက် ပွဲတော်လာပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးရန် ရေပုံးရေအိုးများထားရှိခြင်း၊ ဆပ်ပြာများလုံလောက်စွာထားရှိခြင်း၊ အမှိုက်သိမ်းစနစ်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှိုက်သိမ်းယာဉ်များထားရှိခြင်း၊ မိလ္လာကန်များ တိုးချဲ့ခြင်းတို့ကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ဩဂုတ် ၂၃ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားသည်။

ရွှေဘို မော်ဓောမြင်သာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို တတိယမြန်မာနိုင်ငံတော်တည်ထောင်ခဲ့သူ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တည်ထားခဲ့ခြင်းဖြစ်ပြီး ပဲခူးရွှေမော်ဓောစေတီတော်မြတ်ပုံစံအတိုင်း ပုံတူတည်ထားခြင်းဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ ဘုရားပွဲတော်ကို ကျင်းပခဲ့ပြီး ဒုတိယကမ္ဘာစစ်မဖြစ်မီကာလမှ လွတ်လပ်ရေးရချိန်အထိ ရပ်ဆိုင်းခဲ့ရသည်မှလွဲလျှင် နှစ်စဉ်ကျင်းပခဲ့ရာ ယခု (၂၀၃)ကြိမ်မြောက်အထိရှိပြီဖြစ်ကြောင်း၊ အထက်မြန်မာပြည်၏ အစည်ကားဆုံး ဘုရားပွဲတော်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို တော်သလင်းလပြည့်ကျော် (၈)ရက်နေ့၌ စတင်ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကာလမှာ သီတင်းကျွတ်လဆန်း ၁ ရက်အထိဖြစ်ကြောင်းနှင့် ရွှေဘိုမြို့တော်ပေါ်ရှိ ကျောင်းပေါင်းစုံတို့မှ သံဃာတော် အပါး ၁၂၀၀ တို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲကိုလည်း တော်သလင်းလပြည့်ကျော် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးကျော်ဇော(ရွှေဘို)**

# ဆရာဝန်အသင်း(မန္တလေး)က ကြီးမှူး၍ ရာသီတုပ်ကွေးရောဂါအကြောင်း ဟောပြောဆွေးနွေး

**မန္တလေး ဩဂုတ် ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပညာရေးဆပ်ကော်မတီမှ ဦးစီးကျင်းပသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza)အကြောင်း ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က အဆိုပါ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနများမှ ဆရာဝန်များ၊ သူနာပြုများနှင့် အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်ကြပြီး မန္တလေးဆေးပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာရန်လင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ကာ မန္တလေးပြည်သူ့ဆေးရုံကြီး ရောဂါဗေဒဌာနမှ ဒေါက်တာဝါဝါအောင်က တုပ်ကွေးရောဂါ Virus နှင့်ပတ်သက်၍ ခွတ်ခွဲခန်းရှုထောင့်မှလည်းကောင်း၊ ဆေးတက္ကသိုလ် (မန္တလေး) ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်ဦးက တုပ်ကွေးရောဂါကုသခြင်း၊ ကာကွယ်ခြင်းများနှင့်ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က ရာသီတုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ် ကာကွယ်ရေးအတွက် ထောက်လှမ်းစောင့်ကြည့်မှု လုပ်ဆောင်ချက်များကိုလည်းကောင်း အကျယ်တဝင့်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများထဲမှ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပုံမှန် CME လေ့ကျင့်သင်ကြားခြင်းသင်တန်း(Basic Surgical Skill Training) ကို ဆက်လက်ပြုလုပ်ခဲ့ရာ အဆိုပါသင်တန်းတွင် မန္တလေးနှင့်နယ်မှ အထွေထွေရောဂါကု ဆရာဝန် ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရှိန်မြင့်နှင့် အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထွန်းထွန်းဦးတို့ ဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီးများအဖွဲ့က လက်တွေ့သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# နယ်စပ်တံတား ပြုပြင်ဖွင့်လှစ်ပြီး၍ ယာဉ်နှင့်လူသွားလာမှု အဆင်ပြေလာ

**ရိခေါဒါရ် ဩဂုတ် ၂၅**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေးတံတားပျက်စီးမှုကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးဌာန ကြမ်ဖိုင်ခရိုင် PWD မှတာဝန်ယူပြုပြင်ပြီးစီးခဲ့ပြီး ဩဂုတ် ၁၅ ရက်က ဖွင့်လှစ်နိုင်ပြီးသည့်နောက်တွင် နှစ်နိုင်ငံကြား ယာဉ်နှင့်လူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု ပြန်လည်အဆင်ပြေလာကြောင်း သိရသည်။



အဆိုပါ နှစ်နိုင်ငံနယ်စပ်တံတား ပြုပြင်စဉ်ကာလအတွင်း ကုန်စည်၊ ယာဉ်နှင့် လူဝင်ထွက် သွားလာမှုများကို ခေတ္တပိတ်ပင်ထားခဲ့၍ အခက်အခဲများရှိခဲ့ပြီး ယခုအခါ တံတားပြန်လည်ဖွင့်လှစ်နိုင်၍ ကုန်စည်၊ ယာဉ်နှင့် လူဝင်ထွက်သွားလာမှု အဆင်ပြေချောမွေ့လာသည့်အပြင် အလေးချိန်ခံနိုင်ဝန်ကို ယခင်ကထက် တိုးထားသောကြောင့် ခရီးသွားပြည်သူများနှင့်ကုန်သည်များ ကျေနပ်မှုရှိကြကြောင်း သိရသည်။

တံတားသည် ယခင်မပြုပြင်မီက ယာဉ်နှင့် ကုန်အပါ ခံနိုင်ရည်တန်ချိန် ၁၀ တန်သာရှိခဲ့ပြီး ယခု တံတားပြုပြင်ပြီးစီးသည့်နောက်ပိုင်းတွင် တံတားသံပေါင်တန်းများ အရွယ်အစားတိုးမြှင့်ပြင်ဆင်ခြင်းကြောင့် ယာဉ်နှင့် ကုန်အပါအဝင် တံတားခံနိုင်ရည်ကို တန်ချိန် ၁၅ တန်အထိ တိုးမြှင့်ထားနိုင်ခဲ့ခြင်းဖြစ်သည်။ ပြုပြင်ပြီးသောတံတားကို အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က ဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါနယ်စပ်တံတားသည် မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဘက်သို့ တင်ပို့သည့် ကွမ်းသီးများအပါအဝင် အခြားကုန်စည်များပို့ဆောင်ရေးတွင် အားထားနေရသော တံတားဖြစ်သလို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ရိဒ်ရေကန်သို့ လေ့လာရေးခရီးလာရောက်သူများ အပန်းဖြေလိုသူများလည်း ကိုယ်ပိုင်ယာဉ်များဖြင့် ဖြတ်သန်းနေရသော တံတားဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မလှိုင်မြို့၌ကျင်းပ

**မလှိုင် ဩဂုတ် ၂၅**

မလှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ဩဂုတ် ၂၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းက အာဟာရနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း မလှိုင်မြို့ LEGACY စီမံကိန်း၏ စီမံချက်အရာရှိ ဒေါ်မြမြသွေးက အာဟာရဖွံ့ဖြိုးရေးအတွက် စီမံကိန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရနှင့်ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး ဆုရရှိသူများနှင့် စံပြမိခင်ဆုရရှိသူများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့တက်ရောက်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တိုင်းကိုလည်း အိုင်အိုဒင်းဆားထုပ်များနှင့် ဆပ်ပြာခဲများ ဝေငှခဲ့ကြောင်း သိရသည်။



ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုလအဖြစ် သတ်မှတ်ပြီး (ပထမပတ်)ကို မိခင်နို့ တိုက်ကျွေးရေး၊ (ဒုတိယပတ်)ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး၊ (တတိယပတ်)ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ (စတုတ္ထပတ်)ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးဟု ရက်သတ္တပတ်များသတ်မှတ်၍ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိသည်။

**အောင်ငွေး(မလှိုင်)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာများ အသိပညာပေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းမှ ပြည်သူများအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဒလမြို့နယ် လူစည်ကားရာနေရာဖြစ်သော ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်နှင့် လက်မှတ်ရုံးအနီးတို့တွင် ဩဂုတ် ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးရာတွင် "ပြည်သူများအနေဖြင့် အမှိုက်အစို၊ အခြောက်ခွဲခြားပြီး အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်တတ်စေရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာများကို အသိပညာပေးခဲ့ကြောင်း၊ ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်တွင် ပညာပေးခြင်းကြောင့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်များမှ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား အသိပညာပေးနိုင်ခဲ့ပြီး လက်ကမ်းစာစောင် စောင်ရေ ၂၀၀၀ ခန့်ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်နှင့် အခြားဒေသများတွင်ပါ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းသော မြို့တော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအနေဖြင့် စနစ်တကျအမှိုက်စွန့်ပစ်သည့်အတွက် သိမ်းဆည်းရလွယ်ကူခြင်း၊ အနံ့ဆိုးများထွက်ရှိမှု လျော့နည်းလာနိုင်ခြင်း၊ အမှိုက်သိမ်းလုပ်သားများ၏ ကျန်းမာရေးမထိခိုက်ခြင်း၊ မြို့တော်သန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်ခြင်းနှင့် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်နိုင်ခြင်းတို့ဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဦးစီးဌာနမှူး ဦးသက်ဝေက ပညာပေးဟောပြောရာတွင် ပြောကြားခဲ့သည်။

လူတစ်ဦးလျှင် နေ့စဉ်အမှိုက်ထွက်ရှိမှုပမာဏမှာ ၀ ဒသမ ၃၉၇ ကီလိုဂရမ်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ လူဦးရေခုနစ်ဦးရှိပါက တစ်နှစ်အတွက် အမှိုက်ထွက်ရှိမှုပမာဏမှာတစ်တန် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက် ၁၆၉၀ တန် ထွက်ရှိကြောင်း၊ စွန့်ပစ်အမှိုက်သိမ်းဆည်းမှုမှာ ၂၀၁၂ ခုနှစ် အမှိုက်စစ်တမ်းများအရ တစ်ရက်လျှင် ၁၅၅၀ တန်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက် ၁၅၆၃ တန် ထွက်ရှိခြင်းတို့ကြောင့် အမှိုက်စစ်တမ်းသည် အရေးကြီးပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၏ တစ်ခုတည်းသောဖြေရှင်းမှုလည်းဖြစ်ကြောင်း ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဦးစီးဌာနမှူး၏ ဟောပြောမှုမှ သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဒလမြို့နယ်စည်ပင်သာယာသန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ခရီးသွားပြည်သူများအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဒလ- ပန်းဆိုးတန်း သင်္ဘောဆိပ်တွင် ဆောင်ရွက်ခဲ့သလို တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့တွင် ပညာပေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ပညာပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀ ) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**

**GA MONE PWINT CO.,LTD.**

အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 01- 524 963, 01- 526 928**
**01- 516 533~6**

## သီတဂူရွှေပြည်ဟင်္သာ စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၁၆၊ ၁၇ (၈၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

စက်တင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ စက်တင်ဘာလ ၁၆၊ ၁၇ ရက်များတွင် ၈၃-ကြိမ်မြောက် ဦးရေ (၁၀၅၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟင်္သာ စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟင်္သာကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


## စေတိယင်္ဂဏအဘိဝံသ ဘွဲ့ရဆရာတော်ကြီးများအား ပင့်လျှောက်ခြင်းနှင့် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းစာမူဖိတ်ခေါ်ခြင်း

ထေရဝါဒ မြတ်ဗုဒ္ဓသာသနာတော် အဓွန့်ရှည် တည်တံ့ပြန့်ပွားရေးအတွက် အထောက်အပံ့လုပ်ငန်းတစ်ခုဖြစ်သည့် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပခြင်းတို့ကို မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်လာခဲ့ရာ လာမည့် ၁၃၈၀ပြည့်နှစ် (ခရစ်နှစ်-၂၀၁၈-ခုနှစ်)တွင် နှစ်(၁၀၀)ပြည့်မြောက်မည် ဖြစ်ပါသည်ဘုရား။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ စာလျှောက်မေးပွဲ အောင်မြင်တော်မူကြသော သံဃာတော်များအား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်ဆက်ကပ်ခြင်း၊ စေတိယင်္ဂဏနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်းတို့ ဆောင်ရွက်ပြီး ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်တွင် ရွှေတိဂုံစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ အဘိဝံသဘွဲ့၊ ဂဏဝါစကဘွဲ့ ရရှိတော်မူခဲ့သော ဆရာတော်ကြီးများအား ပူဇော်ခြင်း၊ စေတိယင်္ဂဏနှစ်(၁၀၀)ပြည့် ရေစက်ချအခမ်းအနားများ ကျင်းပရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်ဘုရား။

မြန်မာပြည်အရပ်ရပ်နှင့် နိုင်ငံရပ်ခြားရှိ **စေတိယင်္ဂဏ အဘိဝံသ** ဘွဲ့ရရှိတော်မူခဲ့ကြသော ဆရာတော်ကြီးများမှလည်း နှစ်(၁၀၀)ပြည့် အခမ်းအနားကြီးတွင် တက်ရောက်နိုင်ရေးအတွက် အောင်မြင်ခဲ့သည့် ခုနှစ်၊ သီတင်းသုံးရာလိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်ပေးပို့ပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းစာစောင်တွင် ထည့်သွင်းဖော်ပြရန်အတွက် စေတိယင်္ဂဏအသင်းကြီးနှင့် သက်ဆိုင်သော ဆောင်းပါးများ ရေးသားပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်ဘုရား။

ရုံးချိန်အတွင်း ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စေတိယင်္ဂဏ နှစ် (၁၀၀)ပြည့်ကျင်းပရေး**
**ဗဟိုကော်မတီ**

## သုညတဓမ္မတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆောက်လုပ်နေပါပြီ

ရဟန်းရှင်လူယောဂီများ ပရိယတ်ပဋိပတ် ဓူရနှစ်ဖြာ ကျင့်ကြံအားထုတ်နိုင်ကြရန်အတွက်၊ ဆရာတော်သာသနာပြုနိုင်ရန်အတွက်၊ ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး၊ မိုင်တိုင် (၁၅)၊ လေ့လော့်အင်း၌ သာသနာ့နယ်မြေ(၁၂)ဧကမှာ သုညတဓမ္မတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တည်ဆောက်၍ သာသနာပြုနိုင်ရန်အတွက် သာသနာ့ရိပ်သာမြေနေရာ၌ အမှန်တကယ်တရားရလို၍ ရာသက်ပန်တရားအားထုတ်လိုသော ယောဂီများ ဝါတွင်း ၃လ၊ ၄၅ရက်၊ ၁၅ ရက်၊ ၉ ရက် တရားအားထုတ်လိုသော ယောဂီများအတွက် အဆောင်ပေါင်း ၁၅၀ ကျော်တည်ဆောက်မည်ဖြစ်ပါသည်။ သိမ်၊ ကျောင်း၊ ဘုရား၊ စေတီ၊ ဓမ္မာရုံ၊ နှစ်ထပ်ဆောင်၊ တစ်ယောက်တစ်ပါးဆောင်၊ တစ်ယောက်တစ်ပါးခန်း၊ လမ်း၊ ဆွမ်းစားဆောင်၊ ဆေးခန်း၊ လူနာတင်ကား၊ တရားစခန်း၊ တရားရိပ်သာအတွက် အမှန်တကယ်လိုအပ်နေ၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ လှူဒါန်းနိုင်သော အဆောင်များမှာ-

| | | | |
|---|---|---|---|
| ၁။ | မိဘရိပ်သံဃာတော်များ သီးသန့်အဆောင် | - ပေ ၆၀×၂၀ | = သိန်း ၄၀၀ |
| ၂။ | တစ်ယောက်/တစ်ပါးဆောင် | - ပေ ၂၀×၂၀ | = သိန်း ၈၀ |
| ၃။ | အမျိုးသား/အမျိုးသမီးအခန်း | - ပေ ၂၀×၁၅ | = ၄၅ သိန်း |
| ၄။ | ဆွမ်းစားကျောင်းဆောင် | - ပေ ၂၀၀×၁၀၀ | = သိန်း ၅၀၀ |
| ၅။ | အုတ်တံတိုင်း(ခြံစည်းရိုး) | ပေ ၁၀×၁၀ | = ၅ သိန်း |
| ၆။ | ကုဋီ(အိမ်သာ)တစ်လုံး | - | = ၅ သိန်း |
| ၇။ | လူနာတင်ကား | - | = သိန်း ၃၀၀ |
| ၈။ | မီးစက်ကြီး KVA(60) | - | = သိန်း ၁၅၀ |
| ၉။ | မီးအတွက် Power Transformer (ပါဝါထရန်စဖော်မာ) | - | = သိန်း ၂၅၀ |
| ၁၀။ | လမ်းတစ်ခုလုံးအလှူရှင်ရပါပြီ။ | | |

**လှူဒါန်းနိုင်သောနေရာများ**
**သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ**
**(၇)အနောက်ရပ်ကွက်၊ မြခွာညိုအိမ်ရာရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဇိနမာရ်အောင်စေတီတော်၏ မြောက်ဘက်မုခ်ဦးမှဝင်ပါ။**
**ဆရာတော် ဖုန်း-၀၉-၅၁၇၉၃၄၃၊ ၀၉-၄၃၁၆၇၉၉၇၊ ၀၁-၄၅၀၂၀၆၊**
**ဓမ္မအကျိုးတော်ဆောင် ဒေါ်လှသိန်း ဖုန်း-၀၉-၄၃၁၂၉၁၃၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲနောင်စိုး ၁၀/မလမ(နိုင်)၂၂၀၄၇၄ ၏ (Passport-No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လှည်းကူးမြို့နယ်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၂၂**

ဒေါ်စိုးစိုးသန်း **နှင့်** ၁။ ဦးစောဇာနည်(ခ)ဗိုလ်ကြီးစောဗထူး
၂။ ဦးဟန်မင်းဆွေ

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးစောဇာနည် (ခ) ဗိုလ်ကြီးစောဗထူး၊ ကရင်ထာဝရလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့၊ ဗဟိုဌာနချုပ်၊ သိမ်ဇရပ်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်နေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးစိုးသန်းက "နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ပါမြေကွက်များအား လက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်) ကတိပဋိညာဉ်အတိုင်း တရားလိုပေးသွင်းခဲ့သော ငွေ ၃၄၀၀၀၀ိ/- ကျပ်တိတိ ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ရက်(၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဠုထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လှည်းကူးမြို့နယ်တရားရုံး**

## အမည်မှန်

ညောင်ပင်သာရွာနေ ဦးရှင် ၉/လပန(နိုင်)၂၁၉၇၆၇၏သမီး နေပြည်တော် လယ်ဝေးမြို့နယ် အထက (၅) အလောတက္ကသိုလ်ဝင်တန်းမှ မအေးငြိမ်းအား မအေးအေးငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

**မအေးအေးငြိမ်း**

## အမည်ပြောင်း

ဦးဇော်မင်းထွန်း ၅/ကလန(နိုင်)၀၃၃၃၂၉၏သမီးစစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အထက ကျွန်းလှ၊ တက္ကသိုလ်ဝင်တန်းမှ မနန္ဒာဝင်း ၅/ကလန(နိုင်)၀၆၆၀၅၇ အား မအိန္ဒြာသင်းမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိန္ဒြာသင်းမြတ်အောင်**

## တစ်ဦးတည်းဖြစ်ပါသည်

တောင်ငူခရိုင်၊ ဖြူး၊ အထက (၂) တက္ကသိုလ်ဝင်တန်း (E) မှ မောင်ဝေယံ၏ဖခင် ဦးဝင်းနိုင်နှင့် ဦးဇော်ဝင်းနိုင် ၉/ပဘန(နိုင်)၁၃၆၁၀၃ သည် တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (ခွဲ)၊ (သဖြူချောင်)၊ န၀မတန်းမှ မရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၁၀/သထန(နိုင်)၁၂၉၀၂၈ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းဦး**

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက (၂) န၀မတန်း (D)မှ မဖြိုးသန္တာလွင်၏ဖခင်အမည်မှန်မှာဦးထွန်းကြည် ၈/မဘန(နိုင်)၁၃၁၃၉၃ ဖြစ်ပါကြောင်း။

**ဦးထွန်းကြည်**

## မိဘအမည်မှန်

ကျောက်မဲမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း (B)မှ မပိုးအိအိဖြူ၊ အထက (၄) အဋ္ဌမတန်း (A) မှ မောင်သက်နှောင်ထွေး၊ အမက (၈) တတိယတန်း (A)မှ မရွှေယဉ်ထွန်းတို့၏ မိဘအမည်မှန်မှာ ဦးစံထွန်း ၁၃/နဆန(နိုင်)၀၁၃၄၀၃နှင့် ဒေါ်စိန်သာ၁၃/နဆန(နိုင်)၀၁၃၃၈၀ ဖြစ်ပါကြောင်း။

**ဦးစံထွန်း-ဒေါ်စိန်သာ**

## ဖခင်အမည်မှန်

နမ္မတူမြို့နယ် မန်စံအထက၊ န၀မတန်းမှ မဒေါင်နော၏ဖခင်အမည်မှန်မှာ မောင်ဘောက်လာ ၁၃/နမတ(နိုင်)၀၄၆၈၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (သုခဝတီ)၊ အဋ္ဌမတန်းမှ မထက်ထက်အောင်၊ တတိယတန်းမှ မောင်ဝေယံဖြိုးနှင့် KG တန်းမှ မဝေဝေဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးနောင်နောင် ၁၀/မလမ(နိုင်) ၁၅၉၈၆၃ ဖြစ်ပါကြောင်း။

**ဦးနောင်နောင်**

## မွေးသက္ကရာဇ်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ န၀မတန်း(E) မှ မသီသီစိုး၏ မွေးသက္ကရာဇ်မှန်မှာ မွေးစာရင်းအရ ၁၇-၁-၂၀၀၃ အမှန်ဖြစ်ပါကြောင်း။ **မသီသီစိုး**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D) မှ မထက်ထက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဇော်မျိုး ၉/ပမန(နိုင်) ၁၂၅၇၄၇ ဖြစ်ပါကြောင်း။

**ဦးထွန်းဇော်မျိုး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မဟာအောင်မြေမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

ဦးကြူမိသားစုသီးနှံနှင့်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ အထက်မြန်မာပြည် ဂျုံမှုန့်ဖြန့်ဖြူးရေး(ရုံးခွဲ)(မန္တလေး)၏ တာဝန်ခံ ဦးအောင်မင်း(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ကိုဖြိုးမင်း) **နှင့်** ၁။ ဦးကျော်ကျော်ဦး
၂။ ဒေါ်သန့်သန့်လှိုင်

**တရားလို** **တရားပြိုင်များ**

အထက်ပုံစံပါ အမှုမှ တရားပြိုင်များဖြစ်ကြသော မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက် ၃၆၇၊ သံလျှက်မော်အနောက်ရပ်ကွက်၊ ဇော်မင်းရပ်နေ ဦးကျော်ကျော်ဦးနှင့် ဒေါ်သန့်သန့်လှိုင်(အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ အမှတ် ၃၂၇နေ တရားလို ဦးကြူမိသားစု သီးနှံနှင့်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ အထက်မြန်မာပြည် ဂျုံမှုန့်ဖြန့်ဖြူးရေး(ရုံးခွဲ)(မန္တလေး)၏တာဝန်ခံ ဦးအောင်မင်း(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ကိုဖြိုးမင်း)က ကုန်ဖိုးငွေကျပ် ၃၂၄၆၀၀၀ိ/-(သုံးဆယ့်နှစ်သိန်းလေးသောင်းခြောက်ထောင်ကျပ်) တိတိနှင့် လစဉ်နှစ်နာကြေးငွေများ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၁ ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းမျိုးဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက -၃၊ ဆဋ္ဌမတန်း (A) မှ မပြည့်ပြည့်အောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးစိုးမြင့်အောင် ၆/ကစန(နိုင်) ၀၆၇၈၄၅ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ချောင်းမြို့နယ် အထက သရက်ချောင်းမှ ခုံအမှတ် တသ-၄၄၀ ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မသက်သက်ဝင်း၏ဖခင် ဦးကျန်ရှိန်နှင့် ဦးကျော်ရှိန် ၆/သရခ(နိုင်) ၀၁၄၉၄၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျန်ရှိန်(ခ)ဦးကျော်ရှိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၁၆၅၀ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၆/လလန(နိုင်)၀၂၃၀၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8772 Tota Aee Ex2, Pick up (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစန္ဒီမာ၆/ထဝန(သ)၀၀၀၄၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## (မြန်မာနိုင်ငံ ကုမ္ပဏီများနည်းဥပဒေအပိုဒ်-၃၂အရ)

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၀**
**(မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်စပ်လျဉ်းသည့်အရေးကိစ္စ)**

ဦးထွန်းမြင့်(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခင်ခင်အေး) အမှတ်၁၁၀(ပထမထပ်)၊ ၁၅လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **နှင့်** ရွှေချမ်းဟိန်းကုမ္ပဏီလီမိတက် အမှတ်(ဃ/၄၀)၊ ရေတမာလမ်း၊ (၁)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)

**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရေတမာလမ်း၊ အမှတ် (ဃ/၄၀)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်ထားသည့် ပြည်တွင်းပြည်ပသို့ ပဲမျိုးစုံတင်သွင်း၊ တင်ပို့ရောင်းချသောလုပ်ငန်းကို လုပ်ကိုင်သည့် ရွှေချမ်းဟိန်းကုမ္ပဏီလီမိတက်အား လျှောက်ထားသူမှ "မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၁၆၂ အရ ရွှေချမ်းဟိန်းကုမ္ပဏီလီမိတက် (Golden Cold Hein Company Limited) အားတရားရုံးက ကြီးကြပ်ကွပ်ကဲ၍ စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်လွှာ" ဖြင့် လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤတရားရုံးတော်သို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါ လျှောက်လွှာကို (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၉ရက်) ၂၀၁၇ခုနှစ် ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)ရုံးတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကို ဖျက်သိမ်း၍ စာရင်းရှင်းလင်းပေးရန် အမိန့်ထုတ်ခြင်းအပေါ် ကန့်ကွက်လိုသော် ၎င်းကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ(သို့)အစုပါဝင်သူ တစ်ဦးတစ်ယောက်တို့သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အမိန့်အရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ၊ ကြားနာစစ်ဆေးစေမည့် အဆိုပါချိန်းဆိုသည့်ရက်တွင်ထိုကိစ္စအတွက် လာရောက်ရန်ကြော်ငြာလိုက်သည်။ ထိုကဲ့သို့လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်မှ လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်ပါသည်။

**(ကြည်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လှည်းကူးမြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

ဒေါ်ငွေငွေဝင်း **နှင့်** ၁။ ဦးစောဇာနည်(ခ)ဗိုလ်ကြီးစောဗထူး
၂။ ဦးဟန်မင်းဆွေ

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးစောဇာနည် (ခ)ဗိုလ်ကြီးစောဗထူး၊ ကရင်ထာဝရ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့၊ ဗဟိုဌာနချုပ်၊ သိမ်ဇရပ်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးစိုးသန်းက နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ပါ မြေကွက်များအား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ကတိပဋိညာဉ်အတိုင်း တရားလိုပေးသွင်းခဲ့သည့် ငွေ ၁၈၀၀၀၀ိ/-ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇာခြည်လှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လှည်းကူးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လှည်းကူးမြို့နယ်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

ဒေါ်စန်းစန်းတင့် **နှင့်** ၁။ ဦးစောဇာနည်(ခ)ဗိုလ်ကြီးစောဗထူး
၂။ ဦးဟန်မင်းဆွေ

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ (၁) တရားပြိုင် ဦးစောဇာနည်(ခ)ဗိုလ်ကြီးစောဗထူး၊ ကရင်ထာဝရ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့်အဖွဲ့၊ ဗဟိုဌာနချုပ်၊ သိမ်ဇရပ်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးစိုးသန်းက နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ပါ မြေကွက်များအား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်)ကတိပဋိညာဉ်အတိုင်း တရားလိုပေးသွင်းခဲ့သော ငွေ ၁၂၀၀၀၀ိ/- ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက် (၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာမွန်)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**လှည်းကူးမြို့နယ်တရားရုံး**

PUN HLAING SILOAM HOSPITALS
SmileTrain
Changing the World One Smile at a Time

မျက်ရည်မှသည်......အပြုံးဆီသို့
အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ပြုပြင်မှု



လူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

အခမဲ့
နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီးမှ ခွဲစိတ်ပြုပြင်ပေးနေပါသည်။

ကြိုတင်စာရင်းပေးသွင်းရန်
၀၉ – ၉၆ ၅၁၀ ၉၉၉၅

ပန်းလှိုင်စီလုံဆေးရုံကြီး
(ပထမထပ်) အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုဌာန
ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-ရှ-ကောင်
အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး
တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-ရှ-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၉၉၄

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်း၊ သိပ္ပံလမ်းထောင့်တွင် နေထိုင်သူ ကျွန်မ ဒေါ်ခင်မီမီကျော် ၉/အမဇ(နိုင်)၀၁၆၆၆၀မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်မ မခင်မီမီကျော်မှ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မြစန္ဒာလမ်းသွယ်၊ ၆၂×၆၃ ကြား၊ ၂၈×၂၉ ကြားတွင်နေထိုင်သူ ဒေါ်စန္ဒာမြင့်ထံမှ မန္တလေးမြို့၌ ရင်းနှီးမြှုပ်နှံမှုအတွက် မြေကွက်ဝယ်ယူရန် ငွေကျပ် ၄၀၉၅၀၀၀၀၀၀ (ငွေကျပ်သိန်းလေးသောင်းကိုးရာငါးဆယ်)ကို ၃-၃-၂၀၁၆ရက်စွဲဖြင့် မြေကွက်ဝယ်ယူရန်အတွက် ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်ချုပ်ဆိုပြီး အသိသက်သေများရှေ့မှောက်တွင် ပေးအပ်ခဲ့ပါသည်။

ဒေါ်စန္ဒာမြင့်သည် ကျွန်မထံမှ ငွေများယူဆောင်သွားစဉ်က အဆိုပါငွေများနှင့် သတ်မှတ်ကာလ(၁)နှစ်အတွင်း မြေကွက်ဝယ်ယူပေးမည်ဖြစ်ကြောင်းနှင့် အကယ်၍ (၁)နှစ်အတွင်း ဝယ်ယူပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ပေးအပ်ထားသော ငွေကျပ် ၄၀၉၅၀၀၀၀၀၀ (ငွေကျပ်သိန်းလေးသောင်းကိုးရာငါးဆယ်တိတိ)အား ကျွန်မထံ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြီးမှ ယူဆောင်သွားခြင်းဖြစ်ပါသည်။

လူကြီးမင်း ဝန်ခံကတိပြုထားသည့် သတ်မှတ်ကာလ(၁)နှစ်ပြည့်ခါနီးပြီဖြစ်သော်လည်း ကျွန်မမှ စုံစမ်းကြည့်သောအခါ လူကြီးမင်းမှ မြေကွက်ဝယ်ယူရန်အတွက် တစ်စုံတစ်ရာကြိုးပမ်းဆောင်ရွက်ခြင်းမရှိဘဲ ကိုယ်ကျိုးသုံးစွဲထားကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းမှ မြေကွက်ဝယ်ယူပေးနိုင်ခြင်း မရှိသည့်အတွက် ကျွန်မထံမှ မြေကွက်ဝယ်ပေးရန်ယူဆောင်သွားသော ငွေကျပ် ၄၀၉၅၀၀၀၀၀၀ (ငွေကျပ်သိန်းလေးသောင်းကိုးရာ ငါးဆယ်တိတိ)အား ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံလာရောက်ပေးအပ်ပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မီမီကျော် ၉/အမဇ(နိုင်)၀၁၆၆၆၀**
**၆၂ လမ်း၊ သိပ္ပံလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၆ယ/၆၉၅၇၇ Yamaha DT ယာဉ်လက်ဝယ်ရှိသူ ဦးနန့်ကျိုင်း ၁၃/မဖန(နိုင်)၀၀၁၉၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၄ဟ/၁၄၁၈ Anbo (သုံးဘီး)ယာဉ်လက်ဝယ်ရှိသူ ဦးအားဖွေ ၁၃/ကတန(နိုင်)၁၂၇၈၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်
ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည် ။
09-73077733 ☎01-682844
09-73077744 ☎01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း -၁ တိုးချဲ့၊ ဒဂုံတက္ကသိုလ်အနီး မြေတိုင်းရပ်ကွက်အမှတ် (၁၁၂)၊ မြေကွက်အမှတ် (၂၃)၊ ဧရိယာ ၂၁၁၁မ၄၂၉ ဧကအား အမည်ပေါက် ဦးနှင်းမောင်မောင်ထံမှ ဒေါ်ခင်အေးသိန်းမှဝယ်ယူခဲ့ပြီး၊ ဒေါ်ခင်အေးသိန်းထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးမြင့်နိုင် ၁၃/သပန(နိုင်)၀၄၁၆၂၂မှ အရောင်းအဝယ်စာချုပ်မိတ္တူများတင်ပြ၍ မြေချပါမစ်အား (ကိုယ်စား)ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့် | | | | | လျှောက်ထားသည့်ကိစ္စ |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | ကွင်း | ဦးပိုင် | ဧက | |
| ၁ | ဒေါ်ကြည်ကြည်ဝင်း | ပုသိမ် | ရပ်ကွက်(၁၅) | ၁၆၃-ဘီ | ၄၉-က ၇/၁ | ၀.၀၄ | မြေပေးမိန့် |
| ၂ | ဦးကျော်သူ | ပုသိမ် | ရပ်ကွက် (၃) | ၂၈ | ၅၂-ခ | ၀.၀၈ | ဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး၊ မူရင်းခွဲ) |
| ၃ | ဒေါ်မြတ်မြတ်မော် | ရွှေသောင်ယံ | ရပ်ကွက်(၃) | ၁၉၉၄ပြင် | အန်-၃၀၂/၁<br>အန်-၃၀၂/၂ | ၄.၆၄<br>၄.၆၅ | ဂရန်သစ် |
| ၄ | ဦးမိုးမြင့်အေး | ပုသိမ် | ရပ်ကွက် (၁၃) | ၅၂ | ဘီ-၆၄ | ၀.၁၁ | ဂရန်အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပျော်ဘွယ်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

ဦးကြည်အောင် **နှင့်** ၁။ ဦးစိုးမြင့်
၂။ ဒေါ်စိန်းရင်
၃။ ဒေါ်ကြည်ကြည်
၄။ ဦးကြည်မောင်
၅။ ဒေါ်ဆန်း
၆။ မဖြူဖြူဝင်း
၇။ မနန်းသီတာစန်း
၈။ မလှဲလှဲဝင်း
၉။ မလှဲ့လှဲ့သင်း
၁၀။ ကိုအောင်စိုးမိုး

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ငန့်ဇင်းကျေးရွာနေ မလှဲလှဲဝင်း၊ မလှဲ့လှဲ့သင်း(ယခုနေရပ်လိပ်စာမသိ)နှင့် ကလောမြို့၊ ခလရ(၃)နေ မဖြူဖြူအေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကြည်အောင်မှ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကသိရှိလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
**(ဂုဏ်ရည်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက် အကွက်အမှတ် (၁၆က/၁-ဃ) (အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၂၆၄)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အား ဂရန်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးမန်းရွှေ (MYG -၁၄၄၃၃၅)ထံမှ ဦးတင်မောင်ဦး ၁/မကန(နိုင်)၀၄၂၂၂၇က (၅-၂-၂၀၀၃)ရက်စွဲပါ မြေကွက်အရောင်းအဝယ်အရပ်စာချုပ်ဖြင့်လည်းကောင်း၊ ဦးတင်မောင်ဦးထံမှ ဦးမင်းသိန်း(ခ)မိုဟာမက်ဆာဒစ်က (၁၆-၁၁-၂၀၀၈)ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်ဆိုလွှာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ယခုအခါ ဖော်ပြပါမြေကွက်အား ဦးမင်းသိန်း(ခ)မိုဟာမက်ဆာဒစ်အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားမည်ဖြစ်ပါသဖြင့် မူလဂရန်အမည်ပေါက်သူနှင့်အခြားမည်သူမဆို ကန့်ကွက်လိုသူရှိပါက ယခုဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့နောက်ပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသိန်း(ခ)မိုဟာမက်ဆာဒစ်အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးမင်းသိန်း(ခ)မိုဟာမက်ဆာဒစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၂)**
**အမှတ် (၁၅၃)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၃၁၇၂၅၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ စွယ်တော်လမ်းမှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၁၈၀၈)၊ ဒေါ်လှလှဝင်း ၈/မကန(နိုင်)၀၅၀၄၅၀ (ဘ)ဦးကျော်လွင်အမည်ပေါက် နှစ်၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို ဦးမျိုးထွေး ၁၂/စခန(နိုင်)၀၅၅၇၉၁ (ဘ)ဦးခင်မောင်ဝင်းမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၅၃/၂၀၁၇ (၁၀-၈-၂၀၁၇) မှတ်ပုံတင်အရောင်းအဝယ် စာချုပ်တင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၅၆၂ Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွေးသိုက် ၆/ကစန(နိုင်)၀၄၁၈၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (နေပြည်တော်)**

## ဒေါ်သဇင်ငြိမ်း ၁၂/ဗဟန(နိုင်)၀၇၈၄၇၆နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်း ၁၂/မရက(နိုင်)၀၂၄၀၃၈နှင့် ဒေါ်သဇင်ငြိမ်း ၁၂/ဗဟန(နိုင်) ၀၇၈၄၇၆ တို့သည် ၂-၁၁-၂၀၀၁ ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြား၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သမီးတစ်ဦး ရရှိခဲ့ပါသည်။

ထိုသို့လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်သော ဒေါ်သဇင်ငြိမ်းအမည်ဖြင့် ဝယ်ယူခဲ့သည့်အမှတ် ၂၃၀၊ ပြည်ထောင်စုလမ်း၊ (၃/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC တစ်ထပ်တိုက်တစ်လုံး၊ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ နောင်လတ်ကြီးအုပ်စု၊ ဝေရူးအပိုင်းရှိ ကွင်းအမှတ် ၄၀၊ ဦးပိုင်အမှတ် ၈၈/၂/၃၊ ၀ ဒသမ ၂၂ ဧက၊ (၆၀×၁၆၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC တစ်ထပ်တိုက်တစ်လုံးတို့အပြင်အခြားရွှေ့ပြောင်းနိုင်သောပစ္စည်းများစွာတို့လည်း ပိုင်ဆိုင်ခဲ့ပါသည်။

ထို့နောက် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းနှင့် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းတို့(လုံးဝ) မပြုလုပ်ရန် ကြေညာအပ်ပါသည်။

**ဦးနေလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးဟိန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၃၀)**
**မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၅၃၂၂၅**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ် ၁၄/၃၄၊ ဘုရားလမ်းနေ ဦးတင်ဝင်း (ကွယ်လွန်)၊ ဒေါ်ခင်ညို (TGO-135602) တို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ညို၏သမီး ဒေါ်ဆွေဇင်ဦး ၇/တငန(နိုင်)၁၁၈၂၇၂သည်မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်အား နည်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်စိတ်ဆင်းရဲစေရန် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခြင်းစသည့် လုပ်ရပ်များအား ပြုမူပြီး ၄င်း၏သဘောအတိုင်း နေအိမ်မှ ထွက်ခွာသွားပါသောကြောင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ကြောင်း၊ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းဆင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၆)**
**သရက်တန်း၊ အုတ်တွင်းမြို့နယ်**
**ဖုန်း-၀၉-၇၉၃၀၆၅၃၂၂၊ ၀၉-၄၂၈၁၁၃၁၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် ၁၂/၁-က၊ ဦးပိုင်အမှတ် ၂၀၁၊ မြေချိန်ဧရိယာ ၀ဒသမ၁၈၃ဧကရှိမြေယာကွက်ကို ဦးထွန်းလှ (LWE-၁၀၆၇၇၂) အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၁၄၀/V၊ ၁၉၈၉-၁၉၉၀ဖြင့် နှစ်၃၀ သက်တမ်းရှိ မြေငှားဂရန်ရရှိထားရာ အဆိုပါမြေယာကွက်ကို ၁-၁၀-၂၀၀၀ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးအင်ဒေါင်လ ကလည်းကောင်း၊ ဦးအင်ဒေါင်လထံမှ ၂၄-၄-၂၀၀၃ရက်စွဲပါ နှစ်ဦးသဘောတူအိမ်နှင့်ဂရန်ခြံမြေယာ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ခေါန်ဂျာနှင့် ဒေါ်ရွှယ်ဂျားတို့ကလည်းကောင်း၊ ဒေါ်ခေါန်ဂျာနှင့် ဒေါ်ရွှယ်ဂျားတို့ထံမှ ၁၇-၃-၂၀၀၇ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ဂျင်ဖန်ဂျာနန်လုကလည်းကောင်း၊ ဒေါ်ဂျင်ဖန်ဂျာနန်လုထံမှ ၉-၁-၂၀၁၇ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အမှတ် (SNN-၂၆၈)၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့နေ ဒေါ်ထုဘူ ၁/ကမန(နိုင်)၀၁၄၀၂၈က အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးမြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၁၅၄/၂၀၁၇ဖြင့် မှတ်ပုံတင်၍ မြေငှားဂရန် အမည်ပြောင်းလျှောက်ထားသော မြေယာကွက်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ယခုကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထုဘူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၂၃၇၀)**
**အမှတ် ၆၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၂၅၅၈၈၂၁၅၀**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းနေ တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်နှင့် ရခိုင်ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကိုဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများကို အလစ်အငိုက် အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၉ ဦး ကျဆုံးပြီး လက်နက်

*စာမျက်နှာ ၉ ကော်လံ ၁* ❖

# အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း တိုက်ခိုက်

## ရဲတပ်ဖွဲ့ဝင် ရှစ်ဦး၊ ဒုလဝကမှူးတစ်ဦး ပေါင်းကိုးဦး ကျဆုံး၊ လက်နက်ငယ် ခြောက်လက်၊ လက်ကိုင်ဆက်သွယ်ရေးစက်တစ်လုံးဆုံးရှုံး၊ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမား ၁၆ လောင်း ရရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ရဲစခန်းတစ်ခုအား ဩဂုတ် ၂၅ ရက် နံနက် အရုဏ်တက်တွင် လက်လုပ်မိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်ခြင်းဖြင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက တိုက်ခိုက်မှုများ စတင်ပြုလုပ်လာခဲ့ရာ နေရာအများအပြားရှိ ရဲကင်းများ၊ ရဲစခန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်လာခဲ့သည်။ မောင်တောဒေသရှိ ရဲကင်းစခန်းများအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက နယ်မြေရဲစခန်းများအား လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များတွင် တမန်းသားစခန်းအား နံနက် ၄ နာရီခွဲတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

နံ့သာတောင်စခန်းအား နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲတပ်သားညီညီလွင် ကျဆုံးပြီး အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့သည်။ သဘော်ကွေ့စခန်းအား နံနက် ၃ နာရီ ၄၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့သည်။ ကျီးကျွန်းကင်းစခန်းအား နံနက် ၅ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားအင်အား (စိစစ်ဆဲ) မှ လာရောက်ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ စခန်းမှူးအပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့ပြီး နံနက် ၅ နာရီ မိနစ် ၅၀ တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❋



အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ရဲကင်းစခန်းများအား ဝင်ရောက်တိုက်ခိုက်သည့် မြေပုံ

